


သာသနာတော်၌ ထင်ရှားသော

# ဆရာတော်ဘုရားကြီး (၁၉) ပါး


## ဆရာဦးကျော်ထင်

ရေးသားပြုစုသည်


Digital Art By Antt Bwere (Stars)

ဘာသာရေးစာပေ ကြိုတင်ခွင့်ပြုချက်အမှတ် (၄၂၁/၂၀၀၄) (၇)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၄၀၁/၂၀၀၄) (၇)

ဆရာဦးကျော်ထင်

(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စာပေဖြန့်ချိရေး

အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၃၈၃၃၆၃)

အာသဝေါကုန်ခန်းသော

ရဟန္တာဆရာတော်ကြီးများဟု

ခေါ်ဝေါ်သမုတ်တော်မူကြသည့်...

# သာသနာတော်၌ ထင်ရှားသော ဆရာတော်ဘုရားကြီး (၁၉) ပါး

(ထေရုပ္ပတ္တိ)

ဆရာဦးကျော်ထင်

ရေးသားပြုစုသည်။

တစ်အုပ် - ၈၀၀ိ

၂၄၂၂၆

ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ (၁၀၀၀)

**မျက်နှာဖုံးပလင်ခွဲ**
STARS **မောင်အုံ့ဘွယ်**

**အတွင်းအော့ဖ်ဆက်ဖလင်**
ဦးအောင်တင်အေးနှင့် သမီးများ

**ကွန်ပျူတာစာစီ**
ဂျင်မိသောင်းကြူ

**စာအုပ်ချုပ်**
အေးစာအုပ်ချုပ်ဌာန

**မျက်နှာဖုံးပုံနှိပ်သူ**
ဒေါ်အေးသိန်း (၀၂၄၀၁) အေးအော့ဖ်ဆက်ပုံနှိပ်တိုက်
အမှတ် ၁၆၄၊ ၃၅ လမ်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးဝင်းမြိုင် (၀၂၄၈၆) သိဒ္ဓိမြိုင်ပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (၀၁၆၉၂) ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| လယ်တီဆရာတော်ဘုရားကြီး (၁၂၀၈-၁၂၈၅) | ၁ |
| လယ်ကီဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း | ၂၂ |
| ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး (၁၂၂၂-၁၂၈၈) | ၂၆ |
| ညောင်ပင်အိုင်တောရ ဆရာတော် (၁၂၈၃-၁၃၆၅) | ၃၅ |
| ဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး | ၄၁ |
| ဘုန်းတော်ကြီး ဦးသီလ (၁၁၉၄-၁၂၆၉) | ၄၈ |
| ပေါင်းတော်ချုပ် ဆရာတော်ကြီး | ၅၆ |
| ကသစ်ဝိုင် ဆရာတော် (၁၂၆၅-၁၃၂၇) | ၆၂ |
| သပိတ်အိုင် ဆရာတော် (၁၂၅၅-၁၃၃၁) | ၆၇ |
| နဲ့သမိန်ဆရာတော် ဦးကေသရ (၁၂၅၆-၁၃၃၃) | ၇၄ |
| သိမ်တောင် အင်းမကြီးတောရ ဆရာတော် (၁၂၃၇-၁၂၈၃) | ၇၇ |
| ရွှေသိမ်တောရ ဆရာတော် (ကန္တီ) (၁၂၂၄-၁၃၂၈) | ၈၀ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သေကျှတောင်ဆရာတော် ဦးတိလောက (၁၂၃၃-၁၂၉၉) | ၈၃ |
| သာမညတောင် ဆရာတော်ဘုရားကြီး (၁၂၇၄-၁၃၆၅) | ၈၇ |
| မိဂဒါရုံဆရာတော် (ပုသိမ်) (၁၁၉၄-၁၂၃၈)၉၃ | |
| ထွင့်ခေါင်ဆရာတော် (၁၁၆၀-၁၂၄၂) | ၉၈ |
| ပခုက္ကူ သံပုံစေတီတောရ ဆရာတော်ဦးကိတ္တ (၁၂၀၄-၁၂၈၈) | ၁၀၂ |
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ | |
| (၁၂၇၃-၁၃၅၄) | ၁၀၇ |
| ပြည်မြို့၊ ရတနာမာန်အောင် တောရဆရာတော်ဘုရားကြီး | ၁၁၅ |
| အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိ | |
| တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ | ၁၂၁ |

# လယ်တီဆရာတော်ဘုရားကြီး

## (၁၂၀၈–၁၂၈၅)

အညာဒေသ၏ နတ်တော်လ ဖြစ်ပေသည်။ ခိုက်ခိုက်တုန်အောင် ချမ်းအေးရသည့်အထဲ အချိန်အခါ မဟုတ်ပါဘဲနှင့် မိုးကြီးသည်းထန်စွာ ရွာသွန်းလျက် ရှိလေသည်။ ထစ်ချုန်း ဟိန်းဟောက်နေသော မိုးခြိမ်သံနှင့် တဒင်းဒင်း တလျှင်းလျှင်း ပစ်နေသော မိုးကြိုးသံ၊ မိုးကြိုးထစ်သံများသည် နားကွဲလုမတတ် ဆူညံလျက် ရှိလေ၏။ ထိုအချိန်သည်ကား ၁၂၀၈–ခုနှစ်၊ နတ်တော်လဆန်း (၁၃) ရက်၊ အင်္ဂါနေ့ ဖြစ်ပေသည်။ မိုးအနည်းငယ်စဲသွားသည်နှင့် လယ်တီ လောင်းလျာ မွေးဖွားမည့် အိမ်ခေါင်းရင်း ခေါင်တိုင်အခြေမှ အရောင်မျိုးစုံ ပါဝင်သော သက်တံအရောင်တန်းကြီးသည် အိမ်ခေါင်မိုးကို ထိုးဖောက်၍ တက်သွားလေသည်။ တစ်အိမ်လုံးလည်း ပြုနီပြာဝါ ရောင်စုံယှက်သန်း၍ နေလေသည်။ အိမ်နောက်ဘေး မန်ကျည်းပင်ကြီးတွင် စုပြုံ၍ ထောင်ထားသော ဝါးလုံးများထဲမှ ဝါးတစ်လုံးမှာလည်း တဟည်းဟည်း မြည်ဟိန်းကာ ကောင်းကင်သို့ ပျံတက်သွားလေသည်။ ထိုထူးခြားသော အတိတ်နိမိတ်များ ပြသနေစဉ်မှာပင် လယ်တီလောင်းလျာကို ဖွားမြင်တော်မူလေသည်။ အဖမှာ ဦးထွန်းသာဖြစ်ပြီး မိခင်မှာ ဒေါ်ကျုံးဖြစ်၏။

စပယ်ဦးစာပေ

ပို၍ထူးသည်မှာ မီးဖွားချိန်တွင် မိခင်တစ်ဦးတည်းသာ အိမ်မှာရှိနေခဲ့၏။ မိခင်ကြီးမှာ မွေးဖွားရသော ဒုက္ခဆင်းရဲကြောင့် သတိလစ်နေစဉ် မိခင်နှင့် ကလေးကို ဝတ်ဖြူစင်ကြယ်ဝတ်ထားသော သူတော်စင်ကြီးတစ်ဦးက အနီးတွင် စောင့်ရှောက်လျက် ရှိလေသည်။ ကလေးငိုသံကြောင့် အိမ်နားနီးချင်းများ၊ ဆွေမျိုးသားချင်းများ ရောက်လာတော့မှ လူသူတော်စင်ကြီးမှာ ပျောက်ကွယ်၍ သွားလေသည်။ ထူးခြားသော ပုဂ္ဂိုလ်ကြီးများတွင် အတိတ်ထူးနိမိတ်ထူးများနှင့် ယုံကြည်ရန် ခက်ခဲသော အကြောင်းအရာများက အမြဲတစေပင် ပါဝင်ဆက်နွယ် လျက် ရှိတတ်ပေသည်။ မွေးဖွားစဉ် အတိတ်ထူး နိမိတ်ထူးများကို အကြောင်း ပြု၍ သတို့သားငယ်၏နာမည်ကို မောင်တက်ခေါင်ဟု မှည့်ခေါ်လိုက်ကြလေ သည်။ သတို့သားငယ်သည် နူးညံ့သိမ်မွေ့သော လက္ခဏာနှင့် ပြည့်စုံပေရာ အသိအလိမ္မာလည်း ကြွယ်ဝလှပေသည်။

ရှစ်နှစ်သားအရွယ်တွင် ဖျောက်ပင်ကျောင်းဆရာတော် ဦးနန္ဒဓဇထံတွင် အပ်နှံ၍ ပညာသင်စေလေသည်။ ဆယ့်ငါးနှစ်သားအရွယ်တွင် ရှင်သာမဏေ ပြုသည်။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လှသောကြောင့် "ရှင်ဉာဏဓဇ" ဟု ဘွဲ့အမည်ပေးခဲ့၏။ ကိုရင်ဘဝဖြင့် သင်္ဂြိုဟ်ပိဋကတ်ကုန်သဖြင့် ဆရာ၏ ချီးကျူးမြှောက်စားခြင်းကို ခံရလေသည်။ ရှင်ဉာဏသည် သင်္ဂြိုဟ်ပိဋကတ် ကုန်သောအခါ စာဠ ငြီးငွေ့လာသဖြင့် လူထွက်ခဲ့လေသည်။

မိဘနှင့် ဆရာသမားတို့က ရှင်ဉာဏ လူထွက်သွားသဖြင့် ယူကျုံးမရ ဖြစ်ကြရ၏။ ကိုရင်လူထွက် ရှင်ဉာဏသည် ဖခင်ကြီးနှင့် လယ်ယာများကို ကူညီ၍ လုပ်လေသည်။ ဖျောက်ပင်ဆရာတော်သည် မိမိ၏ တပည့်အတွက် စိတ်မကုန်နိုင်ဘဲ ရှိလေသည်။ လယ်ယာလုပ်ငန်းကို ကြိုးကြိုးစားစား လုပ်ကိုင် နေသည်ကို မြင်ကြရသောအခါ စိတ်မကောင်းဖြစ်ကြရ၏။ သို့သော်လည်း ရှင်လူထွက်ကို ကျောင်းသို့ခေါ်ကြီး သင်္ကန်းပြန်ဝတ်ဝန် အကြိမ်ကြိမ် နားချ ကြ၏။ သို့သော် မောင်တက်ခေါင်က သင်္ကန်းပြန်၍ မဝတ်လိုတော့ကြောင်း အကြိမ်ကြိမ် တောင်းပန်လျှောက်ထားရာ ဆရာတော်များမှာ ကြံရာမရ ဖြစ်ကြရလေသည်။

စပယ်ဦးစာပေ

"သက်န်းဝတ်ကို ဒါလောက်တောင် စိတ်ကုန်နေရင် အတင်းအကြပ် မတိုက်တွန်းတော့ပါဘူး၊ ဒါပေမယ့် မင်းရဲ့ရုပ်ရည်နဲ့ အသိဉာဏ်ကတော့ ဒီလယ်လုပ်ငန်းနဲ့ မသင့်တော်ပါဘူး၊ တို့မိတ်ဆွေ ဦးဂန္ဓမာဟာ ပိဋကတ်နဲ့ ဗေဒင်အရာမှာ နှစ်ပါးမရှိဘူးကွယ့်၊ ဗေဒင်သင်ပါလား"

မောင်တက်ခေါင်သည် တစ်မိုးတွင်းလုံး နွားနှင့် ရုန်းခဲ့ရသော လယ်ယာလုပ်ကိုင်ရခြင်း၏ ဆင်းရဲကြမ်းတမ်းမှုကို ရရှိခဲ့ပြီးဖြစ်ပေရာ အသက်မွေးဝမ်းကြောင်းလွယ်ကူသော ဗေဒင်ပညာကို သင်ကြားပါတော့မည်ဟု သဘောတူရလေတော့သည်။ ထိုအချက်ကို ရိပ်မိသော မြင်ထင်ဆရာတော်သည် ပရိယာယ်တစ်ခု ထပ်မံ၍ သုံးကာ မောင်တက်ခေါင်အား ဤသို့ဆွဲဆောင်ခဲ့လေတော့သည်။

"အေး–တစ်ခုရှိတယ်၊ ဘုန်းကြီးဦးဂန္ဓမာဟာ လူဝတ်ကြောင်ကိုတော့ ပညာသင်မပေးဘူး၊ ဗေဒင်သင်ချင်ရင် သင်္ကန်းဝတ်မှ ဖြစ်မယ်၊ နောက်တော့လဲ မင်းသဘောပေါ့"

ချော့မော့သိမ်းသွင်းကာ မောင်တက်ခေါင်အား သာသနာ့ဘောင်သို့ အပိုင်သိမ်းသွင်းလိုက်လေသည်။ ရှင်ဉာဏသည် ရှစ်လမျှဖြင့်ပင် ဗေဒင်သင်ရိုးကို ဒိုးလိုမွှေနိုင်၍ ကျောင်းသို့ပြန်ကြွလာရာ တစ်စတစ်စ နားချကြသဖြင့် "ဗေဒင်သင်ပြီး လူထွက်မည်" ဟူသော အကြံကို လက်လျှော့လိုက်ရလေတော့သည်။ သို့ရာတွင် သာသနာ့ဘောင်တွင် နှစ်နှစ်ခြိုက်ခြိုက် ပျော်ပျော်ရွှင်ရွှင် မရှိလှသဖြင့် စိတ်ပြေလက်ပျောက်ဆိုသလို ဗေဒင်လင်္ကာများ၊ ရတုကဗျာများ ရေးစပ်ခြင်းဖြင့် အချိန်ကုန်ခဲ့လေသည်။ ထီးဟန် နန်းဟန်ပါ၍ ကျော်ကြားလှသော "မဟော်ကျေးစေ ရတု" ကို ကိုရင်ဘဝမှာပင် ရေးစပ်သီကုံးခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် ၁၂၂၈–ခုနှစ်၊ ကဆုန်လဆန်း (၇) ရက်နေ့တွင် မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိခဲ့လေတော့သည်။ ဦးဉာဏဓဇသည် ရဟန်းဘဝဖြင့် ရတနာပုံမန္တလေးရွှေမြို့တော်သို့ စာသင်ကြွမည်ဟု အားခဲထားခဲ့လေရာ ၎င်းနှစ်မှာပင် မြင်ကွန်းအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သဖြင့် မိမိအရပ်တွင်သာ ဝါကပ်နေခဲ့ရ၏။ မိမိအရပ်ကျောင်းတွင် နေစဉ်အတွင်း ကျောင်းရှိ စာတိုက်

ဗိရိုကြီးငါးလုံးမှ နိသသယ မြန်မာပေထုပ်များနှင့် လက်လှမ်းမှီသမျှ တခြားသော ကျောင်းများမှ ပေစာများကိုပါ မှတ်သား ဖတ်ရှုခွင့်ရခဲ့လေသည်။

၁၂၂၉–ခုနှစ်၊ နယုန်လတွင် ဆရာများကို ခွင့်ပန်၍ မန္တလေးနေပြည်တော်သို့ စာသင်ရန် ထွက်ခဲ့လေတော့သည်။ ရထားလမ်း၊ ကားလမ်း လုံးဝ မရှိသေးသော ထိုခေတ်က လယ်တီလောင်းလျာ ဦးဉာဏသည် စာပုလွေဖြင့် ရစ်ပတ်ထားသော ပေထုပ်နှစ်ထုပ်၊ သင်္ကန်းအပိုတစ်စုံကို ထမ်း၍ သပိတ်လွယ်ကာ ခြေလျင်ခရီး ကြွချီတော်မူရလေသည်။ မိမိဇာတိ စိုင်ပြင်ရွာမှ အလုံ၊ မုံရွာ၊ ထိုမှ ချောင်းဦး၊ ထိုမှတစ်ဆင့် စစ်ကိုင်းတောင်သို့ ခြေလျင်ကြွခဲ့လေသည်။ စစ်ကိုင်းသို့ရောက်သောအခါ လှေကြုံစီး၍ မန္တလေး နေပြည်တော်သို့ လိုက်ပါခဲ့ရလေသည်။ မန္တလေး နေပြည်တော်သို့ရောက်သောအခါ ကျောင်းတိုက်ပေါင်း လေးရာကျော် ရှိပေရာ မဟာဇောတိကာရာမခေါ် နေပြည်တော် မြောက်ပြင်ရှိ မင်္ဂလာစံကျောင်းတော်ကြီးသို့ ထိုနှစ်ဝါဆိုအမီ ရောက်တော်မူလေသည်။ ကျောင်းတော်ကြီး၏ ထုံးစံအတိုင်း ‘ဒွေမာတိကာ’ ပြန်ဆိုနိုင်မှ နေထိုင်သီတင်းခွင့်ရရှိခဲ့ပေရာ ခရေပင်ကျောင်းမှာပင် နေရာရရှိခဲ့၏။ ထိုနေရာမှာ သံဃာအများ သွားလာဝင်ထွက်ရာ ရေအိုးစင်အနီး ဖြစ်ပေရာ ရေစိုရွှဲပြီး အမြဲတမ်း သည်းခံရလေသည်။

ဆရာတော်ကြီးက ဦးဉာဏဓကို “ဉာဏာဘိဝံသ” ဟု နာမည်သစ်ပြောင်း၍ မှည့်ခေါ်ခဲ့၏။ ဆရာတော်ကြီးက မိမိထံတွင် လိုက်ဝါနှင့် တက်စေ၍ လက်ရုံးတပည့်ဖြစ်သော စလင်းဦးပဏ္ဍိစ္စထံတွင် ဆိုဝါနှင့် စာတက်ရန် အပ်နှံပေးလေသည်။ ဦးဉာဏ မန္တလေးနေပြည်တော်သို့ ရောက်ရှိပြီး မကြာမီပင် ပဋ္ဌမသင်္ဂါယနာတင်ချိန်နှင့် ကြုံကြိုက်လေတော့သည်။

ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခုအနေဖြင့် ရွှေနန်းတော်ကြီးအတွင်းရှိ ဗြဲတိုက်တော်တွင် ရဟန်းရှင်လူ မင်း၊ မိဖုရား၊ ပရိသတ်၏ ရှေ့မှောက်၌ “အဘိဓမ္မကထာ ဝတ္ထုကျမ်းကြီး”ကို အာဂုံပြန်နိုင်ခဲ့လေသည်။ ထိုသို့ အာဂုံပြန်နိုင်ခဲ့သဖြင့်လည်း ဦးဉာဏ၏ ဉာဏ်ရည်ဉာဏ်သွား သတင်းသည် မင်း၊ မိဖုရား၊ မှူးမတ်များအကြားတွင် သင်းပျံ့ကျော်ကြားစ ပြု၍လာလေသည်။

၁၂၃၉–ခုနှစ်၊ ရဟန်းဝါ ဆယ်ဝါရသောအခါ စာသင်သားဘဝ မဟုတ်တော့ဘဲ စာချဆရာတော်ကလေး ဖြစ်၍ လာတော့သည်။ စာတော်ချများအား ဘုရင်မင်းမြတ်က ပထမ၊ ဒုတိယ၊ တတိယ ခွဲ၍ ဆွမ်းဆန်တော် ငါးတင်း၊ လေးတင်း၊ သုံးတင်း စသည်ဖြင့် ခွဲခြား၍ ထောက်ပံ့လေသည်။ ဦးဉာဏသည် ပထမ စာတော်ချ ဖြစ်တော်မူခဲ့လေသည်။ အားလပ်သောအချိန်များတွင် ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ကင်းဝန်မင်းကြီး စသော နေပြည်တော်ရှိ ပညာရှိများထံတွင် စာပေအရေးအသားနှင့် ပတ်သက်၍ ဆွေးနွေးနည်းယူလေ့ ရှိလေသည်။

သီပေါမင်းတရားကြီး နန်းတက်ပြီးနောက် ဦးဉာဏ မန္တလေးနေပြည်တော်မှ ထွက်ခွာရန်အကြောင်းများ ပေါ်ပေါက်၍ လာလေသည်။ တိုင်းရေးပြည်ရေးနှင့် နန်းတွင်းရေးများ မငြိမ်မသက်သော အကြောင်းများက ဖန်တီး၍ လာလေသည်။ ထိုစဉ်ကာလအတွင်း မန္တလေးနေပြည်တော် အာဏာစိုးတန်းရပ်မှ စတင်၍ လောင်ကျွမ်းသော မီးကြီးသည် ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးများ၏ နေအိမ်များ၊ တရားရုံးများပါ လောင်ကျွမ်းရုံမျှမကဘဲ ကျောင်းရံပေါင်းလေးဆယ့်ခြောက် ကျောင်းရှိသော စံကျောင်းတိုက်ကြီးပါ မီးသင့်လောင်ခြင်းခံရလေရာ ပြာအတိ ဖြစ်ခဲ့၏။ ဦးဉာဏ နမြောဆုံးမှာ တစ်ဆယ့်ခြောက်ဝါတိုင်တိုင် စုဆောင်းသိမ်း ဆည်းထားသော ပိဋကတ်မှတ်စုများ၊ ပုရပိုက်များအားလုံး မီးထဲသို့ ပါသွားခြင်း ဖြစ်ပေ၏။

ဦးဉာဏသည် စံကျောင်းဆရာတော်ဘုရားကြီးကို ကန်တော့၍ နောက်ပါသံဃာတစ်ကျိပ်ကျော်နှင့်အတူ ထိုနှစ်တပို့တွဲလမှာပင် ဆယ့်ခြောက်နှစ်လုံးလုံး မန္တလေးနေပြည်တော်တွင် နေခဲ့ရာမှ စိုင်ပြင်ရွာသို့ပြန်ကာ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံခဲ့ပြီး မုံရွာမြို့သို့ ပြန်လာခဲ့လေသည်။ ဦးဉာဏသည် မြို့တွင်း၊ ရွာတွင်း၊ ကျောင်းတွင် နေရသည်မှာ ငြီးငွေ့လှသဖြင့် မုံရွာမြို့ မြောက်ဘက်တောထဲတွင် ဝါးထရံကာ ကျောင်းကလေးဆောက်ကာ ၁၂၄၅–ခုနှစ်၊ ဝါကပ်တော်မူ၏။

ဂါကျွတ်လျှင် ပွဲစားကြီးဦးဝိုင်းက မုံရွာမြို့ (လေ့ကျူးရပ်တောင်ပိုင်း) ကျောင်းတစ်ဆောင်ဆောက်၍ လှူလေသည်။ စာသင်သားတပည့်ရဟန်းများ

ကလည်း ဦးဉာဏနောက်မှ ထက်ကြပ်မကွာ လိုက်ပါ၍နေကြလေသည်။ တပည့်များအား စာပေပရိယတ္တိများ သင်ကြားပို့ချခြင်း စာရေးခြင်းတို့ဖြင့်သာ အချိန်ကုန်ခဲ့လေသည်။

၁၂၄၇–ခုနှစ်တွင်ကား ကြိမ်မီးအုံးသည့်နှယ် တစ်ပြည်လုံး ပူဆွေးကြရသောနှစ် ဖြစ်ပေသည်။ အကြောင်းသော်ကား အင်္ဂလိပ်မျက်နှာဖြူများက မန္တလေး နေပြည်တော်ကြီးကို သိမ်းပိုက်ကာ သီပေါဘုရင်မင်းမြတ်နှင့် မင်း၊ မိဖုရားများကို နန်းချလိုက်လေတော့သည်။ ဦးဉာဏမဇေသည် ရောက်လေရာတွင် သံဃာတော်များ ချမ်းသာစွာ သာသနာ့ဝန်ထမ်းဆောင်နိုင်ကြစေရန် ကုဋီသန့်ရှင်းခြင်း၊ တံမြက်လှည်းခြင်း၊ ရေခပ်ခြင်းများကို ဆောင်မြဲဆောင်တော်မူလေသည်။

ထို့ပြင် မုံရွာမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား နှစ်ဆူဖြစ်သော ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ရွှေစည်းခုံစေတီတော်များကို ချောက်များ၊ ကျင်းများကို ဖို့ခြင်း၊ တံမြက်စီးလှဲခြင်းစသည့် စေတီယင်္ဂဏဝတ်ကိုလည်း မလစ်ဟင်းရပေ။ အင်္ဂလိပ်များ မုံရွာမြို့ကို လာရောက် အုပ်ချုပ်သောအခါတွင်မှ အနောက်နိုင်ငံသားတို့ ထုံးစံအတိုင်း မုံရွာမြို့တွင် သားသတ်ရုံများ ဖွင့်၍ နွားများကို အတိအလင်း သတ်ဖြတ်ကြလေတော့သည်။ ထိုအခြင်းအရာကို တွေ့ရသော လယ်တီဆရာတော်သည် တရားဟော၊ စာချ နိဗဒ္ဓဝတ်များ ဆောင်ရွက်နေသည့်ကြားက ကျောင်းနေ ဦးပဥ္စင်းများက စ၍ နွားသားရှောင်ကြဉ်ရေးကို ဆောင်ရွက်တော်မူသည်။ ထိုမျှသာမက 'နွားမေတ္တာစာ'များ ရေးကာ နွားသား ရှောင်ကြဉ်ရေးကို စတင်ဆောင်ရွက်တော်မူလေသည်။ နွားများ၏ အသားများကို မစားကြရန် တေးထပ်များ၊ ဒွေးချိုး၊ လေးချိုး၊ ကဗျာများဖြင့် ရေးသားလှူဆော်တော်မူလေသည်။ ဤသို့ လယ်တီဆရာတော်ဦးဉာဏ လှူဆော်သဖြင့် မြန်မာတစ်ပြည်လုံးတွင် နွားသားမစားသူများ မြောက်မြားစွာ ပေါ်ထွက်ခဲ့လေသည်။ မြောက်မြား လှစွာသော နွားမေတ္တာစာများမှ မေတ္တာစာတစ်ပုဒ်ကို ထုတ်နုတ်၍ တင်ပြပါမည်။

"ခတ်လေ စုံလွင်သာ၊ မင်္ဂလာသမိုက်၊ အလုံမြို့အောက်တိုက်ဝယ်၊ သိုက်မြိုက်သည့်ဌာန၊ မုံရွာမြို့ဒေသဟု ပါကဋကျော်ညာသော ရွာမဟော

ရပ်ကြီးက၊ နတ်တီးသည် စည်မရှိးကဲ့သို့ ရှည်အကျို ဖြစ်ပွားရန်၊ တရားရင်းသုတ္တန်ကို၊ ထုတ်ပြန်ကာ၊ လင်းလိုက်မည်၊ နားသွင်း၍ ထောင်ကြပါ၊ ခေတ်ကာလ ယခု၊ ဖြစ်လာရ အမှုမှာ၊ ဘယ်သူ့ကို ကိုးစား၊ ဘယ်သူ့ကို ငြိုးထားမည်၊ ရှိးမှားလို့မသင့်၊ စဉ်းစားဖို့အခွင့်မှာ၊ ချိန်သင့်ကာ မှန်းမည်ဟု၊ တစ်တိုင်းလုံးကြမ္မာ၊ ဝိပါက်ရင်းပါသောကြောင့်၊ သာကီနွယ်သိန်းခြောက်သောင်း၊ ဆွေတော်များအပေါင်းတို့၊ သူမကောင်း မိစ္ဆာဉာဏ်၊ ဝိဋူဍူဘ ဘေးရန်ကြောင့် ကျွမ်းပြန်အောင် ပျက်ပြားရာ၊ မြတ်ဘုရားဘုန်းလှိုင်လည်း၊ ကိုယ်တော်တိုင်မားမား၊ သုံးကြိမ်တိုင် ကြွသွား၍၊ သာကီဝင် တစ်ပြည်လုံးကို ဖျက်မှန်းမည့် ကံသစ်ကြောင့်၊ စစ်ရဲမက်ဗိုလ်ပါနှင့် မြစ်ဂင်္ဂါရေစခန်းတွင် ပရမ်းပတာ ပျက်ပြားပြီး ငါးလိပ်တို့အစာ ဖြစ်ဖူးသည့်ကျမ်းစာ၊ ဒေသနာအထွက်နှင့် ချိန်စက်ကာ ယူရလျှင်၊ ပျက်သူမှာ ဖြစ်လမ်း၊ ဖျက်သူမှာ နစ်မွမ်းဖို့ စခန်းဆိုက် လေသည်။"

စသည်ဖြင့် ဝိဋူဍူဘဇာတ်တော်လာနှင့် နှိုင်းယှဉ်၍ ရေးသားထားလေ သည်။ လူတို့နှင့် စီးပွားဘက် နွားများအပေါ် ဗြဟ္မစိုရ်တရားလက်ကိုင်ထားကာ သနားညှာတာဖို့ တိုက်တွန်းထားလေသည်။ ထို့ပြင် နွားများက လူသားများကို စေ့စေ့ကြည့်ကာ ပြောပြနေသည့်ပမာ ဆရာတော်ဘုရားကြီး၏ မေတ္တာစာ ရေးသားချက်ကို ဤသို့လေ့လာနိုင်ပါသည်။

"လူတို့လို တီတီတာတာ မပြောတတ်ရာကြလို့၊ ငုတ်တုတ်သာ မပြန်မလှန်၊ ပြုသမျှခံရသည်၊ ဋ္ဌာန်ကရိဏ်းပြတ်သား၊ နှုတ်လျှာများ တတ်အားလျှင်၊ နွားတို့ ဘာဆိုရန် ခွင့်ရှိသည် အမှန်မှာ၊ မြန်မာနှင့် ကုလား၊ နှစ်တိုင်းပြည်သားတို့ ဖြစ်ပွားသည့်တွက်တာသည့် ငါတို့မှာ သေတ္တု အကုန်လုံးစုချေသည်၊ သူတို့ဘေး သူတို့ဘိုး သူတို့နွယ်တစ်ရိုး၊ တစ်မျိုးလုံး တစ်ဆွေလုံး သူတို့တိုင်မဆုံး၊ တို့တစ်တွေ ပခုံးမှာ၊ မီး ဟုန်းဟုန်းထ,မတတ်၊ တို့လုံ့လ၊ တို့စွမ်းအင်၊ တို့အပင်ပန်းခံနိုင်လို့၊

ဆန်စပါး ပြောင်း နှမ်း၊ ဘူး ခရမ်း ပဲအမျိုးမျိုး၊ မြေပြင်လုံး မောက်ဖြိုးအောင် တိုးတက်သည့်ဘဏ္ဍာနှင့် လိုရာတိုင်းပြည့်စုံ၊ ကုံလုံကြွယ်ဝ အသီးသီး ကျောင်းကြီးဆောက် ဘုရားတည်၊ တစ်တိုင်းလုံးကြွယ်သည်မှာ အဘယ်သူ့အရင်းဟု စဉ်းစားဖွယ်မရှိ၊ ထင်အလင်းသိပါလျက်၊ သတိပင်မပေါ်၊ ကျေးဇူးကိုမမျှော်၊ စိတ်အချော်တိမ်းပါး၊ မိတ်မတော် စိမ်းကားလျက်၊ တို့အသား တို့အသည်း၊ တို့အဆီရွှဲရွှဲကို၊ ထမင်းပွဲအလယ်၊ အနှင့်သား တည်ပြီးလျှင်၊ ရယ်ကာ ပြုံးကာနှင့်၊ အရသာခံစား၍၊ လင်မယားတစ်တွေ၊ မြှို့ကြသည့်အနေမှာ၊ မြိန်နိုင်ပေ့ သူတို့ကိုယ်၊ မြို့ရက်ပေ့ သူ့ခံတွင်း၊ တို့လုပ်သည့် ထမင်းကို၊ တို့ဟင်းလျာအသားနှင့်စားကြသည့်ဖြစ်နဲ့ကို၊ တို့အသည်း နာလိုက်ကဲ့၊ ကမ္ဘာဦး စတင်၊ ထက်ကာရှိ ယခင်က ချေသမင် တောသား လူများကို ထုံးစံ၊ တိရစ္ဆာန်စရိုက် တို့ဘာသာတစ်သိုက်၊ အလိုက်မှားနေခဲ့ကြလျှင်၊ မသေပီစပ်ကြား၊ အိပ်ချင်အိပ်၊ စားချင်စား၊ သွားချင်သွား၊ လာချင်လာ၊ အပုံကြီးချမ်းသာမည်၊ ယခုမှာလားလား၊ အဓမ္မလူသားနှင့် စီးပွားတူ ချမ်းသာဘက်၊ ခိုမိသည့်အတွက်ကြောင့်၊ တက်တက်ကြီး အကုန်မှား၊ ငါးပါးမှောက်၊ ခြောက်ပါးမှောက်၊ မှားသလောက် မပြောသာ၊ သက်ခန္ဓာရှိစဉ်လည်း၊ မချိအောင်စေစား၊ တို့ကိုယ်ကောင် တို့အသားကို၊ ဟင်းတစ်ပါး သတ်၍လုပ်၊ ဘယ်သင်းက ဟုတ်သေးသတုန်း၊ ယုတ်မာသည့်ဖြစ်လား၊ သည်လောက်တောင် ရိုင်းပြားသည့်၊ လူသားတို့လက်ထဲတွင် ဖွဲပြောင်းရိုးမြက်ရေ၊ စားသုံး၍နေရသည့်ထက် တောကျားတွေ ပါးစပ်မှာ ခေါင်းဖြတ်၍ သေရခြင်းသည် အလွန်အမင်း မြတ်သေး၏။"

စသည်ဖြင့် နွားက လူကို စေ့စေ့ကြည့်၍ ရန်တွေ့နေသည့် သဘောဖြင့် ရေးသား ဖြန့်ဝေတော်မူခဲ့လေသည်။ အထက်အောက်အနှံ့ မြန်မာတစ်ပြည်လုံးသို့ နွားမေတ္တာစာ သန်းထောင်ပေါင်းများစွာ ရိုက်နှိပ်ဝေငှခဲ့ရာ နွားသားရှောင်ကြဉ်သူများ မြောက်မြားစွာ ပေါ်ထွက်ခဲ့လေသည်။ ဤကား ဆရာတော်ဘုရားကြီး၏ နွားမေတ္တာစာ ကလောင်စွမ်းအားဖြစ်ပေသည်။

စပယ်ဦးစာပေ

တစ်နေ့သ၌ ဥပုသ်သည် သုံးလေးယောက်ကို ခေါ်ကာ မုံရွာမြို့ အရှေ့မြောက် တောစပ်ဆီသို့ လမ်းလျှောက်ထွက်ခဲ့ကြလေသည်။ ထိုတောမှာ လယ်ယာလုပ်ကိုင်၍ မရသော ဖုန်းဆိုးတောဖြစ်၏။ ဇောင်ချမ်း၊ မိုးနံ၊ ဇီး၊ ထနောင်း၊ ခံပင်များ ပေါက်ရောက်ရာ နေရာဖြစ်သည်။ လယ်ပျက်၊ ယာပျက်၊ ကျတ်တီးကုန်းဖြစ်၏။ ကျားလျှာပင်များ၊ ဆူးချုံများနှင့် ရောပြွမ်းပေါက်ရောက်သော နေရာဖြစ်ပေရာ မြွေဆိုးများ ပေါများသော တောဖြစ်ပေသည်။ လယ်တီတောဟု ခေါ်ကြ၏။

ဦးဉာဏသည် လယ်တီတောကို လှည့်လည်ကြည့်ရှုကာ တောရဆောက်တည်လောက်သော ဒေသဖြစ်၍ ဤနေရာမှာပင် တောရဆောက်တည်ရန် ဆုံးဖြတ်လိုက်လေသည်။ အကိုင်းအခက်ဝေဆာသော ဇောင်ချမ်းပင်ကြီးတစ်ပင် အောက်တွင် ဒကာများအား ရှင်းလင်းခိုင်းပြီး "ကဲ—မင်းတို့ပြန်ကြပေရော့၊ ယခု ငါလာတာ လမ်းလျှောက်ရုံမဟုတ်ဘူး၊ တောထွက်လာတာ ဖြစ်သည်" ဟု မိန့်တော်မူလေရာ ပါလာသော ဒကာများ အံ့အားသင့်ကုန်ကြတော့သည်။

"ဘုန်းကြီးဘုရား၊ ဒီတောဟာ လူသတ်ကုန်း၊ နွားသတ်ကုန်းဖြစ်ပါတယ်၊ တစ္ဆေသရဲနှင့် သားရဲတိရစ္ဆာန်အလွန်ပေါပြီး တောကြမ်းလို့ ဘယ်သူမှ တောင်ယာ မလုပ်ဝံ့တဲ့တောလဲဖြစ်ပါတယ်၊ ဘုန်းကြီးတစ်ပါးတည်းလဲ နေလို့ မသင့်တော်ပါဘုရား" ဟု လျှောက်ထားကြရာ—

"အေး—အေး—ကိစ္စမရှိပါဘူး၊ ငါ့မှာလက်နက်ရှိပါတယ်၊ နေဝင်တော့မယ်၊ မင်းတို့သာ ပြန်ကြပါ"

ဆရာတော်ဘုရားက ပြန်ကြရန် နှင်သော်လည်း ဒကာများမှာ တစ်ပါးတည်း မထားရက်နိုင် ဖြစ်နေကြရ၏။

"သီလကိုသာ ကြိုးစားဆောက်တည်ကြ၊ သီလသာ စင်ကြယ်ရင် အလိုရှိရာ အားလုံးပြီးတယ်၊ ရဟန်းတော်များ ပစ္စည်းလေးပါး ပေါများချင်ရင်၊ လူများလဲ စီးပွားဥစ္စာ တိုးတက်ချင်ရင်၊ သီလကိုပဲ ဖြည့်ကြဖို့ ဘုရားက တိုက်ရိုက်ဟောတော်မူတာ၊ ဒါတွင်မကဘူး၊ ဘေးအန္တရာယ် ကာကွယ်တာက အစ နိဗ္ဗာန်အထိရောက်နိုင်တာ သီလပဲ ရှိတယ်၊ ကဲ—ကဲ—သွားကြတော့"

ဆရာတော်ဘုရား၏ မိန့်ကြားချက်ကြောင့် ဥပုသ်သည် ဒကာများ လက်လျှော့၍ ပြန်ခဲ့ကြရလေတော့သည်။

ဦးဉာဏသည် တဖောင်းပင်အောက်တွင် သားရေနွယ်ကို ခင်း၍ ကျေနပ်မှုတရားပီတိဖြင့် နေတော်မူခဲ့၏။ နေလုံးကြီး ကွယ်ခဲ့လေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မှောင်ရီးပြိုးစပြု၍လာပေပြီ။ ဦးဉာဏသည် သုံးထည်သော သင်္ကန်းမှအပ အပိုမပါခဲ့။ တရားပီတိဖြင့်သာ ချမ်းအေးသော ရာသီဥတုဒဏ်ကို ခံနိုင်ခဲ့ပေသည်။ နေဝင်သည်နှင့် တစ်ပြိုင်နက် ဘုရားဝတ်တက် ပရိတ်ရွတ် အမျှဝေ မေတ္တာပို့တော်မူသည်။ ညဉ့်က နက်သည်ထက် နက်၍လာရာ အအေးဒဏ် ပိုလာသည်နှင့်အမျှ အနံ့ဆိုးရွားလှသော အပုပ်နံ့များကလည်း နံစော်၍ လာသည်။ အမှောင်ထုအတွင်းမှ မပီမသ ဝိုးတဝါး စကားပြောနေကြသော အသံများကိုလည်း ကြားနေရ၏။ ထိုအခါ တောစောင့်နတ်၊ တောင်စောင့်နတ်များကို တိုင်တည်၍ တစ္ဆေ၊ မြေဖုတ်၊ ပြိတ္တာ၊ အ,မနုဿများကို မိတ်ဖွဲ့တော်မူ၏။

ပထမဆုံး အရှေ့အရပ်ကို မျက်နှာမူ၍ "အရှေ့အရပ်၌ ရှိသော ပေတယက္ခအပေါင်းတို့၊ ငါသည် ဤတော၌ သင်တို့၏ မိဘဆရာ ဆွေမျိုးအရာတည်၍ သာသနာတော်၏အကျိုး၊ သတ္တဝါများ၏အကျိုးကို ဆောင်ရွက်ရန် လာရောက်နေထိုင်ခြင်းဖြစ်သည်။ သင်တို့ကလည်း မိဘဆရာ ဆွေမျိုးအရာတည်၍ တစ်စုံတစ်ရာ နှောင့်ယှက်ခြင်း မပြုဘဲ အေးချမ်းစွာနေကြရမည်ဟု မိတ်ဖွဲ့၍ အမိန့်တော်ပြန်လိုက်၏။ ကျန်သုံးမျက်နှာကိုလည်း ဤအတိုင်းပင် တိုင်တည်လိုက်လေသည်။ ထိုသို့ မိတ်ဖွဲ့ပြီး မေတ္တာပွားများလိုက်ရာ အပုပ်နံ့ပေးခြင်း၊ ခြောက်လှန့်ခြင်းများ အလျဉ်းမရှိတော့ပေ။ ချမ်းသာစွာ တရားရှုမှတ်နိုင်လေတော့သည်။

နံနက်မိုးလင်းလျှင် လင်းခြင်း ဒကာများ ရောက်ရှိလာကြ၏။ ဦးဉာဏကား တဖောင်းပင်ကြီးအောက်တွင် ချမ်းသာစွာ ထိုင်လျက် ရှိလေသည်။ "ဒီတောဟာ အလွန်ကြမ်းပါတယ် ဘုရား၊ သီတင်းသုံးလျှင်လဲ အဖော်သံဃာများနှင့် သီတင်းသုံးပါ ဘုရား"ဟု ဝိုင်းဝန်း လျှောက်ထားကြလေသည်။ "မင်းတို့

လေ့ကူးတော (မုံရွာမြို့) လောက် မကြမ်းပါဘူးကွ၊ ဘယ်လောက်ပဲ ကြမ်းကြမ်း ဘုရားစကား နားထောင်ရင် ရန်သူမရှိပါဘူး၊ အဖော်လဲမလိုပါဘူး၊ တောနေ ရဟန်းတွေအတွက် အကောင်းဆုံး လက်နက်ကတော့ သီလစင်ကြယ်အောင် နေပြီး မေတ္တာပွားနေရင် နေမှု စားမှုအတွက်ရော၊ ဘေးအန္တရာယ်အတွက်ရော ပူပန်စရာ မလိုပါဘူး၊ မြတ်စွာဘုရားက သံယုတ်ပါဠိတော်ကြီးမှာ မေတ္တာ ပွားနေတဲ့ ပုဂ္ဂိုလ်ကို မြည့်နေအောင်ထက်တဲ့ နှစ်ဘက်သွား လှံနဲ့တူတယ်လို့ ဟောထားတယ်၊ အဲဒီလှံသွားကို ချိုးမယ်၊ ခေါက်မယ်၊ လိပ်မယ်ဆိုရင် လုပ်တဲ့ သူသာ 'ရှ'မှာပဲ၊ ဒါကြောင့် မေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်ကို ဘယ် အ,မနုဿကမှ မထိရဲဘူး၊ ထိရင် ထိတဲ့သူပဲ ဒုက္ခရောက်မှာပဲ"

"ကဲ–ကဲ–ဆွမ်းခံဝတ်က ရှိသေးတယ် ပြန်ကြပေရော့" ဟု ဖွတ်နှင်လေ တော့ရာ ဦးဝိုင်းတို့လူစုမှာ လက်လျှော့ကာ ဝါးကပ်မိုး တစ်ခန်းကျောင်းကလေး ကို နေ့ချင်းပြီး စီမံဆောက်လုပ်ကြရလေသည်။ လယ်တီတောသည် ထိုခေတ်က အိမ်ခြေ ယာခြေ လုံးဝ မရှိ၊ တောခေါင်ရသည့်အထဲ အခြောက်အလှန့်ကလည်း ထူပြောလှသည်ဟု ပြောစမှတ်ပြုကြရသော တောဖြစ်ပေသည်။ ဦးဉာဏခေါ် လယ်တီဆရာတော်ကိုယ်တိုင် တောကျွေးဝတ်ကို အခါအားလျော်စွာ ပြုလုပ် ခဲ့ရ၏။ ညအခါမဲ့တွင် ခွေးများ အူလျှင် အ,မနုဿများ အစာတောင်းသည် ဟုပင် ယူဆထားကြ၏။ ထိုအခါ တောကျွေးပြုကြရ၏။ ငှက်ပျောဖက်ပေါ်တွင် ထမင်းနှင့် အမဲဟင်းလျာကို ပုံ၍ ကျွေးကြရလေသည်။ နေဝင်စ အချိန်တွင် ကျွေးကြရခြင်းဖြစ်၏။ အ,မနုဿများသည် ခွေးတစ်ကောင်ကောင်ကို ပူးဝင်၍ စားကြသည်ဟု ယူဆကြလေသည်။

ယခင်က ကျောင်းတွင် ကျန်ရစ်ခဲ့သော သံဃာတော်များသည် သုံး လေးပါး ဆရာတော်ဘုရားကြီးနှင့် လာရောက်နေထိုင်ကြလေသည်။ ဒကာ၊ ဒကာမများကလည်း ကျောင်းများ ဆောက်လုပ်လှူဒါန်းကြပြန်၏။ ထိုအခါမှ စ၍ ကြီးမားသော လယ်တီကျောင်းတိုက်ကြီး ပေါ်ပေါက်လာလေတော့ သည်။

## နွားတရား

ဆရာတော်ဘုရားကြီးသည် အရက်သေစာသောက်စားခြင်း၊ အလောင်းအစားပြုခြင်း၊ ထီထိုးခြင်းများကို လွန်စွာရွံမုန်းတော်မူလေသည်။ ထို့ကြောင့်လည်း မေတ္တာစာများ ရေးသားဆုံးမတော်မူခဲ့သည့်အနက် နွားသား ရှောင်ကြဉ်ရေးအတွက် နွားမေတ္တာစာများကို ထိပ်ဆုံးမှ ရေးသားကာ မြန်မာပြည်ထက်အောက်အနှံ့ ဖြန့်ဝေတော်မူစေလေသည်။ နွားသားရှောင်ကြဉ်ရေး၊ နွားမေတ္တာစာသည် စာရွက်ရေပေါင်း သန်းပေါင်းများစွာရှိပေသည်။ တစ်ခါက မန္တလေးမြို့မြောက်ပြင်သူရဲဈေးတွင် ဆရာတော် တရားဟောစဉ် လူည်းများဖြင့်ပင် လာရောက်နာထောင်ကြလေသည်။ ထိုတရားပွဲတွင် လှည်းသမားတစ်ယောက်က ပရိသတ်အစွန်မှနေ၍ "နွားသားစား ဘာဖြစ်သလဲ၊ ဘုရားက မဟောခဲ့တာ လယ်တီဆရာတော်က တရားဆန်းလုပ်ပြီး ဟောရသလား" ဟု အရွဲ့တိုက်ပြောလိုက်ရာ အနီးတွင် ဝပ်နေသော သူ့နွားက တအားထ၍ ဝေ့လိုက်ရာ နံရိုးကျိုး၍ သွားလေသည်။ အနီးတွင်ရှိသောသူများက မန္တလေးဆေးရုံကြီးသို့ ပို့လိုက်ရလေသည်။ နွားတရားကို နွားကပင် စီရင်လိုက်ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုကြရလေသည်။

၁၂၅၉–ခုနှစ်၊ တန်ဆောင်မုန်းလတွင် သင်္ဂြိုဟ်ကျမ်းအဖွင့်၊ ပရမတ္ထဒီပနီ မဟာဋီကာကျမ်းကြီးကို ရေးသားပြီးစီးလေသည်။ ၁၂၆၀–ခုနှစ်တွင် ဦးတိလောက၏ ပင့်လျှောက်ချက်အရ ကျိုက်ထိုသို့ ကြွတော်မူ၏။ လယ်တီဆရာတော်ဘုရားကြီးသည် ဦးတိလောက၊ လယ်တီပဏ္ဍိတတို့နှင့်အတူ ကြွတော်မူလေရာ လမ်းခုလတ်တွင် တောဆင်ရိုင်းကြီးတစ်ကောင်နှင့် ရင်ဆိုင်တိုးမိလေတော့သည်။ တပည့်နှစ်ပါးမှာ သစ်ပင်ပေါ်သို့ ပြေးတက်သွားကြ၏။ ဆရာတော်ဘုရားကမူ တုန်လှုပ်ခြင်းမရှိဘဲ မေတ္တာကိုသာ ပွားများတော်မူလေသည်။ ကျိုက်ထိုမှ ပြန်လျှင် ၁၂၆၁–ခုနှစ်တွင် မုံရွာမြို့ တောင်ဘက် လယ်စဉ်ရွာကျောင်းတွင် ဝါကပ်တော်မူ၏။ ထိုကျောင်းမှာပင် နိဗ္ဗာနဒီပနီကို ရေးသားတော်မူလေသည်။ ၁၂၆၂–ခုနှစ်တွင်ကား မောင်းထောင်ရွာကြီး၏ မြောက်ဘက် မဟာမြိုင်တောကြီး

ခေါ် ဝက်ရဲတောကြီး တွင် ဝါကပ်တော်မူလေသည်။ ယင်းသို့ ဝါကပ်ရခြင်း မှာ တပည့်ဖြစ်သူ ကြောင်ပန်း ဆရာတော် ပင့်၍ သွားရခြင်းဖြစ်၏။ မကျန်း မမာ ဖြစ်နေသော ကြောင်ပန်း ဆရာတော်အား ဆွမ်း ခံကျွေး ရင်း အလုပ်နှင့်စပ်သော တရား များ ကိုလည်း ဟောကြား တော်မူလေသည်။

ဆရာတော်သည် မအိပ်မနေ တစ်ဝါတွင်းလုံး အပြင်းအထန် ကြိုး စား ရာ အဖျား ရောဂါဝင်သဖြင့် ပိန်ချုံး၍ သွားလေ၏။ ထိုသတင်း ကိုကြား ရသော လယ်တီတိုက်မှ တပည့်များ က လာရောက်ပင့်ဆောင်ကြရလေသည်။ ၁၂၆၃- ၁၂၆၄-ခုနှစ်များ တွင် အလုံမြို့ အနောက်ဘက်တွင်ရှိသော ချင်း တွင်း မြစ်ကမ်း ဘေး ရှိ ရွှေတာဦး တောင်တွင် ဝါကပ်တော်မူသည်။ လယ်တီပဏ္ဍိတလည်း လိုက်ပါ၍ ဝါကပ်ရ၏။ လယ်တီပဏ္ဍိတနှင့် ကပ္ပိယသည် တောင်ခြေ၌ နေ၍ ဆရာတော်သည် တောင်ထိပ်အနောက်ဘက် ကျောက်ဂူကြီး ထဲတွင် သီတင်း သုံး တော်မူသည်။ ထိုနေရာသည် အစားအစာ ခေါင်းပါးလှ၏။ ဆန်ဆွမ်း ရခဲ၏။ လူ ဆွမ်း နှင့် ပြောင်း ဆွမ်းများကိုသာ ဘုဉ်း ပေး ရ၏။ ရွှေတာဦး ကျောက်ဂူထဲတွင် လေးငါးလ အပြင်းအထန်အား ထုတ်တော်မူလေသည်။ နှစ်နှစ်တာအချိန်အတွင်း ဓမ္မဒီပနီ၊ အဟာရဒီပနီ၊ အနတ္တဒီပနီတို့ကို ရေးသားတော်မူသည်။ အာနာပါန ကိုလည်း ရှုပွားတော်မူလေသည်။ ထိုသို့ အပြင်းအထန် အားထုတ်နေခိုက် အဖျားရောဂါဝင်ရောက်လာသဖြင့် ဆေးဝါး ကုသရန် မုံရွာသို့ ပြန်ခဲ့ရလေသည်။

မုံရွာမြို့၊ လယ်တီတိုက်သို့ပြန်ရောက်သည့်ညတွင် ထူးခြားသော အိပ်မက် ကြီး တစ်ခုကို မြင်မက်တော်မူလေသည်။ မြင်း မိုရ်တောင်ကို ကျောမှီလျက် ယုဂန္ဓိုတောင်ပေါ်၌ ထိုင်ကာ စိမ်းလန်းစိုပြေသော စကြဝဠာကြီး တစ်ခုလုံးကို မြင်နေရလေသည်။ အရှေ့ဘက်တောင်တစ်ခုတွင် ဝင်းဝင်းတောက်နေသော ရတနာလိုဏ်ဂူကြီးအတွင်း၌ ငှက်မျိုးစုံ မြူးတူးပျော်ရွှင်နားခိုနေကြ၏။ ထိုငှက် များအား "မီးတောက်နေသော လိုဏ်ဂူကြီးထဲ ဘာကြောင့် ဝင်နေကြသလဲ၊ မပူဘူးလား" ဟု မေးလျှင် "ကိုယ်တော်- ဤလိုဏ်ဂူထဲတွင် ဝင်နေရတာ အေးချမ်းလို့ပါ" ဟု ဖြေကြလေသည်။ ခဏကြာသောအခါ ခန္ဓာကိုယ်ကြီး သည်

မြင်းမိုရ်တောင်ကြီးဖြစ်၍ သွားသည်ဟု မြင်မက်လေရာ ယင်းအိပ်မက်အရ နိုင်ငံလှည့်၍ သာသနာပြုရမည်ဟု အဓိပ္ပာယ်ကောက်ယူတော်မူ၏။

၁၂၆၅–ခုနှစ်၊ ဝါကို ချင်းတွင်းမြစ် အနောက်ဘက် လက်ပတောင်းတောင်တောရ၌ ဝါကပ်တော်မူသည်။ ဆရာတော်ဘုရားကြီးသည် ထိုနှစ်မှာပင် ပရမတ္ထသံခိပ်၊ စတုသစ္စဒီပနီ၊ နိရုတ္တိဒီပနီ၊ ကမ္မဋ္ဌာနဒီပနီ၊ သမာဒိဋ္ဌိဒီပနီများကို ရေးသားတော်မူလေသည်။ ၁၂၆၅–ခုနှစ်၊ နှစ်ကုန်ကာနီးတွင် ကင်းဝန်မင်းကြီး၏ မွေးစားသား ပုသိမ်ကြီးမြို့အုပ် ဦးခင်မောင်ကြီးနှင့် အဖွဲ့သည် မန္တလေးမြို့မှ ဆရာတော်ဘုရားကြီးရှိရာ လာရောက်တရားနာယူကြသည်။ လေးငါးရက်ကြာ၍ မန္တလေးမြို့သို့ ပြန်မည်ပြုသောအခါ ဆရာတော်ဘုရားကြီးက "မင်ခမည်းတော်ကြီးကို ဤလက်ဆောင်ကို ဆက်သလိုက်ပါ" ဟု သံဝေဂ လေးချိုးကြီးတစ်ပုဒ်ကို ရေးသား၍ ပေးတော်မူသည်။ ထိုလေးချိုးကြီးမှာ "မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာဆီမှာ" အစချီသော နာမည်ကျော် လေးချိုးကြီး ဖြစ်ပေ၏။ ထိုနှစ် တပေါင်းလတွင် ကင်းဝန်မင်းကြီးက လှူတစ်တန်၊ စာတစ်တန်ဖြင့် ပင့်လျှောက်သောကြောင့် လက်ပတောင်းတောင်မှ မန္တလေးမြို့တော်သို့ ကြွတော်မူလေသည်။ လယ်တီဆရာတော်နှင့် ကင်းဝန်မင်းကြီးသည် လယ်တီဆရာတော် ငယ်ဘဝ မန္တလေးမြို့တွင် စာသင်နေစဉ်ကပင် ရင်းနှီးသော ဆရာဒကာဖြစ်ခဲ့ကြ၏။

မန္တလေးမြို့တော်သို့ ရောက်သောအခါ နန်းတောင်တွင်းရှိ ကင်းဝန်မင်းကြီး နေအိမ်အတွင်း မဏ္ဍာပ်ထိုးကာ သုံးရက်၊ သုံးည တရားပွဲကြီးကျင်းပလေသည်။ ဆရာတော်သည် ကင်းဝန်မင်းကြီး၏ အိမ်တော်တွင် သီတင်းသုံးတော်မူသည်။ အာနာပါနကို အခြေခံကာ အတ္တဒိဋ္ဌိပြုတ် အလုပ်ပေးတရားကို ဟောတော်မူရာ တစ်ညသ၌ ကင်းဝန်မင်းကြီးသည် ရှိုက်ကြီးတငင ငိုကြွေးရင်း ဆရာတော်ဘုရား၏ အပါးသို့ ရောက်ရှိလာကာ မျက်ရည်ဖြိုင်ဖြိုင်ကျရင်းဖြင့် ဤသို့ လျှောက်ထားလေသည်။

"ဒီလောက်နက်နဲတဲ့ အဘိဓမ္မာတရားတွေကို နတ်ရွာစံ မင်းတရားကြီး နာကြားမသွားရရှာဘူး ဘုရား၊ ဘုရားတန်ဆောင်း၊ ဂူကျောင်း ပြာသာဒ်

ပိဋကတ်တွေအမျိုးမျိုး ကုသိုလ်ပြုသွားသော်လဲ ဒီတရားမျိုး နာကြားမသွားရ ရှာဘူး ဘုရား"ဟု မျက်ရည်စက်လက်ဖြင့် လျှောက်ထားလေသည်။ အာနာပါန ရှုပွားနည်းကိုလည်း ကျမ်းစာများ ရေးသားတော်မူပါရန် လျှောက်ထားချက်အရ "အာနာပါနဒီပနီ" ကို ရေးသားတော်မူခဲ့၏။ ဆရာတော်ဘုရားကြီးသည် ထိုအချိန်မှ စ၍ နယ်လှည့်တရားဟောတော်မူလေသည်။ ဆရာတော်ဘုရားကြီး သည် ပျဉ်းမနားမြို့ မြောက်ဘက် အင်ကြင်းမြိုင်တောအုပ်၌ သီတင်းသုံးတော် မူလေသည်။ ထိုတောရမှာပင် ကျမ်းစာများ အများဆုံး ရေးတော်မူခဲ့လေသည်။

ဘာဝနာ၊ ဗောဓိပက္ခိယ၊ အာနာပါန၊ သောမနဿဥပေက္ခာ ဒီပနီများနှင့် နယုတ္တိဒီပနီ နိဿယ၊ သဒ္ဒသံခိပ်ကျမ်းများဖြစ်ကြ၏။ ဆရာတော်ဘုရားကြီး အင်ကြင်းမြိုင်တောရ၌ ဝါကပ်စဉ်က ဖြစ်ပေသည်။ တစ်နေ့သောအခါ ပျဉ်းမနား မြို့သူမြို့သားများ စုပေါင်း၍ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကြီးတစ်ခု ပြုလုပ်ကြလေသည်။ သံဃာတော်များ စနစ်တကျ ကြွရောက်၍ လောင်းလှူ သူများကလည်း ဝဲယာအစဉ်အတိုင်း လောင်းလှူကြရန် အဝင်အထွက် မုခ်ဦးနှင့် ဆွမ်းခံမည့် လမ်းရှည်ကြီးကိုလည်း ဖျာ၊ ရိုင်၊ သင်ဖြူးများ ခင်းထားကြ၏။

သံဃာတော် နှစ်ရာနီးပါးရှိပေရာ လယ်တီဆရာတော်ဘုရားကြီးသည် ရှေ့ဆုံးမှ ကြွတော်မူလေသည်။ မုခ်ဦးမှ ဝင်ပြီး တစ်ဖက်မုခ်ဦးမှ ထွက်ကြွရန် ဖြစ်သော်လည်း ဆယ့်ငါးပေခန့်အလိုတွင် ထွက်ပေါက်မှ မကြွဘဲ လာလမ်း အတိုင်း ပြန်၍ ကြွတော်မူ၏။ နောက်ပါသံဃာများကလည်း ဆရာတော် ဘုရားကြီးနောက်မှ လိုက်ကြရ၏။ မည်သို့မျှ မလျှောက်ထားရဲကြ။ လောင်းလှူ ရန် စောင့်ဆိုင်းနေကြသော အလှူရှင်များ မိမိတို့ဆီ မရောက်လာဘဲ ပြန်လှည့် ကြွသွားကြသဖြင့် စိတ်မကောင်း ဖြစ်နေကြစဉ် "လောင်းလှူဖို့ ကျန်နေတဲ့ ဒကာ၊ ဒကာမတွေရဲ့ ပစ္စည်းတွေကို ခွဲဝေပြီး ကပ္ပိယတွေက တစ်ဆင့် ကျောင်းကိုသာ ပို့လိုက်ကြ" ဟု မိန့်တော်မူလေသည်။ သံဃာရော လူတွေပါ ဇဝေဇဝါ ဖြစ်နေစဉ် ဖျာ၊ ရိုင်၊ သင်ဖြူးများကို သိမ်းဆည်းကြစဉ် လက်မောင်း လုံးခန့် ရှိသော မြွေပွေးကြီးတစ်ကောင်ကို ဖျာအောက်မှ တွေ့ကြရ၏။

ဆရာတော်နှင့် သံဃာတော်များ နင်းကြွခဲ့လျှင် နင်းကြွမှုကြောင့် မြွေကြီးသော်လည်း သေနိုင်၏။ မသေလျှင် သံဃာတစ်ပါးပါးကို ဒုက္ခရောက်စေနိုင်လေသည်။ ထိုတောရမှာ နေစဉ်က ဦးထွန်းလှိုင်ဆိုသော ဒကာတစ်ဦး ရောက်ရှိလာခဲ့၏။ ဦးထွန်းလှိုင်က မိမိကိုးကွယ်သော ဘုန်းတော်ကြီး ပျံတော်မူသွားရာ ဘုန်းကြီးမှာ ပြိတ္တာဘဝ ရောက်နေပြီး "ငါ အစာမစားရဘူး၊ အဝတ်မဝတ်ရဘူး၊ ကုသိုလ်လုပ်ပြီး အမျှပေးဝေစမ်းပါ" ဟု မကြာခဏ အိပ်မက်ပေးနေသဖြင့် ဆရာတော်ဘုရားကြီးအား သင်္ကန်းလှူ၍ အမျှပေးဝေစေလေသည်။ ဆရာတော် ဘုရားကြီးက "တို့များ ဒါလောက်တော့ တတ်နိုင်ပါတယ်"ဟူ၍ မိန့်ကြားတော်မူလေသည်။

မှန်ပေ၏။ ထိုညတွင် နတ်ဝတ်တန်ဆာဆင်ထားသော ပြိတ္တာကြီးသည် မိမိအထက် နတ်ပြည်သို့ သွားရတော့မည်ဖြစ်ကြောင်း ဦးထွန်းလှိုင်အား လာရောက်နှုတ်ဆက်သည်ဟု အိပ်မက် မြင်မက်လေသည်။

၁၂၇၀-ပြည့်နှစ်၌ မော်လမြိုင်မြို့ ကျိုက်သံလံတောင်ထိပ်၊ အောင်လံတောင်၌ ဝါကပ်တော်မူ၏။ ထိုအချိန်တွင် အထက်မြန်မာပြည်၌ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါများ အနည်းအကျဉ်းဖြစ်နေသဖြင့် "ရောဂန္တရ ဒီပနီ" ကို ရေးသားတော်မူလေသည်။ ဆရာတော်ဘုရားကြီးသည် ငယ်ရွယ်စဉ်ကပင် ရောဂါဖြစ်ပွားသူများကို ကူညီခဲ့ပေရာ အန္တရာယ်ကင်း ကမ္မဝါ၊ အမိန့်တော်ပြန်တမ်း၊ စက်ပရိတ်စသော ဗုဒ္ဓမန္တာန်များအပေါ် ယုံယုံကြည်ကြည်နှင့် ကပ်ဆိုးကြီးများကို ကာကွယ်ရန် ရေးသားတော်မူခဲ့လေသည်။

ပြည်မြို့ ဝိပဿနာကုန်းတောရတွင် နေစဉ်ကလည်း တစ်ညတွင် ပြည်မြို့ရှိ သစ်ပင်ကြီးများအားလုံး မီးလောင်၍ ကိုယ်တိုင်ငြိမ်းသတ်ရသည်ဟု မြင်မက်တော်မူလေသည်။ မကြာမီ ပြည်မြို့တစ်မြို့လုံး ပလိပ်ရောဂါကြီး ကျရောက်၍ လာတော့သည်။ ဆရာတော်ဘုရားကြီးသည် တရားပွဲများကို ရပ်ဆိုင်းကာ ပလိပ်နှင့် ကပ်ရောဂါများကို မနားမနေ ကာကွယ်ပေးတော်မူရလေသည်။

၁၂၇၅-ခုနှစ်တွင် စစ်ကိုင်းမြို့၌ ပလိပ်ရောဂါဖြစ်ပွားရာ ဆရာတော်က အမိန့်တော်ပြန်တမ်း ကမ္မဝါ ပရိတ်များ ရွတ်ဖတ်၍ သေနတ်၊ သံချောင်း၊ သံပုံ၊ ကုလားတက်များကို ကြွက်ကြွက်ညံအောင် တီးစေလေသည်။ မကြာမီ

ရောဂါများ ကွယ်ပျောက်၍ သွားလေသည်။ ရောဂါများမှာ စစ်ကိုင်းမှ ရွှေဘို အထိ ရောက်ရှိသွားလေသည်။ ထို့ကြောင့်လည်း ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းမှတစ်ဆင့် ရွှေဘိုမြို့အထိ ကြွတော်မူရလေသည်။ "တစ်မြို့လုံး ရောဂါများကို လယ်တီဆရာတော်မောင်းထုတ်လိမ့်မည်၊ မြို့သူမြို့သားများ ငြိမ်ဝပ်စွာ နေကြရမည်" စသော ကြော်ငြာမောင်းကို မြို့အနှံ့ခတ်စေလေသည်။ ထိုအခါ အ,မနုဿများသည် "လယ်တီဆရာတော်ကြွလာပြီ၊ ငါတို့ ဒီမှာနေလို့ မဖြစ်တော့ဘူး"ဟု အိပ်မက်ပေးကာ ထွက်ခွာသွားကြလေသည်။ ဆရာတော်ဘုရားကြီး ရောက်လေရာရာတွင် ရောဂါဘယများ ထူးထူးခြားခြား ပျောက်ကင်းကြလေသည်။

၁၂၇၇–ခုနှစ် တန်ဆောင်မုန်းလဆန်း ၁-ရက် (၇–၁၁–၁၉၁၅) တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံအစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။ ၁၂၇၉–ခုနှစ်တွင် မုံရွာမြို့၊ လယ်တီတိုက်တွင် ဝါဆိုတော်မူသည်။ ဝါကျွတ်သောအခါ "တပည့်တို့–ငါသည် အနှစ်နှစ်ဆယ်လုံးလုံး အထက်အောက် မြန်မာပြည်အနှံ့ လှည့်၍ သတ္တဝါတွေ ရုပ်နာမ်အလင်းရဖို့ တရားဟောခြင်း ပလိဗောအေလုပ်ကြီးကို ကိုယ်ကျိုးကို စွန့်ပြီးလုပ်ခဲ့ပြီးပြီ။ ယခု ငါ့မှာ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ဆပ်ရန် ဆန္ဒရှိနေသေး၍ ဆိတ်ငြိမ်ရာ ကြေးကွင်းကြီးတောရသို့ ကြွဦးမည်။ မောင်ပဏ္ဍိတနှင့် ကပ္ပိယ တစ်ဦးသာ လိုက်ခဲ့ပေတော့" ဟု မိန့်ဆိုကာ သီတင်းကျွတ် လကွယ်နေ့တွင် လယ်တီတိုက်မှ ထွက်ခွာ၍ အလုံမြို့ အရှေ့ဘက်တောရသို့ ဝင်တော်မူလေသည်။

တန်ဆောင်းမုန်းလဆန်း တစ်ရက်နေ့မှစ၍ ကျေးဇူးဆပ်လုပ်ငန်းကြီး စတင်ခဲ့ရာ တပေါင်းလကွယ်နေ့အထိ ငါးလတိတိ ကြာမြင့်ခဲ့၏။ ကျေးဇူးဆပ်လုပ်ငန်းတွင် စာကြောင်းပေါင်း (၄၈၃) ရှိ၍ စာမျက်နှာ (၃၄) မျက်နှာရှိသော မဟာသရဏဂုံ ဂုဏ်တော်ကြီးကို အသံမဆိတ်၊ မအိပ်မနေ ရွတ်ဖတ်ပူဇော်တော်မူလေသည်။ ယင်းမဟာသရဏဂုံ ဂုဏ်တော်ကြီးကို ငါးလတိတိ၊ မအိပ်မနေ ရွတ်ဖတ်ပူဇော်ရာ တစ်နေ့လျှင် ခေါက်ရေပေါင်း တစ်သောင်း လေးထောင့်

လေးရာ (၁၄၄၀၀) ရှိပေရာ ငါးလတိတိ ရွတ်ဆိုသော ခေါက်ရေများကို ရေတွက်ပါက (၂၁၁၆၈၀၀) နှစ်သန်း တစ်သိန်း တစ်သောင်း ခြောက်ထောင့် ရှစ်ရာ ဖြစ်ပေသည်။ ထူးခြားလှသော ဝီရိယရှင်ကြီး ဖြစ်ပေတော့သည်။

ဆရာတော်ဘုရားကြီး လယ်တီတိုက်ကြီးတွင် သုံးဝါမျှသာ ဝါဆိုတော်မူဖူး၏။ ကျန်ဝါများကား တောရဌာနများနှင့် မြင်းခြံမြို့၊ မင်းလှမြို့ ဖက်တန်းတောရ၊ သာပေါင်း၊ ရန်ကုန်–ညောင်ကုန်းကျောင်းတိုက်၊ ကျိုက်ဝိုင်း၊ မန္တလေးလယ်တီစံကျောင်း၊ ဇေတဝန်ဆေးတိုက်၊ စစ်ကိုင်းတောင်စံကျောင်း မြစ်သား၊ ကတွန်သတ္တုကွင်း စသည်တို့တွင် ဝါကပ်တော်မူလေသည်။ ၁၂၈၃–ခုနှစ်မှစ၍ ပျဉ်းမနားမြို့တွင် အများဆုံးသီတင်းသုံးတော်မူလေသည်။ ၁၂၈၅–ခုနှစ်တွင် ပျဉ်းမနားမြို့မှ သူဌေး ဦးလန်း၊ ဒေါ်မမလေးတို့ တိုက်ကျောင်းတွင် သီတင်းသုံးတော်မူသည်။ ထိုအချိန်တွင် သက်တော်မှာ (၇၇) နှစ် ရှိပေပြီ။ ၁၂၈၃–ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်) ဘွဲ့တံဆိပ် လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

ထိုနှစ်မှာ ဆရာတော်ဘုရား၏ ကျန်းမာရေး အဆိုးရွားဆုံး နှစ်ဟု ဆိုနိုင်လေသည်။ ခန္ဓာကိုယ်ကြီးမှာ တစ်စတစ်စ ယိုယွင်း၍ လာလေပြီ။ ဝါဆိုလတွင် အခြေအနေမှာ ပို၍ ဆိုးရွားလာခဲ့၏။ အနယ်နယ် အရပ်ရပ်မှ တပည့်ကြီးများ တဖွဲဖွဲ ဆိုက်ရောက်လာကြလေသည်။

"ငါ မကျန်းမာလျှင် အဘိဓမ္မာပဋ္ဌာန်း ပညာဝါရ ပါဠိတော်ကြီးကို ရွတ်ဖတ်ကြ၊ ပဋ္ဌာန်းသံကို ငါ နာကြားလိုသည်" ဟု မိန့်တော်မူခဲ့သည်များကို တပည့်များ သတိရကြ၏။

ပထမဝါဆိုလ မပြည့်မီ ဆရာတော် လက်ဖက်ရည်ကြမ်း ဘုဉ်းပေးနေခိုက် သိမ့်သိမ့်တုန်မျှ မြေလျှောင်လှုပ်သွား၏။ ဆရာတော်ဘုရားက တပည့်များအား "ဒါ ဘာအဓိပ္ပာယ်လဲ သိကြရဲ့လား" ဟု မေးတော်မူ၏။ အားလုံးက ဘာမျှ မလျှောက်ထားမိကြ။

"လူ့ပြည်မှာ အဘိဓမ္မာတရား ဟောရတာ အားရလောက်ပါပြီ၊ နတ်ပြဟ္မာတွေကို တစ်လှည့်ဟောရန် အချိန်တန်ပါပြီလို့ လျှောက်တာကွယ့်" ဟု မိန့်တော်မူလေသည်။ နယ်မှ တပည့်ကြီးများ စုံညီစွာရောက်ရှိ၍ လာကြရာ မိုးညှင်းဆရာတော်သည် ပျဉ်းမနားသို့ ရောက်လာ၏။ ခြေတော်ကို နဖူးဖြင့်တိုက်၍ ဆရာတော် ရေးခဲ့သော "အနတ္တဒီပနီ" ကို ဖတ်ပြလေသည်။

"အေး–ကောင်းလိုက်တာကွယ်၊ အနတ္တဒေသနာ နာရတော့ အဘဘုရား အနတ္တလက္ခဏာသုတ် ဟောပုံမြင်ပြီး ကြည်ညိုလိုက်တာ၊ ဘုရင်းရှင် ယခု ကြွလာသလိုပဲကွယ့်၊ ချစ်သား–လူ့ပြည်မှာ တရားဟောပြီးပြီ၊ နတ်ပြဟ္မာတွေကို တစ်လှည့်ဟောချိန်ကျပြီလို့ ခေါင်းရင်းမှာ ဘုရားရှင်ကြွလာပြီး မိန့်တော်မူသံလို ငါ့နားထဲမှာ ကြားနေရတယ်၊ အေး–ငါမရှိလို့ အားမငယ်ကြနဲ့၊ ငါ့စာတွေရှိတယ်၊ ဝိပဿနာ သာသနာကြီး ကြိုးစား၍ ပြုရစ်ကွယ့်" ဟု မိန့်တော်မူလေသည်။ လပြည့်နေ့ ၁၂–နာရီအချိန်တွင် ငလျင်တစ်ကြိမ်လှုပ်ပြန်၏။ ထိုအခါ ဆရာတော်ဘုရားကြီးကိုယ်တိုင် တပည့်များအား ပဋ္ဌာန်းရွတ်ရန် မိန့်တော်မူလေသည်။ တပည့်ကြီးများ တစ်လှည့်စီ ရွတ်ဖတ်ကြရ၏။ နေ့လယ် ၂–နာရီတွင် ရပ်စဲသွားသော ပဋ္ဌာန်းသံနှင့် အတူ ဆရာတော်ဘုရား၏ ဝိညာဉ်သည်လည်း တစ်ပြိုင်တည်း ချုပ်ငြိမ်းတော်မူလေသည်။ ခုနစ်ရက်ရှိလျှင် အလောင်းတော်ကို လယ်တီစံကျောင်းသို့ ပြောင်းရွှေ့ ပင့်ဆောင်ကြလေသည်။ ဆရာတော်ဘုရား၏ အလောင်းကို မုံရွာမှ တပည့်တကာများက မရမနေ တောင်းကြ၏။ ပုလိပ် (ရဲ) များပင် အစောင့်ချထားရလေသည်။ ထိုနှစ် တပေါင်းလပြည့်နေ့တွင် ဈာပနပွဲ ကျင်းပ၏။

အင်္ဂလိပ် တိုင်းမင်းကြီးများ၊ အရေးပိုင်၊ နယ်ပိုင်များနှင့် မြန်မာပြည် အရပ်ရပ်မှ ဆရာတော်ဘုရားကြီး တပည့်ကြီးများ စုံစုံညီညီ ရောက်ရှိနေကြပေပြီ။ ရေစကြိုမြို့နယ်မှ တောရ ဆောက်တည်သည်ဆိုသော ဘုန်းကြီးဦးနုလည်း ရောက်ရှိလာခဲ့၏။ ဘုန်းကြီးဦးနုသည် မည်သူနှင့်မျှ ရောရောနှောနှော မနေဘဲ ဆွမ်းခံစားပြီး သစ်ပင်အောက်မှာသာ သီတင်းသုံးသည်။ စံကျောင်းအတွင်း အုတ်ဂူနှင့် လပြည့်နေ့တွင် မီးသင်္ဂြိုဟ်ရန် စီစဉ်ကာ နံ့သာထင်းများ၊ သနပ်ခါး

တုံးများဖြင့် စီစဉ်ထားကြ၏။ အလောင်းတော်မှာ ပုပ်သိုးခြင်းမရှိ၊ ပကတိ ကျိန်းစက်နေသကဲ့သို့ ထင်မှတ်ရလေသည်။ မီးသဂြိုဟ်ခြင်း မပြုရက်ကြ၊ ရဟန်းရှင်လူများ၏ဆန္ဒဖြင့် မှန်စီရွှေချခေါင်းသွင်းကာ အုတ်ဂူရှိ ပလ္လင်ပေါ်တွင် တင်ထားကာ သံတံခါးနှစ်ထပ်ဖြင့် သော့ခတ်၍ ဂူပေါက်ကို အင်္ဂတေဖြင့် အသေပိတ်လိုက်ကြ၏။ သုံးရက်ပတ်လုံး ကောင်းကင်မှ တီးသံ၊ မှုတ်သံ၊ တူရိယာသံများကို ကြားနေကြရသည်။ ငလျင်လည်း ဆက်တိုက် သုံးကြိမ် လှုပ်၏။ အုတ်ဂူမှ မီးတလက်လက် မြင်နေရသည်ဟု ကြားကြရသဖြင့် သွားရောက်ကြည့်ရှုရာ အလောင်းတော် ပြာကျနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ကြရလေသည်။ တချို့ကလည်း မုံရွှာသားတို့လက်ချက်ဟု ထင်ကြ၏။ အပူတပြင်း စုံစမ်းကြသော်လည်း တရားခံကိုကား မတွေ့ကြရ။ ထို့အတွက် မကျေမနပ် ဖြစ်နေကြသော ရဟန်းရှင်လူများ မပြန်သေးဘဲ စောင့်ဆိုင်းနေ ကြ၏။ သုံးလခန့်ကြာသောအခါ အစည်းအဝေးတစ်ခု၌ "ဒီကိစ္စ လက်သည် မပေးလျှင် ကျောင်းဒကာ ဦးလန်းနှင့် ဦးထွန်းလှိုင်တို့ကို အပြစ်ပေးရမည်"ဟု အရေးပိုင်ကြီးက ကြိမ်းမောင်းလေတော့သည်။ ထိုစဉ်မှာပင် ဘုန်းကြီးဦးနုက အပြစ်မရှိသူကို အပြစ်မပေးထိုက်ကြောင်း ထ၍ ပြောလေသည်။ "ဒါဖြင့် ဘယ်သူလက်ချက်လဲ ပြောပါ" ထိုအခါ ဘုန်းကြီးဦးနုက စ၍ "လက်သည်ဟာ ကျုပ်ပဲ" ဟု ဝန်ခံလေသည်။ အားလုံးဒေါသတကြီး မေးကြမြန်းကြရာ ဦးနုက ရဲဝံ့စွာဖြင့် "ငါပျံလွန်တော်မူပြီး ၇-ရက်ရလျှင် မင်း မီးသဂြိုဟ်ရစ်၊ ဘယ်သူ့မှ မတိုင်ပင်နဲ့လို့ ဆရာတော်ကြီးက မှာခဲ့တယ်၊ ဒါကြောင့် သဂြိုဟ် လိုက်တာပဲ၊ ခုနစ်ရက်ပြည့်စဉ်က အကြောင်းမညီညွတ်လို့ ခုမှလုပ်ရတာပဲ" ဟု ရှင်းပြလေသည်။

"အဖော် ဘယ်သူပါသေးသလဲ"

သမ္မာဒေဝနတ်များကို အကူအညီတောင်းပြီး ဂူပေါက်ကို တူရွင်းနှင့် တစ်ချက်ထိုးလိုက်ရာ အုတ်များပြိုကျလာသဖြင့် နံ့သာထင်းများဖြင့် မီးသဂြိုဟ် ကြောင်း ရှင်းပြရာ နားထောင်နေသူများ အံ့အားသင့်သွားကြ၏။ "ဤကိစ္စ အတွက် မိမိ အပြစ်ရှိသည်ဆိုလျှင် အပြစ်ပေးနိုင်ကြောင်း၊ ထိုကိစ္စ မပြော

ရသေး၍ ဘယ်မှ မသွားဘဲ နေခဲ့ကြောင်း" ရှင်းပြရာ "အပြစ်မပေးလိုပါ"ဟု ဆိုပါသဖြင့် ဘုန်းကြီးဦးနုသည် သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းဖြင့် ထိုအစည်းအဝေးမှ ထွက်ခွာသွားလေသည်။

သက်တော် ၇၇-နှစ်တွင် ပျဉ်းမနားမြို့၌ ပျံလွန်တော်မူသော လယ်တီဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား သာသနာတော်အတွက် နှုတ်ဖြင့် ဟောပြောရုံမျှမက ကျမ်းပေါင်း တစ်ရာကျော်မျှ ပြုစုတော်မူခဲ့လေသည်။ မုံရွာမြို့ လယ်တီကျောက်စာတိုက်ကြီးတွင် ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော ကျမ်းများကို ကျောက်ပြားချပ်ရေ (၈၀၀) ရှစ်ရာတွင် ရေးထိုးမှတ်တမ်းတင်၍ ထားလေသည်။

**သတိမြဲရာ ပထမှာ၊ ဒုမှာ တိုရှည်သိ။**
**လုံးစုံလင်းရာ တ၌သာ၊ ဓမှာ ငြိမ်းလေဘိ။**

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ဤမျှသာ။

၂၄၂၂၆

# လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

ကမ္မဋ္ဌာန်းရှုလိုသော ယောဂီသည် ကမ္မဋ္ဌာန်းဆရာထံမှ နည်းခံ၍ လူသူမနီးသော တောအရပ်မှာဖြစ်စေ၊ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်မှာဖြစ်စေ တိတ်ဆိတ်သောနေရာကို ရွေးချယ်ရမည်။ ထက်ဝယ်ဖွဲ့ခွေကာ ကိုယ်နေကိုယ်ထား ဖြောင့်ဖြောင့်ထားရမည်။ ထိုင်ရမည်။ မည်သည့်ကြောင့်ကြမှုမျှ မရှိစေဘဲ ဝင်သက် ထွက်သက်ကို သတိဖြင့် မပြတ်ရှုမှတ်နေရမည်။ ထိုင်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ လျောင်းလျက်အိပ်ခြင်းစသည့် လေးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အားထုတ်နိုင်သည်။ သမထအလုပ်တွင် ဆိတ်ငြိမ်ရာဟုဆိုသော်လည်း ဝိပဿနာအလုပ်ကား ဆိတ်ငြိမ်သော နေရာရမှသာလျှင် ပြီးမြောက်နိုင်သည် မဟုတ်ပေ။ ပါရမီသာလျှင် အဓိကဖြစ်သည်။ ဉာဏ်သာလျှင် အဓိကဖြစ်သည်။ တရားနာရင်း၊ ထမင်းချက်ရင်း တရားပေါက်မြောက်သွားကြသူတွေ ကျမ်းဂန်များတွင် တွေ့ရသည်။

ပထမရှုမှတ်ကာစတွင် ထွက်သက် ဝင်သက်ကို နှာသီးဖျား၌ဖြစ်စေ၊ အထက်နှုတ်ခမ်း၌ဖြစ်စေ၊ စိတ်ကို ခိုင်မြဲစွာထား၍ ဝင်လေ ထွက်လေတို့၏ ထိမှုခိုက်မှုကို အာရုံစိုက်ထားရမည်။ ဝင်လာပြီ၊ ထွက်သွားပြီဟု နှုတ်က

ဆိုစရာမလို။ ဝင်တိုင်း ထွက်တိုင်း သတိလက်မလွှတ်စေဘဲ သိအောင် အားထုတ်ရမည်။ တစ်နာရီ၊ နှစ်နာရီစသည်ဖြင့် မနားမနေအားထုတ်ရမည်။ ညောင်းလျှင်လည်း မပြင်နှင့်၊ ယားလျှင်လည်း မကုတ်ဘဲ၊ ဝင်သမျှ ထွက်သမျှ တစ်ခုမှ မလွှတ်စေရအောင် ဝင်တိုင်း ထွက်တိုင်း သိအောင် ရှုမှတ်နေရမည်။ တစ်ဆင့်တက်၍ ရှုမှတ်ရန်မှာ နှာသီးဖျားမှ ဝင်လေ ထွက်လေကို မလွှတ်တမ်း ပိုင်အောင် မှတ်နိုင်လာလျှင် ဝင်သက် ထွက်သက် ရှည်လျှင် ရှည်မှန်းသိအောင်၊ တိုလျှင် တိုမှန်းသိအောင် သတိထားပြီး "ရှည်တယ်" "တိုတယ်" ဟု သတိထားပြီး မှတ်နေရမည်။ ထွက်သက် ဝင်သက် နှေးလျှင် ရှည်သည်၊ မြန်လျှင် တိုသည်၊ တချို့သော ပုဂ္ဂိုလ်များမှာ တစ်မိနစ် အကြိမ်သုံးဆယ့်ရှစ်ခန့် ရှိပြီး အချို့မှာ အကြိမ်လေးဆယ်ခန့် ရှိသည်။ အတိုအရှည် မညီကြပေ။

အရှည်အတို ပိုင်ပိုင်နိုင်နိုင် မှတ်ပြီးနောက် ဝင်သက်ဆိုလျှင် နှာသီးဖျားမှ ချက်သို့ ကျအောင် နှာသီးဖျား၊ နှုတ်ခမ်းဖျား၊ လည်ချောင်းတို့ကို စိတ်ထဲတွင် ထင်ထင်ရှားရှား မြင်လာအောင် ရှုမှတ်ရမည်။ စ,လယ်,အဆုံး သုံးပါးစလုံးကို ပိုင်နိုင်ပြီးနောက် ထွက်သက် ဝင်သက်များသည် တဖြည်းဖြည်း သိမ်မွေ့လာကြလိမ့်မည်။ လူက မလုပ်ရဘဲ သူ့အလိုလို သိမ်မွေ့လာကာ ထွက်သက် ဝင်သက် ပျောက်သွားသည် ထင်ရလောက်အောင် ဖြစ်လာတတ်သည်။ ထိုသို့ ဖြစ်လာသောအခါ စိတ်အလွန်ပေါ့ပါးပြီး ခန္ဓာကိုယ်ကြီး လေထဲမှာ လွင့်ပျံနေသလို ထင်ရသည်။ ဤသည်မှာ ပါဠိတော်နည်းပေတည်း။ အဋ္ဌကထာအလိုတွင် ပထမ ဂဏန်းနည်းကား အနေးရေတွက်နည်း၊ အမြန်ရေတွက်နည်း နှစ်မျိုးရှိသည်။

နှာသီးဖျားမှာဖြစ်စေ၊ နှုတ်ခမ်းဖျားမှာဖြစ်စေ စိတ်ကိုထား၍ ထွက်သက် ဝင်သက်ကို "ထွက်တယ်၊ ဝင်တယ်" ဟု မှတ်သောအခါ အစတွင် စိတ်မငြိမ်သေး၍ ဝင်တိုင်း ထွက်တိုင်း မိအောင် မမှတ်နိုင်ဘဲ ရှိတတ်သည်။ ထိုအခါ မထင်ရှားသော ထွက်သက် ဝင်သက်ကို မရေတွက်ဘဲ ထင်ရှားသော ထွက်သက် ဝင်သက်ကိုသာ ရေတွက်ရမည်။ ရေတွက်ပုံမှာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါးဟု ငါးအထိ အဆုံးထား၍ တစ်မျိုး၊ တစ်မှ ခြောက်အထိတစ်မျိုး၊ တစ်မှ ခွန်နှစ်ထိတစ်မျိုး၊ တစ်မှ ရှစ်အထိ၊ ကိုးအထိ၊ တစ်ဆယ်အထိ တစ်မျိုးဟူ၍

ခြောက်မျိုး ဖြင့် ရေတွက်ရမည်။ ထိုသို့ခြောက်မျိုးအထိ ရေတွက်ပြီး ပထမ တစ်မျိုးကို ပြန်ရှုပါ။ ထိုသို့ ခဏခဏ ရှုမှတ် နေသားကျလာသောအခါ စိတ်ကို နှာသီးဝ စိုက်ထားပြီး ထွက်သက် ဝင်သက် နှစ်မျိုးတွင် ထင်ရှားရာကို တစ်ဟု ရေတွက်ရသည်။ နှစ်ခုစလုံးထင်ရှားလျှင် အစဉ်အတိုင်း နှစ်သုံးလေးငါး ဟု ရေတွက်ရသည်။ မထင်ရှားလျှင် ရပ်တန့်၍ ထင်ရှားသော အချက်ပေါ်မှသာ နှစ် စသည်ဖြင့် တက်၍ ငါ ကျလျှင် တစ်ကပြန်စရ၏။

ထို့နောက် မရေတွက်သော်လည်း ရေတွက်သကဲ့သို့ နှာသီးဖျား၌ ထွက်သက်၊ ဝင်သက်၊ ထိတိုင်း အသိနှင့် သတိမြဲနေရမည်။ ထိုအခါ ဂဏန်းနည်းဖြည့် ရေတွက် မှတ်ရှုရန် မလိုတော့ချေ။ အနုဗန္ဓနာ (သတိဖြင့် အမြဲတမ်း စွဲမြဲထားမှု) နည်းမှာ နှာသီးဖျားအစဉ်စိတ်ကို အမြဲစိုက်ထားပြီး ဝင်လေ ထွက်လေကို တစ်ကြိမ်မျှ မလွတ်စေဘဲ အစဉ်တွယ်ကပ်နေအောင် ရှုမှတ်သောနည်း ဖြစ်သည်။

ရေတွက်မှုမရှိဘဲ ထိမှု သိမှု အစဉ်မှန်အောင် "ဝင်နေတယ်၊ ထွက်နေတယ်"ဟု ပဋိဘာဂ နိမိတ်ပေါ်သည်အထိ ရှုမှတ်နေရမည်ဟု ဆိုလိုခြင်းဖြစ်၏။ ဖော်ပြပါ ဂဏန်းနည်းနှင့် အနုဗန္ဓနာနည်းနှစ်မျိုးလုံး ထိရာဌာနကို မလွတ်စေရပါ။ ထိုသို့ ပဋိဘာဂနိမိတ်ထင်ပြီးနောက် ထိုနိမိတ်ကို မကွယ်ပျောက်စေဘဲ ထင်ထင်ရှားရှား ပွင့်လင်းသွားအောင် အာရုံ၌ စိတ်ကို ဖိဖိစီးစီး ထား၍ ရှုစိုက်ရမည်။ ထိုနည်းကို စိတ်ကို ဖိကပ်ထားမှုနည်းဟု ခေါ်သည်။ ဤကား သမထ စခန်းဖြစ်၍ သမာဓိရအောင် အားထုတ်နည်းဖြစ်၏။

ဤသို့အားထုတ်၍ သမာဓိအား ကောင်းလာသောအခါ သမာဓိစခန်းမှ ဝိပဿနာ ကမ်းသို့ တက်ရမည်။ ထွက်သက် ဝင်သက်တိုင်း ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်မှုနှင့် ရုပ်နာမ်တရားတို့ကို အနိစ္စ (မမြဲ)၊ ဒုက္ခ (ဆင်းရဲ၏)၊ အနတ္တ (အနှစ်အသား မရှိ) ဟု ရှုမှတ်ရမည်။ ဤ၌ ရုပ်သည် နာမ်ထက် ဉာဏ်၌ ထင်လွယ်သောကြောင့် ရုပ်ကိုစ၍ ရှုမှ ပေါက်ရောက်လွယ်သည်။ ထွက်သက် ဝင်သက်သည် သမာဓိရလွယ်ခြင်း၊ ထင်မြင်လွယ်ခြင်းစသည်တို့ကြောင့် ရိပ်သာများ၌ ထွက်သက် ဝင်သက်ကို အားထုတ်ကြခြင်းဖြစ်သည်။ ထွက်သက်

ဝင်သက်ကို ရှုမှတ်၍ ညောင်းညာသော ဝေဒနာပေါ်လာသောအခါ ထိုဝေဒနာကို ရှုမှတ်ရမည်။ ထိုသို့ ရှုမှတ်နေလျှင် ဝေဒနာကို အဖန်ဖန်ရှုမှတ်ခြင်းတည်းဟူသော ဝေဒနာနုပဿနာဖြစ်သည်။ ထိုသို့ ရှုမှတ်ရင်း ကြံစည်တွေးတောစိတ်ပေါ်လျှင် ထိုစိတ်ကို မှတ်ရမည်။ ထိုသို့မှတ်လျှင် စိတ္တာနုပဿနာဖြစ်သည်။ ထိုမှ ကာမဂုဏ်အာရုံများကို ကြံစည်လျှင် ထိုအကြံကို လိုက်၍ မှတ်ရမည်။ ထိုသို့ ရှုမှတ်နေလျှင် ဓမ္မာနုပဿနာဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ထွက်သက်ဝင်သက်တည်းဟူသော အာနာပါနကို ထူထောင်၍ အားထုတ်နေခြင်းသည် ထိုယောဂီပုဂ္ဂိုလ်၏ ပါရမီအလျောက် ရက်မှ တစ်လ၊ နှစ်လ၊ သုံးလ၊ တစ်နှစ်၊ နှစ်နှစ်နှင့် မဂ်ဖိုလ်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါသည်။

ဤကား လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းဖြစ်ပေ၏။ ပွားများအားထုတ်နိုင်ကြပါစေသတည်း။

**ကျမ်းကိုး**

**ဗုဒ္ဓဘာသာကောင်းတစ်ယောက်**

# ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး

## (၁၂၂၂–၁၂၈၈)

ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီးကို မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကျည်းပင်ချောင်ရွာ၌ ခမည်းတော် ဦးမြ၊ မယ်တော် ဒေါ်လှိုင်တို့မှ ၁၂၂၂–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃–ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူလေသည်။

ငယ်မည်မှာ မောင်သံတူဖြစ်၏။ ရတနာပုံ မန္တလေးရွှေမြို့တော်ကြီး တည်ဆောက်ပြီး နောက်တစ်နှစ်တွင် မွေးဖွားသည်ဟု ဆိုနိုင်လေသည်။ ရတနာပုံ မန္တလေးမြို့တော်ကို ၁၂၂၁–ခုနှစ်တွင် တည်ဆောက်ခဲ့၏။ မုံရွာနယ်မြေကား ထူးချွန်သူများ၊ ပုဂ္ဂိုလ်ကျော်များ မွေးဖွားရာဒေသဟုဆိုသော် ရနိုင်ပေသည်။ ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကျော် ညောင်ကန်ဆရာတော်ဘုရားကြီး ဦးဗုဓ်၊ သုသီလက္ခန်ဋီကာသစ် ပါဠိကျမ်းကြီးကို ရေးသားသော မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ မောင်းထောင်ရွာသည်လည်းကောင်း၊ သီးလုံးဆရာတော်ဘုရားကြီး မွေးဖွားရာ သီးလုံးရွာနှင့် မင်းတုန်းမင်းလက်ထက် နတ်ရဲတောင်သာသနာပိုင်

ဟူ၍ ကျော်ကြားသော သာသနာပိုင်ဆရာတော်ဦးဧ္ဌးယျသည်လည်းကောင်း ၊ ပရိယတ် ပဋိပတ် စွယ်စုံကျော်ကြားသော မုံရွေး ဇေတဝန် ဆရာတော်ဘုရားကြီး၏ မွေးဖွားရာဇာတိ မုံရွေး ကြေးမုံရွာသည်လည်းကောင်း ၊ ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီး မဟာဗန္ဓုလ မွေးဖွားရာ ဇာတိ ငပရင်းရွာနှင့် မြဝတီမင်းကြီး ဦးစ မွေးဖွားရာ မောက်တက်ရွာသည်လည်းကောင်း မုံရွာခရိုင်အတွင်းမှာပင် တည်ရှိနေကြပေသည်။

မောင်သံတူ ခြောက်နှစ်သားအရွယ် ၁၂၂၈–ခုနှစ်တွင် ကျည်ပင်ချောင်ရွာ ရွာဦးဘုန်းတော်ကြီး ဦးမုနိန္ဒထံတွင် ပညာသင်ကြားခဲ့ရ၏။ မြန်မာသင်ပုန်းကြီး နမက္ကာရ၊ ပရိတ်ကြီး (၁၁) သုတ်၊ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်၊ လောကနီတိ စသော အခြေခံကျမ်းစာများ၊ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ပျို့၊ ကဗျာ၊ လင်္ကာ၊ ဆုံးမစာများကို သင်ကြားတတ်မြောက်ခဲ့လေသည်။ မောင်သံတူ ၁၄–နှစ်သားအရွယ်၊ ၁၂၃၆–ခုနှစ်တွင် ဘုန်းတော်ကြီး ဦးမုနိန္ဒထံမှာပင် မိဘများက သာမဏေအဖြစ် ချီးမြှောက်ခဲ့ကြ၏။ ဘွဲ့တော်မှာ "ရှင်ဣန္ဒက" ဖြစ်၏။

သာမဏေဘဝမှာပင် ကိုးကြောင်းဂဏန်းသင်္ချာ၊ ဗေဒင်ပညာများနှင့် ပရိယတ္တိ အခြေခံဖြစ်သော သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ် သံဝဏ္ဏနာ၊ နိယံကျမ်းများကို ကုန်အောင် သင်ကြားခဲ့လေသည်။ ပရိယတ္တိစာပေကို စွမ်းအားရှိသလောက် သင်ယူနေစဉ် ဆရာဘုန်းတော်ကြီး ပျံလွန်တော်မူသဖြင့် အားကိုးရာမဲ့ဖြစ်ကာ လူထွက်ခဲ့ရ၏။ ကိုသံတူ လူ့ဘဝရောက်၍ မကြာမြင့်မီမှာပင် ဖခင်ကြီး ဦးမြ ကွယ်လွန်ပြန်လေသည်။ ငယ်ရွယ်စဉ်ဘဝနှင့် မောင်သံတူ သံဝေဂ ရခဲ့သည်ကား ဖခင်ကြီးနှင့် ဆရာဘုန်းတော်ကြီးတို့က လက်တွေ့ပြသခဲ့သဖြင့် သံဝေဂ ရခြင်းပင်ဖြစ်ပေသည်။ ဆရာဘုန်းတော်ကြီးနှင့် ဖခင်ကြီးတို့ မိမိလက်ပေါ်မှာပင် သေမင်းခေါ်ရာ နောက်သို့ လိုက်ပါသွားရပုံကို တရေးရေးမြင်ယောင်လာပြီး "အင်း–သင်းလက်က ငါလွတ်အောင် လုပ်ပြမည်" ဟူသော စိတ်ဓာတ်များ ပေါ်ပေါက်လာရတော့သည်။ သေမင်းကို ခုခံအန်တုရန်အတွက် သင်္ကန်းဝတ်မှ ဖြစ်မည်ဟူသော အတွေးက ဝင်ရောက်လာလေ

တော့သည်။ သို့သော် မိဘများထံ ခွင့်တောင်းရန် နှုတ်က မထွက်ရက်အောင် ဖြစ်နေသဖြင့် အချိန်ကုန်ခဲ့ရ၏။ မောင်သံတူသည် ညီဖြစ်သူ မောင်သာပိုက်ကို တောင်ယာလုပ်ငန်းများ လက်တွေ့သင်ပေးခဲ့၏။ မောင်သာပိုက် လုပ်တတ် ကိုင်တတ်လျှင် သင်္ကန်းပြန်ဝတ်ရန် ဖြစ်၏။ မကြာမီ မိခင်ကြီးထံ ချဉ်းကပ်ပြီး သင်္ကန်းပြန်ဝတ်လိုကြောင်း ဖွတ်မိုတ်ပြီး ခွင့်တောင်းလေတော့သည်။ မိခင်ကြီးမှာ သားထံမှ မမျှော်လင့်သော စကားကို ကြားရသဖြင့် ခွင့်မပြုနိုင်ကြောင်း ငိုယို တားမြစ်လေတော့သည်။ မိခင်ကြီး ခွင့်မပေးသဖြင့် စစ်ကိုင်းတောင်ရိုး ညောင်ပင် သာ ကျောင်းသို့ တိတ်တဆိတ် ထွက်ပြေးလေတော့သည်။ ထိုစဉ်က လယ်တီ လောင်းလျာ ဦးဉာဏသည် မန္တလေးမြို့ စံကျောင်းတိုက်တော်ကြီးတွင် ပညာ သင်ကြားနေခိုက် ဝါကျွတ်သောအခါ ညောင်ပင်သာကျောင်းသို့ ခေတ္တ ရောက်ရှိနေခိုက်နှင့် ကြုံလေသည်။

မောင်သံတူ ရောက်လာသောအခါ ဦးဉာဏက ရောက်သည့်နေ့မှာပင် ကိုရင်ဝတ်ပေးလိုက်လေသည်။ မကြာမီ မိခင်ကြီးက ထိုသတင်းကို ကြားလေရာ သားငယ် မောင်သာပိုက်နှင့် စစ်ကိုင်းတောင်ရိုးသို့ လိုက်လာခဲ့တော့၏။ ကိုရင် ဝတ်နေသော သားကြီး မောင်သံတူကို တွေ့ရသောအခါ အားပါးတရငိုကြွေးပြီး မုံရွာသို့ ပြန်လိုက်ခဲ့ရန် အတင်းအကြပ် ခေါ်လေတော့သည်။ သို့ရာတွင် လယ်တီလောင်းလျာ ဦးဉာဏ၏ တရားပြသမှုဖြင့် မိခင်ကြီးမှာ အပူငြိမ်းခဲ့ရ၏။ ထို့ကြောင့်လည်း သားဖြစ်သူအား လူထွက်ရန် မတိုက်တွန်းတော့ဘဲ မုံရွာသို့ ပြန်သွားလေတော့သည်။

ဦးဉာဏသည် ကိုရင် ရှင်ဣန္ဒကကို မန္တလေးမြို့စံကျောင်းတော်ကြီးသို့ ခေါ်ဆောင်သွားကာ ကိုယ်တော်တိုင် နေ့ဝါ၊ ညဝါ စာပေကျမ်းဂန်များကို သင်ကြားပို့ချတော်မူလေသည်။

ကိုရင်ရှင်ဣန္ဒကသည် ၁၂၄၂–ခုနှစ်တွင် သက်တော် (၂၀) တင်းတင်း ပြည့်နေပြီဖြစ်၍ (ဦးဉာဏ၏ စီမံမှုအရ) **စစ်ကိုင်းတောင်ရိုး ညောင်ပင်သာချောင်၊** သစ်ဆိမ့်တောရဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ လယ်တီလောင်းလျာ

ဦးဉာဏ ဦးစီးသော စာချဆရာတော်များနှင့် စစ်ကိုင်းတောင်ရိုးမှ သံဃာတော်များက မြင့်မြတ်သော ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်တော်မူလေသည်။ လယ်တီလောင်းလျာ ဦးဉာဏကပင် ပစ္စည်းလေးပါး ဒကာခံပြီး ရဟန်းဝတ်ပေးခြင်း ဖြစ်၏။

သီပေါဘုရင်မင်းတရားကြီးအား နယ်ချဲ့အင်္ဂလိပ်များ ဖမ်းဆီးခေါ်ဆောင်သွားချိန်တွင် ဦးဣန္ဒကမှာ ရဟန်းဝါ (၅) ဝါမျှသာ ရှိလေသည်။ လယ်တီဆရာတော်ကြီး မုံရွာသို့ ပြောင်းရွှေ့လာသောအခါတွင်လည်း တပည့်ကြီးဦးဣန္ဒကကို တစ်ပါးတည်း ခေါ်ဆောင်လိုသော်လည်း ဦးဣန္ဒက က မန္တလေးမှာပင် ပညာသင်ကြားခွင့်ပြုပါရန် လျှောက်ထားသဖြင့် နေထိုင်ခွင့်ပြုရလေသည်။ ဦးဣန္ဒကသည် မန္တလေးမြို့တော်မှာ နေစဉ် ကဗျာ၊ လင်္ကာမှ စ၍ လောကီလောကုတ္တရာ စွယ်စုံတတ်သော ဆီးဘန်းနီ ဆရာတော်ဘုရားကြီးထံမှ ဆက်လက်ပြီး ပညာသင်ကြားနေလေသည်။

## လယ်တီတိုက်မှာ စာချပါ

လယ်တီဆရာတော်ဦးဉာဏသည် ၁၂၅၃–ခုနှစ်တွင် တပည့်ကြီး ဦးဣန္ဒကအား မုံရွာမြို့ လယ်တီတိုက်သို့ ပြန်ခေါ်ကာ တိုက်တွင်းရှိ ရဟန်းငယ်များအား စာပေပို့ချရန် မိန့်တော်မူလေသည်။ ထိုအခါ ဦးဣန္ဒက က–

"ကျေးဇူးရှင်ကြီးဘုရား၊ တပည့်တော်သည် ငယ်ဆရာဘုန်းတော်ကြီးနှင့် ခမည်းတော်ကြီးကို သေမင်းခေါ်သွားစဉ်က "သေမင်းလက်က အမြန်လွတ်အောင် ရုန်းမည်" ဟု ကြုံးဝါးခဲ့ဖူးပါသည်။ သို့ပါ၍ စာချခြင်း၊ ပရိယတ္တိလုပ်ငန်းကို မလုပ်ဘဲ သေမင်းလက်က အမြန်ဆုံး လွတ်ထွက်နိုင်အောင် ကမ္မဋ္ဌာန်း အလုပ်ကိုသာ အားထုတ်ရန် ခွင့်ပြုတော်မူပါ ဘုရား"ဟု ပြတ်သားရဲဝံ့စွာ လျှောက်ထားလိုက်လေသည်။

ထိုစဉ်က ကြောင်ပန်းလောင်းလျာမှာ ရဟန်းဝါ (၁၁) ဝါ မျှသာ ရှိပေသည်။ ယင်းသို့ ကမ္မဋ္ဌာန်းတရား အားထုတ်ရန် လျှောက်ထားသောအခါ လယ်တီဆရာတော်ဘုရားကြီးက စိတ်ငြိုငြင်တော်မမူဘဲ မိမိစိတ်ကို မိအောင်

ဖမ်းရန်၊ ဖမ်းနည်းကို တောင်ပို့ဥပမာပြလျက် အကျယ်တဝင့် ဟောကြားညွှန်ပြတော်မူပြီးလျှင် သာခုသုံ ကြိမ်ခေါ်တော်မူလေသည်။ ဦးဣန္ဒကသည် ဆရာတော်ဘုရားကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် ၁၂၅၃–ခုနှစ်၊ နယုန်လပြည့်နေ့တွင် တောရဆောက်တည်ပြီး ကမ္မဋ္ဌာန်းအားထုတ်တော့မည့်အကြောင်းနှင့် အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်ပါရန် လျှောက်ထားလေသည်။

“ငါ့ရှင်ဣန္ဒက၊ ကမ္မဋ္ဌာန်းအလုပ်မှာ အရေးအကြီးဆုံးက သည်းခံခြင်းပဲ၊ ကောင်းကောင်းဆိုးဆိုး မှားမှားမှန်မှန် သည်းခံရမည်၊ လောကမှာ လူအများစုကတော့ သည်းခံခြင်းကို ရှုံးတယ်၊ နစ်နာတယ်လို့ ထင်နေကြတယ်၊ တို့ဘုရားသာသနာမှာတော့ အကောင်းဆုံးလက်နက်ကြီးပဲကွယ့်၊ ပွင့်တော်မူသွားကြတဲ့ ဘုရားရှင်တိုင်းလဲ “ခန္တီ ပရမံ တပေါ တိတိက္ခာ” သည်းခံခြင်းသည် အမြတ်ဆုံးလို့ ဟောတော်မူခဲ့တယ်။

“ဘာပဲဖြစ်ဖြစ် သည်းခံပါကွယ်၊ နောက်တစ်ခုက မောင်ဣန္ဒကလဲ စာပေကို နှံ့စပ်အောင် သင်ဖူးသားပဲ၊ တရားအားထုတ်တဲ့နေရာမှာ ရှေးဦးစွာ တံခါးခြောက်ပေါက်တွင် တစ်ပေါက်သာ ဖွင့်ပြီး အာနာပါန ထူထောင်ပါ၊ ထွက်လေ ဝင်လေ ရုပ်နာမ်ဖြစ်ပျက်မှုကို မြင်အောင်ရှုပါ၊ ကဲ– ကဲ– အဲဒါပဲ၊ သွားပေတော့၊ ကိစ္စအထူးရှိလျှင်လဲ အကြောင်းကြားလိုက်ပေါ့၊ လာနိုင်ရင် လာခဲ့ရမှာပေါ့”

ဦးဣန္ဒကသည် မုံရွာမှ ခြေလျင်ကြွတော်မူ၍ ကျည်းပင်ချောင်ရွာမှ ကျေးဇူးရှင်မယ်တော်ကြီးအား ခေတ္တဝင်ရောက်တွေ့ဆုံပြီး မိုင်သုံးဆယ်နီးပါးဝေးသော ဝရဲ (ဝက်ရဲ) တောကြီးသို့ ကြွတော်မူလေသည်။ ဝရဲတောကြီးကား မဟာမြိုင်တောကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်၏။ အလွန်ကြီးမား၍ လူသုံးယောက်ဖက်မျှရှိသော ကျွန်းပင်ကြီးများ ပေါများလှပေသည်။ တောထဲသို့ ရောက်စက ဦးဣန္ဒကသည် ကြီးမားလှသော ကျွန်းပင်ကြီးတစ်ပင်၏ သစ်ခေါင်းကြီးအတွင်း၌ သီတင်းသုံးကာ ဝါကပ်တော်မူလေသည်။ မြတ်စွာဘုရားရှင်လွန်စွာမြတ်နိုးတော်မူသော “ရုက္ခမူလ သေနာသန” ခေါ် သစ်ပင်ရင်းတည်းဟူသော ကျောင်းဖြစ်လေသည်။ ဝရဲတောကြီးထဲတွင် သီတင်းသုံး၍ လေးနှစ်မျှ

ကြာသောအခါ ကျည်းပင်ချောင်ရွာမှ မောင်သာပိုက် အပါအဝင် ဆွေမျိုး တစ်စု လှူဖွယ်ပစ္စည်းများဖြင့် ရောက်ရှိလာကြလေသည်။ မယ်တော်ကြီး ဒေါ်လှိုင်ကို မေးမြန်းရာ ၁၂၅၆–ခုနှစ်၊ နယုန်လ,ကပင် ကွယ်လွန်သွားပြီဖြစ်ကြောင်း လျှောက်ထားကြလေသည်။ ထိုလျှောက်ထားချက်ကို ကြားရသောအခါ "အင်း–သေဘေးကြီး နီးလာပြီ၊ မသေခင် တစ်မဂ် တစ်ဖိုလ် ရအောင် အားထုတ်မှဖြစ်မည်" ဟု ဆင့်ကဲ ဆင့်ကဲ နှိုးဆော်တိုက်တွန်းသကဲ့သို့ ဖြစ်နေလေတော့သည်။

ထို့နောက် မိမိဆွေမျိုးများအား တရားပြသ ဆုံးမသည်မှာ "သေတဲ့ အမျိုးက မွေးတာကိုး သေမှာပေါ့၊ မင်းတို့လဲ သေမှာပဲ၊ ငါလဲ သေမှာပဲ၊ ဟေ့–မောင်သာပိုက်၊ မင်းလဲ ငယ်တာ မဟုတ်တော့ဘူး၊ ဘုရား သာသနာနဲ့ တွေ့တုန်း ဆုံတုန်း အချိန်ကောင်းကြီးမှာ မသေတဲ့တရားကို အမြန်ဆုံးရအောင် ရှာဖို့လိုပြီ၊ မင်းတို့ တစ်ခု စဉ်းစားဖို့ရာက ခန္ဓာကိုယ်ကောင်ဟာ ငှားနွားနဲ့ တူပါတယ်ကွာ၊ ကိုယ်တာ ကိုယ်ပိုင် နွားထင်ပြီး မခိုင်းရက်ဘဲ တယုတယ အစာကျွေးနေတုန်းမှာ နွားပိုင်ရှင်က သူ့နွားကို ပြန်ယူသွားတော့ မောကျန်ရစ်သလိုလိုပဲ၊ ဒီခန္ဓာကိုယ်ဟာ အမှန်ကတော့ အအိုရဲ့ ခန္ဓာ၊ အနာရဲ့ ခန္ဓာ၊ သေမင်းရဲ့ ခန္ဓာကိုယ်ကြီးပါကွာ၊ မင်းတို့ မပိုင်ပါဘူး၊ တစ်နေ့ကျ သေမင်းက လာခေါ်သွားတော့၊ ငေးကျန်ခဲ့ကြရမှာပဲ၊ အဲဒီတော့ သေမင်း လာခေါ်တဲ့ အချိန်ကျမှ နောင်တ,ရပြီး ငေးမကျန်ရစ်ကြစေနဲ့."

ဆရာတော်ဘုရားက တရားပြ ဟောကြားပြီးနောက် "နောက်တစ်ခေါက် မလာကြနဲ့တော့" ဆုံးမပြောဆို၍ လွှတ်လိုက်၏။ ဦးဣန္ဒကသည် ထိုအချိန်မှစ၍ တရားကို ပြင်းပြင်းထန်ထန် အားထုတ်ရာ (၇) ရက်မှ တစ်ကြိမ်သာ ဆွမ်းခံကြွကာ အာဟာရ၌ ရောင့်ရဲတော်မူလေသည်။ ယင်းသို့ ပြင်းထန်စွာ အားထုတ်ခဲ့ရာ ခန္ဓာကိုယ်မှာ စည်ပင်မှုမရှိတော့ဘဲ တစ်နေ့တခြား ဆုတ်ယုတ်ပျက်ပြားလာပြီးလျှင် အားအင်ကုန်ခန်းကာ မကျန်းမမာဖြစ်၍လာလေသည်။ ထိုအခါ စိတ်ဓာတ်များ ကျဆင်းပြီး ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီးထံသို့ ဆရာတော်ဘုရား ခိုင်းသည့် နာမ်တရားက ဆန်းကြယ်လွန်းလို့ ပိုင်ပိုင်နိုင်နိုင်

မိအောင် မဖမ်းနိုင်ကြောင်းနှင့် (လယ်တီနှင့် ဆီးဘန်းနီ) တို့၏ တပည့်ပီပီ အောက်ပါ ကဗျာတစ်ပုဒ်ကို ရေး၍ ပို့လေသည်။

**"အသွင်ငယ်မတူ၊ အရင်မူဟန် မပျက်ပါဘု၊**
**သဘောဉာဏ် ဟောရန် ခက်ပါဘိ ဉာဏ်ထက်သူ သုံး၊**
**နာမ်စိတ်အစဉ် မှန်ရိပ်လို ဘယ်ခါတွင်မှ၊**
**ဉာဏ်ရှင်ကာ သမ္မဇည်ရယ်နဲ့ ဒဿနာ ကေန္တ ကို မြင်ရမတုန်း"**

လယ်တီဆရာတော်ဘုရားကြီးသည် တပည့်ကြီးထံမှ စာကို ဖတ်ကာ "ဝရဲတောကြီးထဲက ငါ့တပည့်ကြီး မောင်ဣန္ဒကဆီ သွားဦးမှပဲ"ဟု ငြီးတွားပြီး စာလာပို့သူနှင့်အတူ သပိတ်လွယ်ကာ ခြေလျင်ခရီး ကြွတော်မူလေသည်။ ကဆုန်လဖြစ်၍ ရာသီဥတုက လွန်စွာ ပူပြင်းလှတော့သည်။ ထိုနှစ် လယ်တီဆရာတော်ဘုရားသည် ဝရဲတောမှာပင် ဝါကပ်တော်မူသည်။ ဦးဣန္ဒကမှာ ကျန်းမာရေးမကောင်းသေးသဖြင့် လယ်တီဆရာတော်ကပင် ဆွမ်းခံ၍ ကျွေးတော်မူသည်။

ဆရာတပည့်နှစ်ပါးသည် ထိုနှစ်ဝါတွင်း၌ တရားဆွေးနွေးခြင်း၊ တရားအားထုတ်ခြင်းတို့ဖြင့်သာ အချိန်ကုန်စေခဲ့၏။ ဝါကျွတ်သောအခါ ဆရာတပည့်နှစ်ပါးသည် ဝရဲတောမှ ဘုတလင်မြို့သို့ ကြွလာကြလေသည်။

ဆရာတော်ဘုရားကြီး မုံရွာသို့ ပြန်ကြွ၍ ဦးဣန္ဒကက ဝရဲတောကြီးသို့ ပြန်၍ ဝင်လေသည်။ ၁၂၆၅-ခုနှစ်တွင် ဝရဲရွာ၊ ကူတော်ရွာ၊ ရွာမွန်ရွာတို့၏ အရှေ့ဘက် ကြောင်ပန်းတောကြီးသို့ ပြောင်းရွှေ့သီတင်းသုံးလေသည်။ ဖော်ပြပါ ရွာများမှ ဒကာ၊ ဒကာမများက ကျောင်းများ ဆောက်လုပ်လှူဒါန်းကြသဖြင့် ကြောင်ပန်းတောရ၊ ကြောင်ပန်းဆရာတော်ဟု အမည်တွင်လေသည်။

၁၂၈၅-ခုနှစ်တွင် ပျဉ်းမနားမြို့၌ လယ်တီဆရာတော်ဘုရားကြီး ပျံလွန်တော်မူကြောင်း မုံရွာလယ်တီတိုက်မှတစ်ဆင့် ကြောင်ပန်းတောရသို့ ကြေးနန်းဖြင့် အကြောင်းကြားလေသည်။ ထိုနေ့မှာပင် မုံရွာလယ်တီတိုက်သို့ ရောက်ရှိပြီး ဆရာတော်ဘုရားကြီး ရုပ်အလောင်း ပင့်ဆောင်ရေးကို ညှိနှိုင်းဆွေးနွေးကြလေသည်။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို

ပျဉ်းမနားမြို့ပေါ်ရှိ တပည့်တပန်းများ၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ ရဟန်းသံဃာများက ပျဉ်းမနားမြို့မှာပင် သဂြိုဟ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ကြလေသည်။ ထို့ပြင် မုံရွာမှ လာရောက်ပင့်ဆောင်လျှင်လည်း ခွင့်မပြုရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းနှင့် ညှိနှိုင်းပြီး အစီအစဉ် ရေးဆွဲထားကြ၏။ မုံရွာမြို့ရှိ တပည့်အပေါင်းတို့ကလည်း လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို ပင့်ဆောင်လာသောအခါ အဆင်သင့် ထည့်သွင်းရန် မှန်စီရွှေချ ခေါင်းတော်ကြီးကို အပြီးလုပ်ထားခဲ့ကြ၏။ သို့သော် အလောင်း သွားပင့်သူတို့ အလောင်းတော်ပါ မလာသဖြင့် အချည်းနှီးဖြစ်ကြရ၏။

၁၂၈၈–ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်နေ့တွင် ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ လယ်တီဆရာတော်ဘုရားကြီး၏ အနုဂ္ဂဟ နှစ်မျိုးဖြင့် ချီးမြှောက်ခဲ့သော လက်သပ်မွေးတပည့်ကြီး ဖြစ်ခြင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ကြိုးပမ်းမှု ဝိပဿနာကို ရှေ့တန်းမှ ဆောင်ရွက်တော်မူခြင်းတို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးအတွက် ပြုလုပ်ထားသော မှန်စီရွှေချ ခေါင်းတော်ကို ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းထည့်ရန် လယ်တီကျောင်းရှိ သံဃာတော်များက ဆုံးဖြတ်တော်မူကြလေသည်။ ထိုခေါင်းတော်ကို မီးရထားဖြင့် ဘုတလင်မြို့ ကြောင်ပန်းတောရသို့ သယ်ယူကြရာတွင် ရထားရပ်တန့်ပေးရန် ရုံပိုင်ကြီးအား သွားရောက်ဆွေးနွေးရာ ရုံပိုင်ကြီးက လိုအပ်သမျှ ကူညီလေသည်။

ကြောင်ပန်းဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို ထိုမှန်စီရွှေချခေါင်းထဲသို့ မထည့်မီ လူဝတ်ကြောင်များကို ကိုင်ခွင့်မပြုရန် ဦးဉာဏော၏ အမိန့်ရှိချက်အရ မုံရွာမြို့လယ်တီတိုက်မှ သံဃာများက ကြောင်ပန်းတောရအထိ လိုက်ပို့ကြ၏။ မီးရထားမှာ ဘူတာရုံမဟုတ်ပါဘဲ ကြောင်ပန်းတောရအနီးမှာပင် ရပ်တန့်ပေးခဲ့လေသည်။

မြန်မာနိုင်ငံတွင် ဝိပဿနာ သာသနာပြုရာတွင် ကြောင်ပန်းဆရာတော်ဘုရားကြီး ကျင့်ကြံအားထုတ်ပုံမှာ သာမန်လူတို့ လုပ်နိုင်ခဲသော ကျင့်ကြံအားထုတ်မှုပင် ဖြစ်ပေ၏။ ကြောင်ပန်း ဝိပဿနာဟူ၍ မော်ကွန်းတင်နိုင်

လောက်အောင် စွမ်းစွမ်းတမံ ကျင့်ကြံအားထုတ်တော်မူခဲ့၏။ သာမန်လူတို့ကို လူ့ပြည် လူ့လောကသို့ အမှတ်မထင် ရောက်လာပြီး မထင်မရှား ပျောက်ကွယ်သွားခြင်းမျိုး မဟုတ်ပါ။ ဘုန်းရှင် ကံရှင်တို့အတွက် ကြိုတင်၍ ဖြစ်လေ့ဖြစ်ထ ရှိသော အတိတ်တပေါင်များဖြင့် ပွင့်ထွန်းပေါ်ပေါက်ခဲ့ပေသည်။

"အင်းခမ်းတော့ လယ်ပေါ်၊ လယ်ပေါ်တော့ ငှက်ကျ၊ ငှက်ကျတော့ ကြောင်ခုတ်"

ဟူ၍ ဖြစ်ပေ၏။ (၁) ပထမအင်းခမ်းဆရာတော် (မဟာဝိသုဒ္ဓါရာမ ရွှေကျင်ဆရာတော်)၊ (၂) လယ်တီဆရာတော်၊ (၃) ငှက်တွင်းဆရာတော်၊ (၄) ကြောင်ပန်းဆရာတော်ဟူ၍ ဆရာတော်ဘုရားကြီး လေးပါး ပွင့်ထွန်းတော်မူခဲ့ပေရာ အားလုံးပင် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ချွန်၊ ပုဂ္ဂိုလ်မွန်များ ဖြစ်ကြပေသည်။

ကြောင်ပန်းဆရာတော်ဘုရားကြီးကား ကြောင်ပန်း ဝိပဿနာဟူ၍ ကျော်ကြား လူကြိုက်များသည့်အထိ ဝိပဿနာတရားများကို ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့လေသည်။ ယခုထက်တိုင်အောင်ပင် ဘုတလင်မြို့အဝင်မှာ ရှိသော ကြောင်ပန်း တောရတိုက်ကြီးသည် ရဟန်းသံဃာနှင့် လူပရိသတ်တို့အား ဝိပဿနာတရားများကို ညွှန်ကြားပြသလျက်ပင် ရှိပေသည်။

ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်လည်း (၁) ဝိဝဋ္ဋ ဒီပနီ၊ (၂) ဝိပဿနာ ဒီပနီ၊ (၃) သဘာဝ ဒီပနီ၊ (၄) သုံးလောက ဒီပနီ၊ (၅) ရတနာ ဒီပနီနှင့် ကြောင်ပန်းဟောစဥ်များ ဆုံးမစာများကို ရေးသားတော်မူခဲ့လေသည်။ ဤမျှ ကျေးဇူးကြီးမားလှသော ကြောင်ပန်းဆရာတော်ဘုရားကြီးသည် ၁၂၈၈–ခုနှစ်၊ ပြာသိုလဆန်းသုံးရက်တွင် ပျံလွန်တော်မူခဲ့လေ၏။ ပျံလွန်ချိန်တွင် သက်တော် (၆၆) နှစ်ရှိတော်မူပေပြီ။ ဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီကိုလည်း တည်ထားကိုးကွယ်ကြလေသည်။

**ကျမ်းကိုး**

**ရဟန္တာဟု ကျော်ကြားသော ကြောင်ပန်းဆရာတော်ကြီး**

# ညောင်ပင်အိုင်တောရ ဆရာတော်

## (၁၂၈၃-၁၃၆၅)

ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော အမြင့်မြို့မှ မြစ်ကိုကျော်၍ အနောက်မြောက်ဘက်သို့ မျှော်၍ ကြည့်လိုက်လျှင် စေတီဖွေးဖွေးများနှင့် ညို့မှိုင်းအုပ်ဆိုင်းနေသော ညောင်ပင်အိုင်တောရကို တွေ့ကြရလေသည်။ ချင်းတွင်းမြစ်ကမ်းပေါ်တွင် မေးတင်နေသော ပေါင်းဝရွာနှင့် ပေါင်းဝဘုရားကြီးတို့သည် တသွင်သွင် စီးဆင်းနေသော ချင်းတွင်းမြစ်နှင့် ပန်းတင့်လှပေ၏။

မျက်စိပသာဒကြည့်ရသည်မှာ ဆေးပန်းချီခြယ်ထားသကဲ့သို့ သာယာလှပေသည်။ ဤပေါင်းဝရွာအနီးမှာပင် ညောင်ပင်အိုင်တောရ တည်ရှိ၍ နေပေသည်။ အင်းဝခေတ်ကပင် အင်းဝ၊ ပေါင်းဝ၊ ကလေးဝ၊ ဝသုံးဝ မြို့များဟု ခေါ်စမှတ်ပြုခဲ့ကြပေသည်။ ဤပေါင်းဝမြို့ တောင်ဘက် ညောင်ပင်အိုင်ဆရာတော်ဟု ကျော်ကြားသော ဆရာတော်ဘုရား စတင် သီတင်းသုံးရာ ဒေသဖြစ်ခဲ့လေသည်။

ညောင်ပင်အိုင်ဆရာတော်ဘုရားကြီးလောင်းလျာကို ရေစကြိုမြို့နယ်၊ ဖူလုံရွာတွင် ခမည်းတော် ဦးသာဆွယ်၊ မယ်တော် ဒေါ်နှင်းတုတ်တို့မှ

၁၂၈၃–ခုနှစ်၊ ပြာသိုလဆန်း (၃) ရက်၊ ၁၉၂၁–ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် စနေနေ့တွင် ဖွားမြင်တော်မူသော အထွေးဆုံးသားရတနာဖြစ်ပေသည်။ စနေသားဖြစ်သည်နှင့် အညီ နာမည်ကို မောင်ထွန်းရှိန်ဟူ၍ မှည့်ခေါ်ခဲ့ကြ၏။

မိဘနှစ်ပါးသည် မောင်ထွန်းရှိန် (၇) နှစ်သားအရွယ်သို့ရောက်သော အခါ ဖူလုံရွာ ပတ္တပိုဏ်ကျောင်းတိုက်ဆရာတော် ဦးဥတ္တရထံ ပညာသင်ရန် အပ်နှံခဲ့ကြလေသည်။ ဆရာတော်သည် မောင်ထွန်းရှိန်အား ရှေးခေတ် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်အတိုင်း "နမောဗုဒ္ဓါယ" မှ စ၍ မြန်မာစာပေ၏ အခြေခံဖြစ်သော စာများကို သင်ပေးလေသည်။ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်စသော စာပေများကို သင်ကြားခဲ့လေသည်။

အသက်တစ်ဆယ့်နှစ်နှစ် အရွယ်တွင် မိဘနှစ်ပါးက ရှင်ပြုမင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာ့အမွေကို ခံယူစေခဲ့၏။ ဘွဲ့တော်မှာ ရှင်နန္ဒောဘာသ ဖြစ်၏။ သာမဏေအဖြစ်သို့ ရောက်ရှိလာသော "ရှင်နန္ဒောဘာသ" သည် ငါးဝါပတ်လုံး ပတ္တပိုဏ်ကျောင်းဆရာတော် ဦးဥတ္တရနှင့် စာချဘုန်းကြီးများ ဖြစ်သော ဦးသောဘဏ၊ ဦးဣန္ဒာစာရတို့ထံ သဒ္ဒါ၊ သင်္ဂဟ၊ ဝိနည်းစသော ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားခဲ့လေသည်။ ပတ္တပိုဏ်ကျောင်းသည် ဝိနည်းရော၊ စည်းကမ်းပါ နာမည်ကြီးသော ကျောင်းတိုက်ဖြစ်လေရာ 'ရှင်နန္ဒောဘာသ' သည် ဆရာသမားများ၏ အဆုံးအမ ဩဝါဒနှင့်အညီ တိတိကျကျ လိုက်နာကျင့်သုံးခဲ့လေသည်။ ဆရာတော်ဦးဥတ္တရသည် တပည့်ဖြစ်သူ ရှင်နန္ဒောဘာသအား စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံဆရာတော် ဘဒ္ဒန္တ ဇောတိပါလထံ အပ်နှံ၍ သဒ္ဒါ၊ သင်္ဂဟ၊ ဝိနည်း အဘိဓမ္မာ ဉာဝါ ကျမ်းများကို သင်ယူစေခဲ့၏။ ရှင်နန္ဒောဘာသသည် အတိသုဒ္ဓါရုံချောင်၌ တစ်ဝါဆိုခဲ့လေသည်။ ထို့နောက် မိမိနေရင်းကျောင်း ပတ္တပိုဏ်ကျောင်းသို့ ပြန်ကြွလာခဲ့လေသည်။

၁၃၀၃–ခုနှစ်၊ နယုန်လဆန်း (၁၂) ရက် ကြာသပတေးနေ့တွင် ဆရာတော် ဦးဥတ္တရကို ဥပဇ္ဈာယ်ပြုပြီး လျှင် ရေစကြိုမြို့နယ်၊ သာစည်ရွာ ရဟန်းဒါယကာ ဦးဘအေး၊ ရဟန်းဒါယိကာမ ဒေါ်သိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပတ္တပိုဏ်ကျောင်းတိုက် ဗဒ္ဓသိမ်၌ မြင့်မြတ်သော ရဟန်းဘဝတို့သို့ ရောက်ရှိ

တော်မူလေသည်။ ရဟန်းဘဝတွင် ၎င်းကျောင်းတိုက်မှာပင် နေထိုင်၍ ပိဋကတ် စာပေများကို ကြိုးစားသင်ယူခဲ့၏။ ရဟန်း ငါးဝါအရတွင် ရေစကြိုမြို့နယ် အောက်အိုအနောက်ရွာ မဟာဗောဓိကာရာမတိုက် ဆရာတော် ဦးဉာဏုတ္တရထံ ကြွရောက်၍ စာပေကျမ်းဂန်များ သင်ကြားခဲ့သည်။ ထိုမှ စလင်းမြို့နယ် ကန်လယ်ဆရာတော် ဦးဝဇီရာဝုဓထံသို့ သွားရောက်ဆည်းကပ်၍ ပဋိပတ် အလုပ်ကို နည်းခံအားထုတ်တော်မူခဲ့လေသည်။

## ပေါင်းဝ ဓမ္မစ္ဆာသယသို့

အရှင်နန္ဒာဘာသ ပတ္တပိုဏ်တိုက်တွင် သီတင်းသုံးနေတော်မူစဉ် ဆားလင်းကြီးမြို့နယ် ပေါင်းဝရွာ၊ ဓမ္မစ္ဆာသယ တောရမှ ဆရာတော်ဦးသုတ ကြွရောက်တော်မူလာသည်။ ဦးသုတမှာ ဓုတင်္ဂရေ အမြဲတမ်းဆောင်သော ဆရာတော်ဖြစ်ပေရာ အရှင်နန္ဒာဘာသည် ပတ္တပိုဏ် ဆရာတော်ထံ ခွင့်ပန်၍ ပေါင်းဝရွာ 'ဓမ္မစ္ဆာသယ' တောရသို့ လိုက်ပါလာခဲ့လေတော့သည်။

ပေါင်းဝ ဓမ္မစ္ဆာသယ ဆရာတော်ထံ ဆည်းကပ်၍ ပဋိပတ်ကို နည်းခံ ကျင့်သုံးတော်မူလေသည်။ ပေါင်းဝ ဓမ္မစ္ဆာသယတွင် သီတင်းသုံးနေစဉ် 'အရညတင် ဓုတင်' ဆောက်တည်၍ တောရကျောင်းနေလိုသော ဆန္ဒပြင်းပြ တော်မူသဖြင့် တောရဆောက်တည်ရန် နေရာရှာဖွေရာ ကျောင်းကုန်းရွာမှ ဦးအောင်ညွန့်က သူ၏ယာမြေအနီးဖြစ်သော ညောင်ပင်ရှိ၍ ညောင်ပင်အိုင်ဟု ခေါ်တွင်သော နေရာကို ညွှန်ပြလေသည်။ ဆိတ်ငြိမ်အေးမြသော အရိပ်အာဝါသ နှင့် ပြည့်စုံ၍ တောရဆောက်တည်ရန် သင့်လျော်သဖြင့် ထိုနေရာကို ရွေးချယ် တော်မူလေသည်။ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းအနီးတွင် ကျောက်ခေါင်းတစ်ခု ရှိခဲ့၏။

အနောက်ဘက်တွင် ကျောက်ဂူတစ်ခုရှိခဲ့၏။ တစ်လုံးမျှသော ကျောက်တုံး ကြီးများ တစ်ခုနှင့်တစ်ခု ထိကာ ဂူသဖွယ်ဖြစ်နေခဲ့၏။ အကျယ်အဝန်းမှာ နှစ်တောင်ပတ်လည်မျှသာ ရှိပြီး ဂူပေါက်အကျယ်မှာ လူတစ်ယောက် ဝင်သာရုံ ကလေးမျှသာ ဖြစ်၏။ ဂူတွင်း၌ လူတစ်ထိုင် မလွတ်တလွတ်သာ ရှိ၏။

ဆရာတော်ကြီးသည် ညောင်ပင်အိုင်ရောက်စက ထိုဂူတွင်းသို့ဝင်ကာ တရားအားထုတ်ခဲ့၏။ ကျောက်ဂူမှာ သဘာဝကျောက်ဂူဖြစ်ပေရာ တရားအားထုတ်ရန် အသင့်တော်ဆုံးဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး လဲလျောင်းပြီး ကျိန်းစက်(အိပ်နေ)သည်ကို မြင်ရခဲပေသည်။ မည်သည့်အချိန်တွင်မဆို ထိုင်လျက်သားသာ ဖူးတွေ့ရလေသည်။ တစ်ခါက ဘုန်းတော်ကြီးတပည့်က ဆရာတော် ကျိန်းစက်သည်ကို မတွေ့ရသဖြင့် "မကျိန်းတော့ဘူးလား ဘုရား၊ လ,တောင် အနောက်ဘက် ယွန်းသွားပြီ ဘုရား" ဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ဘုရားကြီးက ဤသို့မိန့်တော်မူလေသည်။

"ဒကာကြီး၊ ဘုန်းကြီးတို့ တစ်သံသရာလုံးက အိပ်လာကြတာ အချိန်တွေ မနည်းတော့ဘူး၊ ဒီသာသနာမှာ အပါလုပ်မှ" ဟု မိန့်တော်မူလေသည်။ ညောင်ပင်အိုင် (မုနိလေးဆူ တည်ရာကုန်း)၌ လမိုက်သော ညများတွင် အလင်းရောင်မှာ ဖြာလျက်ရှိသည်ကို တွေ့ကြရလေသည်။ ညောင်ပင်အိုင် ဝန်းကျင်ရှိကုန်းများသည် ညဦးနက်သန်းခေါင်အချိန်တွင် လ,သာသကဲ့သို့ အမြဲတမ်းလင်းနေသည်ကိုသာ တွေ့ကြရလေသည်။ သာသနာ၏ရောင်တော်များ ဖြစ်ပေလိမ့်မည်။ ညောင်ပင်အိုင် ဆရာတော်ကြီးသည် ပစ္စည်းလေးပါးကို ခင်မင်တွယ်တာမှု မရှိချေ။ ရောင့်ရဲတင်းတိမ်ခြင်း ဖြင့်သာ နေတော်မူလေသည်။

ဒကာ၊ ဒကာမများက လှူဒါန်းသော ပစ္စည်းများနှင့် နဝကမ္မငွေများ မြောက်မြားရခဲ့သော်လည်း မည်သည့်ပစ္စည်းကိုမျှ ကိုင်တွယ်ကြည့်ရှုခြင်း မပြုပေ။ သာယာမှုလည်း မဖြစ်၊ မေးမြန်းခြင်းလည်း မပြုချေ။ ပစ္စည်းအားလုံးကို ခွဲဝေပေးကမ်း လှူဒါန်းခြင်းဖြင့်သာ အချိန်ကုန်စေလေသည်။

တစ်ညသ၌ ဆရာတော် ဘုရားကြီးသည် သက်န်းခြုံကာ တရားရှုမှတ်လျက် ရှိလေသည်။ ထိုစဉ် ဆရာတော်ကြီး ဇာတိရွာမှ ဒကာတစ်ဦး ရောက်ရှိလာကာ ဆရာတော်ကြီး၏ အစ်မကြီး ကွယ်လွန်သွားကြောင်း လျှောက်ထားလေသည်။ ဆရာတော်ကြီးမှာ ဝမ်းနည်းမှု အရိပ်အယောင်လည်း မတွေ့ရ၊ လာရောက်လျှောက်ထားသော ဒကာအား "ဒါများ လာပြောနေရသေးသလား၊ သူ့လမ်းသူသွားတာပဲ၊ သွားနှင့်ပေါ့"ဟုသာ ခပ်လေးလေး မိန့်တော်မူလေသည်။

# ထူးခြားမှု

ညောင်ပင်အိုင်တောရ ဆရာတော်ကြီး၏ ထူးခြားမှုမှာ နှစ်ပေါင်း လေးဆယ်ကျော်သည့်တိုင် ရေမချိုးခြင်းပင် ဖြစ်၏။ တစ်ခါတစ်ရံ အဝေးမှ ပြန်ကြွလာသောအခါ ကပ်နေသည့် ဖုန်မှုန့်များကို ရေပတ်တိုက်သည့်သဘောဖြင့် ဆေးကြောသန့်စင်မှုကို ခံယူလေသည်။ ရေမချိုးဘဲ နေသော်လည်း အနံ့အသက် လုံးဝ မရှိချေ။

အချို့သော စေတနာရှင်များက ညောင်ပင်အိုင်ကုန်းမြေတွင် စေတီများ တည်ထားကြလေရာ တည်ထားပူဇော်ပြီးသော စေတီပေါင်း (၄၅) ဆူ ရှိလေသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရွှေတိဂုံစေတီပုံတူ "တိလောကမာရ်အောင်" စေတီတော်ကို ၁၉၉၄–ခုနှစ်၊ အောက်တိုဘာလ ၁၄–ရက်နေ့တွင် ထီးတော်တင်ပွဲနှင့် အနေကဇာတင် ပူဇော်ပွဲကို ကျင်းပခဲ့ကြလေသည်။

# ဘွဲ့တော်ဆက်ကပ်

ညောင်ပင်အိုင်ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ ပညာဂုဏ်တို့ကို ကြည်ညိုလေးစား ပူဇော်သောအားဖြင့် ၁၃၅၇–ခုနှစ်(၁၉၉၆–ခုနှစ်) လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ဆက်ကပ်သော "အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူရလေသည်။

# ပြည်ပသာသနာပြုခရီး

ညောင်ပင်အိုင်ဆရာတော်ဘုရားသည် ၁၉၉၃–ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် မုံရွာမြို့နယ် ဇောဓိတစ်ထောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒနှင့်အတူ ထိုင်း၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ စင်္ကာပူ တို့သို့ သာသနာပြုခရီး ကြွတော်မူလေသည်။

၁၉၉၇–ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗောဓိတစ်ထောင်ဆရာတော် ဦးဆောင်၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ နီပေါနိုင်ငံတို့သို့လည်းကောင်း၊ ၁၉၉၈–ခုနှစ် ဇန်ဇနဝါရီလတွင် ဗောဓိတစ်ထောင်ဆရာတော်နှင့်အတူ အမေရိကန်နှင့် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၁၉၉၉–ခုနှစ်တွင် ထိုင်းနှင့် ဂျပန်သို့လည်းကောင်း၊ ၂၀၀၁–ခုနှစ်တွင် ထိုင်းနှင့် အမေရိကန်သို့ ကြွတော်မူခဲ့လေသည်။ ၁၉၉၈–ခုနှစ်တွင် အမေရိကန်သို့ ကြွရောက်တော်မူခိုက် မျက်စိဝေဒနာ ကုသမှုကို ခံယူတော်မူလေသည်။ မြန်မာပြည် ပြန်လည်ကြွရောက်လာရာ ညောင်ပင်အိုင်တောရသို့ ပြန်လည်ရောက်တော်မူလေသည်။

ညောင်ပင်အိုင်သို့ ရောက်သောအခါ နွေရာသီ အလွန်ပူပြင်းလှပေရာ မျက်စိဝေဒနာနှင့် သင့်လျော်လျောက်ပတ်သည့် ပြင်ဦးလွင်မြို့သို့ ကြွရောက်သီတင်းသုံးတော်မူလေသည်။ ဆရာတော်ဘုရားကြီး ပြင်ဦးလွင်တွင် သီတင်းသုံးတော်မူကြောင်း ကြားသိရသော ထိုစဉ်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် မိသားစုက ၁၃၆၀–ပြည့်နှစ်၊ ၁၉၉၈–ခုနှစ်တွင် ကျောင်းဝင်းမြေနှင့်တကွ ကျောင်းဆောက်၍ လှူဒါန်းခဲ့သည်။

ထိုကျောင်းကိုလည်း ညောင်ပင်အိုင်တောရဟုပင် အမည်ပေးခဲ့၏။ ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် ညောင်ပင်အိုင်တောရမှ ပြင်ဦးလွင်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ပြင်ဦးလွင်မြို့တွင် သီတင်းသုံး၍ (၆) ဝါ ရရှိသောအခါ သက်တော်မှာ ၈၂–နှစ်သို့ ရောက်ရှိတော်မူလေသည်။ ခန္ဓာတစ်ဘဝကို လွန်ဆန်၍ မရသဖြင့် ၁၃၆၅–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀–ရက်၊ ၂၀၀၃–ခုနှစ်၊ အောက်တိုဘာ ၂၀–ရက်နေ့၊ နံနက် လေးနာရီ သုံးဆယ့်ငါးမိနစ်တွင် သက်တော် ၈၂–နှစ်၊ သိက္ခာတော် (၆၃) ဝါအရတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။

# ဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး

ကမ္ဘာပေါ်တွင် ထူးဆန်းသော အံ့ဖွယ်ရာများ မြောက်မြားစွာရှိခဲ့၏။ ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ ဗောဓိပင်ပေါင်း တစ်ထောင်ကျော် တစ်စုတစ်ဝေးတည်း တည်ရှိနေသည်မှာလည်း ဤတစ်နေရာတည်းသာ ရှိပေသည်။ မည်သည့်အရပ်ဒေသတွင်မှ မရှိနိုင်ပါပေ။ ဤဗောဓိပင်များကို အစွဲပြု၍ ဗောဓိတစ်ထောင် ဆရာတော်ဟု အမည်တွင်နေသော ဆရာတော် "ဦးနာရဒ"က စိုက်ပျိုးပူဇော်ခဲ့ပေသည်။

ဗောဓိတစ်ထောင်ဆရာတော် "ဦးနာရဒ" မိသားစုမှာ ထူးခြားမှုတစ်ခု ရှိပေသည်။ ထိုထူးခြားမှုမှာ မိသားစုအားလုံး စနေနေ့တွင် မွေးဖွားသူများ ဖြစ်သောကြောင့်ပေတည်း။

| | |
|---|---|
| ခမည်းတော် ဦးထွန်းမြတ် | စနေ |
| မယ်တော် ဒေါ်စောမြိုင် | စနေ |
| ဗောဓိတစ်ထောင်ဆရာတော် | စနေ |
| သားငယ် ဗောဓိ၏ ညီ | စနေ |

စပယ်ဦးစာပေ

မိသားစုလေးဦးစလုံး စနေသားသမီးချည်းဖြစ်ကြ၏။ အံ့ဖွယ်ထူးခြားမှုပင် ဖြစ်ပေသည်။ ဇောဓိတစ်ထောင်ဆရာတော် မွေးဖွားရာ နယ်မြေသည် ရှေးခေတ်က ဒီပဲရင်းနယ်ဖြစ်သော်လည်း ယခု အရာတော်နယ် ဖြစ်လာခဲ့ပေသည်။ ၁၂၈၁-ခုနှစ်မှစ၍ အရာတော်နယ်အဖြစ် သတ်မှတ်လိုက်လေသည်။ ဇောဓိလောင်းလျာကို ခမည်းတော်ကြီး ဦးထွန်းမြတ်၊ မယ်တော်ကြီး ဒေါ်စောမြိုင်တို့မှ ၁၂၉၂-ခုနှစ်၊ တပို့တွဲလဆန်း ၁၄-ရက် (၁၉၃၁-ခုနှစ်၊ ဖေဖော်ဝါရီလ) စနေနေ့နံနက် အရုဏ်ဦးတွင် မွေးဖွားတော်မူသော သားရတနာဖြစ်လေ၏။

စနေသား ဖြစ်သည်နှင့်အညီ မောင်တိုးကြွယ်ဟု အမည်မှည့်ခေါ်ခဲ့ကြပေသည်။ မောင်တိုးကြွယ် လေးနှစ်သားအရွယ်တွင် အသက် သုံးဆယ့်ငါးနှစ်သာ ရှိသေးသော ဖခင် ဦးထွန်းမြတ်သည် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်ခဲ့လေတော့သည်။ မုဆိုးမ မိခင်ကြီး ဒေါ်စောမြိုင်သည် ဖတဆိုး လူမမယ်ကလေးများကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်မှာ မောင်တိုးကြွယ် ငါးနှစ်သားအရွယ်သို့ ရောက်ရှိခဲ့လေတော့သည်။

## ထူးခြားသည့် နိမိတ်များ

မောင်တိုးကြွယ်ငယ်စဉ်က ပုခက်ထဲတွင် သိပ်ထားရာ ကျီးကန်းက ကလေး ရင်ဘတ်ပေါ် လာနား၏။ မိခင်ကြီးက ကလေးကို ကျီးကန်းထိုးဆိတ်နေသည် အထင်ရှိကာ အတင်းမောင်းထုတ်မှ ပျံသန်းထွက်ခွာသွား၏။ တစ်ကြိမ်ကလည်း ကျောင်းသားကလေး မောင်တိုးကြွယ် ခေါင်းပေါ်သို့ ကောင်းကင်မှ ပျံသန်းနေသော လင်းတ၏ အစာအန်ဖတ်က ခေါင်းပေါ်သို့ ကျခဲ့၏။ မောင်တိုးကြွယ် ရဟန်းဘဝသို့ ရောက်သောအခါတွင်လည်း သံဃာတော်များနှင့် တန်းစီပြီး ဆွမ်းခံကြွနေခိုက် ဦးပဉ္ဇင်း ဦးနာဒရ (မောင်တိုးကြွယ်) ခေါင်းပေါ် ကျီးတစ်ကောင်က ကြဲကြဲဖန်ဖန် နားခဲ့ရာ တအံ့တသြဖြစ်ကြရ၏။

ဤကား ဇောဓိတစ်ထောင် ဆရာတော် "ဦးနာဒရ" ငယ်စဉ်ကပင် ကြုံတွေ့ခဲ့ရသော အတိတ်ထူး နိမိတ်ထူးများ ဖြစ်ပေသည်။ ထူးခြားမည့်

ပုဂ္ဂိုလ်များတွင် အတိတ်ထူး နိမိတ်ထူးများ ကြိုတင်၍ ကြုံရတွေ့ရမြဲ ဖြစ်ပေသည်။ အလောင်း မင်းတရားကြီး ဦးအောင်ဇေယျ၏ သားတော် မောင်လောက်သည် လယ်ထဲ အတွင်း သိပ်ထားရာမှ ကိုယ်ပေါ်သို့ လောက်များ တရွရွတက်နေသည်နှင့် ကြုံရ၏။ ဤအတိတ်နိမိတ်ကို ယူပြီး မောင်လောက်ဟု မှည့်ခေါ်ခဲ့၏။ နောင် ကြီးပြင်းလာသောအခါ "ဆင်ဖြူများရှင် မင်းတရားကြီး" ဟူသော ဘွဲ့ထူးဖြင့် ဘုန်းတန်ခိုးကြီးမားသော ဘုရင်တစ်ပါး ဖြစ်လာခဲ့၏။ ဤကား ထူးခြားမည့်ပုဂ္ဂိုလ်များတွင် ငယ်စဉ်ကပင် ကြုံရတွေ့ရသော နိမိတ်များ ဖြစ်ပေသည်။

ဗောဓိတစ်ထောင်ဆရာတော် ဗောဓိတစ်ထောင်သို့ ရောက်ရှိရန် အကြောင်း ကံက စီမံ၍လာလေသည်။ ၁၃၂၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက် နေ့တွင် ခတက္ကန်တောင်ရွာမှ ဦးနာရဒ၏ ဦးကြီးတော် ဘုန်းတော်ကြီး ဦးဥေယျ ပျံလွန်တော်မူလေသည်။ ဈာပနကိစ္စဆောင်ရွက်ရန်အတွက် ဦးနာရဒ ထံသို့ ဒကာ၊ ဒကာမများက ကြွရောက်ရန် ပင့်လျှောက်ကြလေသည်။

ဤပင့်စာဖြင့်ပင် ဦးနာရဒ ခတက္ကန်သို့ ကြွရောက်တော်မူခဲ့ရ၏။ ခတက္ကန်ရွာ ဦးရီး၏ ကျောင်းတွင် ဈာပနကိစ္စအတွက် ရောက်ရှိလာခဲ့ရာ တပို့တွဲလ ဈာပနပြီးစီးသောအခါတွင်လည်း ဦးရီး၏ကျောင်းမှာပင် နေရမည့် ကံဇာတာက ပါလာခဲ့လေသည်။ ရွာသူရွာသားများကလည်း မိမိတို့ရွာတွင် အလွန်လိုနေသော ကျောင်းထိုင်မည့်ပုဂ္ဂိုလ် မရှိသဖြင့် ကျောင်းထိုင်စေလို၏။

ထိုအခါ ဦးနာရဒက "ကျုပ်နေတာတော့ ဟုတ်ပါပြီ၊ ကျုပ်က ဗောဓိ ပင်တွေ စိုက်ချင်တာ၊ ဗောဓိပင် စိုက်ရမှ နေနိုင်မှာ"ဟု မိမိ၏ဆန္ဒကို ဖွင့်ဟ လေတော့သည်။ ရွာသားများ၏ သဘောတူချက်အရ ရွာကြပ်ရွာမှ ဗောဓိပင် (၇၀၀) ကို ခတက္ကန်သို့ ပင့်ဆောင်ခဲ့ကြ၏။ ဒုတိယအခေါက်တွင် ဗောဓိ ပင်ပေါင်း (၆၄၅)ပင် ပင့်ဆောင်ခဲ့ကြ၏။ "အောင်စည်ကျော်ခိုက် ဗောဓိစိုက်"ဟု အောင် = ၁၊ စည် = ၃၊ ကျော် = ၂၊ ခိုက် = ၂ တို့ဖြင့် ဗောဓိပင်များ စိုက်ပျိုး ပူဇော်သော သက္ကရာဇ်ကို မှတ်တမ်းပြု၍ထားလေသည်။ ၁၃၂၂-ခုနှစ်ဖြစ်ပေ၏။

စာချိုးဖြင့် မှတ်တမ်းတင်ကြရာတွင် "ဥညြအော်မည်" ကုန်းဆောင်တည်၊ (၁၁၁၅) ခုနှစ်တွင် ကုန်းဘောင်ပြည်ရွှေဘို တည်ထောင်သည်။ "အုတ်ကျစ် ကျော်အေး" မန္တလေး၊ ၁၂၂၁–ခုနှစ်တွင် မန္တလေးနေပြည်တော် တည်ထောင် သည် စသည်ဖြင့် လင်္ကာစကားများဖြင့် အမှတ်အသားပြုကြ၏။ ယခုလည်း ဗောဓိတစ်ထောင်ဆရာတော်က "အောင်စည်ကျော်ခိုက်" ဗောဓိစိုက်ဟု (၁၃၂၂) ကို လင်္ကာဖွဲ့၍ မှတ်တမ်းပြုခဲ့လေသည်။ မှတ်ရသားရ လွယ်ကူလှပေ၏။

ဗောဓိတစ်ထောင်ဆရာတော်သည် ဗောဓိပင် ၂၇–ပင်ကို တစ်နေ့တည်း စိုက်ပျိုးပူဇော်လေသည်။ မင်္ဂလသုတ် ပါဠိတော်ကို ရွတ်ဖတ်၍ မြေချပူဇော် လေသည်။ ဗောဓိပင် စတင် စိုက်ပျိုးသည့်နေ့က ဘာတစ်ခုမှ မမြင်မတွေ့ရဘဲ ကြေးစည်သံများကို ကြားနေရသည်။ ထူးခြားမှုတစ်ခုဖြစ်ပေသည်။ ကနဦးအစ မြေချပူဇော်စိုက်ပျိုးထားသော ဗောဓိပင်ကြီးကို ပင်စည်တွင် ရွှေချ၍ ပူဇော် ထားလေသည်။ ဗောဓိပင် (၂၇) ပင်ကို မြေချစိုက်ပျိုးပူဇော်ပြီးနောက် နောင် ရက်များတွင် ခတက္ကန်၊ မုံရွှေ၊ ကြေးမုံစသောရွာများမှ ဒကာ၊ ဒကာမများက ဆယ်တောင်ပတ်လည် မြေတစ်ကွက် ၃၅–ကျပ်နှင့် လှူဒါန်းကြပြီး စိုက်ပျိုး ပူဇော်ကြ၍ ဒကာ၊ ဒကာမများအဖြစ် ခံယူကြလေသည်။

ဗောဓိပင်များ စိုက်ပျိုးပြီးနောက် ကျောင်းနေပုဂ္ဂိုလ်များက ရေလောင်း ပူဇော်ကြရ၏။ ထို့ပြင် ကျောင်းနေ ရဟန်းသာမဏေများအား သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း တို့ကို ပို့ချခြင်းဖြင့်လည်း ပရိယတ္တိ သာသနာ့တာဝန်ကို ထမ်းဆောင်၏။ ကျန်သော အချိန်များတွင် ကမ္မဋ္ဌာန်း ဘာဝနာများ ပွားများနေသည်က များပေ သည်။

ဗောဓိတစ်ထောင်ဆရာတော် ဤဌာနေသို့ ရောက်စက ထန်းရွက်မိုး တဲကြီး တစ်ခု ဆောက်၍ သီတင်းသုံးခဲ့ရ၏။ စာရေးသောက်ရေးမှာ နေ့စဉ် ဆူးပုတ်ရွက် ရေလုံပြုတ်သာသာနှင့် ဆွမ်းကိစ္စမျှတရ၏။ ၁၀–နှစ်မျှ ကြာသော အခါ ဗောဓိပင်တို့၏ အောက်ခြေ၌ အုတ်ပလ္လင်များ ရုပ်ပွားတော်များ အလွန် များပြားစွာ ပွင့်ထွန်းခဲ့ပြီဖြစ်လေသည်။

စပယ်ဦးစာပေ

## အောင်စည်ရိုက်ဦး

ဗောဓိတစ်ထောင်၏ အရှေ့ဘက် မိုးခေါင်တောင်တန်းတွင် ဉာဏ်တော် အတောင် (၁၅၀) မြင့်မားသော အောင်စကြာ စေတီတော်ကြီးကို (အောင်စည် ရိုက်ဦး) ၁၃၄၁-ခုနှစ် တည်ထားပူဇော်ခဲ့လေသည်။ ထိုစေတီတော်ကြီး၏ ကုန်ကျငွေမှာ သိန်းပေါင်း တစ်ရာကျော်ပြီဟု သိရ၏။ စေတီတော်ကြီး၏ ဉာဏ်တော်မှာ (၂၂၅) ပေရှိ၍ အတောင်အားဖြင့် (၁၅၀) ရှိပေသည်။ ဖိနပ် တော်မှာ အတောင် (၁၄၅) တောင်၊ ပေအားဖြင့် (၂၁၆) ပေရှိ၍ အမြင့် အတောင် ၂၀ ခန့်ရှိ မုခ်ဦးဘုရား လေးဆူ၊ ဂူပြဟ်ဘုရား ရှစ်ဆူ၊ အရံစေတီ (၂၀၆၀) ဖြစ်၏။ စေတီတော်ကြီး၏ အတွင်းဘက်၌ ကျိန်းဝပ်တော်မူသော ရုပ်ပွားတော်ပေါင်း (၁၀၀၀) ကျော်မျှ ရှိပေသည်။ စေတီတော်ကြီးတည်ဆောက် ပြီး (၈) နှစ်အကြာတွင် ထီးတော်တင်နိုင်ပြီး ဆွဲလည်းသံ တည်ညံ့ဖြင့် ဗုဒ္ဓသာသနာ၏ အသရေကို ဆောင်လျက်ရှိပေသည်။ ၁၃၄၁–ခုနှစ်က တည်ထား သည်ကို "အောင်စည်ရိုက်ဦး" စေတီထူးဟု မှတ်တမ်းပြု၍ ထားပေသည်။

## ကျောင်းတော်မူ

ယခုတစ်ဖန် အလျား အတောင် (၂၀၀) ကျောင်းတော်မူကြီး ပန္နက်ချ၍ လုပ်ငန်းများ စတင်နေပြီဖြစ်ရာ ပြီးစီးလုနီးပြီဖြစ်၏။ ၁၉၉၁–ခုနှစ်၊ ဇန်နဝါရီလ ၈–ရက် အင်္ဂါနေ့နံနက် ခြောက်နာရီတွင် ကျောင်းတော်မူကြီး ပလ္လင်တော်ကို ပန္နက်ချပြီး နေ့စဉ် ပန်းရံ ၂၀၀–ကျော်ဖြင့် လုပ်ငန်းစခဲ့ရာ ၁၃၅၃–ခုနှစ်၊ ဝါခေါင်လဆန်း ၃–ရက်နေ့တွင် ကျောင်းတော်မူကြီးကို ပန္နက်ချပြန်ပါသည်။ ပလ္လင်တော်ကြီးမှာ အလျား (၂၁၅) တောင်၊ ၃၂၂–ပေ၊ ၆–လက်မ၊ အနံ အတောင် (၄၀)၊ ပေ (၆၀)၊ ကျောင်းတော်မူကြီး ဦးခေါင်းတော်အမြင့် အတောင်(၄၀)၊ ပေ(၆၀) ရှိ၍ ကျောင်းတော်မူကြီးအတွင်းတွင် တရားထိုင်ခြင်း၊ ဘုရားရှိခိုးခြင်း ပြုလုပ်နိုင်ရန် ခြေသလုံးတော်မှ စ၍ လိုဏ်ခေါင်းပြုလုပ်ပြီး ကိုယ်တော်ကြီးအတွင်းထဲ၌ ဉာဏ်တော် တစ်ပေစီရှိ ဓာတ်သတ္တုဖြင့် ပြီးသော

ရုပ်ပွားတော်ပေါင်း (၅၀၀၀) ကိန်းဝပ်တော်မူလေသည်။ ကမ္ဘာပေါ်ရှိ ရွှေသာလျောင်း ဘုရားများတွင် ဇောဓိတစ်ထောင် ရွှေသာလျောင်းဘုရားကြီးသည် ကမ္ဘာတွင် အကြီးဆုံး ဖြစ်နိုင်ပေသည်။

မိုးညှင်းဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က မိုးကုန်လျှင် ခံတက်ပွင့်မည်ဟု မိန့်ကြားတော်မူခဲ့ဖူးပါသည်။ ဆိုလိုသည်မှာ မိုးညှင်းတစ်ခေတ်လုံး ခတက္ကန်သည် ခြောက်သွေ့နေခဲ့၏။ လယ်တီဆရာတော်ဘုရားကြီးကို အမှီပြု၍ မုံရွာမြို့သည် ကျော်ကြားထင်ရှားလာရသကဲ့သို့ ခတက္ကန်ရွာသည်လည်း ဇောဓိတစ်ထောင်ဆရာတော်၏ တန်ခိုးကြောင့် စည်ကား၍ လာခဲ့ရမည်ဟု ဆိုလိုရင်းဖြစ်ပေ၏။ မှန်ပါသည်။ ခတက္ကန်ရွာသည် ဇောဓိတစ်ထောင်ကို မှီ၍ စည်ကားဖွံ့ဖြိုးလာခဲ့ပါသည်။ ဤအခြေအနေကို မြင်၍ မိုးညှင်းဆရာတော်ဘုရားကြီးက မိုးကုန်လျှင် ခံတက်ပွင့်မည်ဟု မိန့်ကြားခဲ့ပုံရပါသည်။

ဆရာတော်ဘုရားကြီး ပြုစုပျိုးထောင်မှုဖြင့် ဇောဓိတစ်ထောင်သည်လည်းကောင်း၊ မိုးခေါင်တောင်တန်းမှ အောင်စကြာစေတီတော်ကြီးသည်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်၏ တံခွန်အောင်လံများသဖွယ် မားမားမတ်မတ် တည်ရှိနေကြသည်မှာ ကြည်ညိုဖွယ်ရာ မျက်မြင်ကိုယ်တွေ့ ဖြစ်ပေတော့သည်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဇောဓိပင်ကို အမှီပြု၍ သဗ္ဗညုတဉာဏ်ကို ရခဲ့၏။ (ဘုရားဖြစ်ခဲ့၏။)

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဇောဓိပင်ကိုလည်း အထွဋ်အမြတ်ထားခဲ့ကြပေသည်။ ကဆုန်လပြည့်နေ့တိုင် ညောင်ရေသွန်းလောင်းပွဲတော်ကျင်းပခဲ့သည်မှာလည်း ဘုရားပွင့်တော်မူရာ ဇောဓိပင်ကို ပူဇော်ခြင်းပင်ဖြစ်ပေသည်။ ဇောဓိတစ်ထောင်ဆရာတော်က ဇောဓိပင်များ စိုက်ပျိုးပူဇော်သည်မှာ ဗုဒ္ဓသာသနာအတွက် ကြီးစွာသော အထောက်အပံ့ကြီးဖြစ်ပေသည်။ ဤသို့ ဇောဓိပင်များ တစ်ထောင်ကျော်ကို စိုက်ပျိုးပူဇော်ထားသည်မှာ ဗုဒ္ဓသာသနာအတွက် ကြီးစွာသော အထောက်အကူဖြစ်သလို ကမ္ဘာပေါ်တွင် အများဆုံးသော ဇောဓိပင်များစုဝေးရာ တစ်ခုတည်းသော နေရာဟုဆိုသော် မှားနိုင်မည်မထင်ပေ။ ကမ္ဘာ့အံ့ဖွယ်ရာဟုလည်း ဆိုနိုင်ပေသည်။ မြတ်စွာဘုရားရှင်သည် ဇောဓိပင်ကို

အမိပြု၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့၊ ဘုရားဖြစ်ခဲ့၏။ ထို့ကြောင့် မြတ်စွာဘုရား အမိပြုရာ ဗောဓိပင်သည်လည်း ပူဇော်ထိုက်သည်ဟု ဆိုရမည်ဖြစ်ပေ၏။ ဗောဓိပင်တစ်ထောင်ကို စိုက်ပျိုးပူဇော်ရခြင်းသည်လည်း ထူးခြားလှသော ကုသိုလ်ဖြစ်ပေ၏။ ဤအံ့ချီးဖွယ်ရာ ဗောဓိပင်တို့သည် မုံရွာမြို့နယ် ခတက္ကန်ရွာတွင် ဖွံ့ဖြိုးစည်ပင်လျက်ရှိပေသည်။ မြောက်မြားလှစွာသော ဘုရားဖူးများသည် မြန်မာပြည်အရပ်ရပ်မှ နေ့စဉ် နေ့တိုင်း လာရောက်ကြည်ညိုလျက် ရှိကြပေသည်။

ဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီးမှာ ကျန်းမာတော်မူလျက် ရှိပြီး ယနေ့ထိ သာသနာပြုနေဆဲ ဖြစ်ပေသည်။ ဗောဓိတစ်ထောင်ဆရာတော် ဦးနာရဒ၏ကောင်းမှုဖြစ်သော ထိုဗောဓိပင်များကား ကမ္ဘာတည်သရွေ့ ရှင်သန်နေကြမည် ဖြစ်ပေတော့သည်။

# ဘုန်းတော်ကြီး ဦးသီလ

## (၁၁၉၄–၁၂၆၉)

ဘုန်းတော်ကြီးဦးသီလကို ပဲခူးမြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာ အထက်ဖိုင်းဂနိုင်ရွာကြီးတွင် ၁၁၉၄–ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်နေ့၊ နံနက်ရှစ်နာရီတွင် ဖွားမြင်သည်။ သောကြာသားဖြစ်၏။ မယ်တော်ကြီး ဒေါ်ချိုမှာ ဦးသီလ လောင်းလျာ ကိုယ်ဝန်ရှိစဉ်ကပင် ဥပုသ်စောင့်လိုခြင်း၊ သက်သတ်လွတ်စားလိုခြင်းစသော ချဉ်ခြင်းများ ဖြစ်ပေါ်လာသဖြင့် ဥပုသ် ဆောက်တည်ပြီး သက်သတ်လွတ်စားခဲ့၏။ ငယ်ရွယ်စဉ်ကလေးဘ၀ကပင် ဘုန်းကြီးလုပ်တမ်းကစားလေ့ရှိပေသည်။ ရှစ်နှစ်အရွယ်သို့ရောက်သောအခါ ပဲခူးမြို့ အနောက်မြောက် ကျိုက်ဒေးယျံဘုရားအနီးရှိ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းနေ၍ ၁၂–နှစ်အရွယ်တွင် သာမဏေ၀တ်သည်။ ဘွဲ့တော်မှာ "သီလသာရ" ဖြစ်၏။ ၁၂၁၃–ခုနှစ်၊ တပို့တွဲလတွင် ပီလခတ်ရွာ ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘ၀ရောက်တော်မူလေသည်။ ဘုန်းတော်ကြီးဦးသီလမှာ အသက်ရှည်သမျှကာလပတ်လုံး တစ်တောဝင် တစ်တောင်ထွက် လှည့်လည်၍ အရညဝါသီ

တောရဆောက်တည်တော်မူလေ့ ရှိပေရာ ဘုန်းတော်ကြီး မနေဖူးသော တောတောင်ဟူ၍ မရှိသလောက် ဖြစ်တော့၏။ တောကြီးဆိုသည်က သားရဲတိရစ္ဆာန်လည်း ပေါများလှပေသည်။

၁၂၈၈–ခုနှစ်က ဘုန်းတော်ကြီးသည် ကျိုက်ဒေးယျုဘုရားကြီး အနောက်ဘက် ပိန်းအင်းတောရ လေးတိုင်စင်ကျောင်းတွင် သီတင်းသုံးရာ ယင်းနေရာသည်ကား ကျားများ ကျက်စားရာနေရာဖြစ်ပေသည်။ ကုဋီသွားရာ လမ်းမှာပင် ကျားများ မာန်ဖီဟိန်းဟောက်နေလေ့ ရှိပေသည်။ ကျောင်းတွင်းလှေကားအောက်တွင်လည်း ကျားများ လာ၍ အိပ်တတ်၏။ ဘုန်းတော်ကြီးသည် တစ်ချိန်က ပဲခူးချောင်း(မြစ်)ဖျားရှိ သုသာန်ဇရပ်၌ တစ်ည တည်းခို သီတင်းသုံးရာ ထိုနေရာအနီးတစ်ဝိုက်တွင် ကျားများ သောင်းကျန်းသောနေရာဖြစ်၏။ ကျားဆိုးတစ်ကောင်သည် ညစဉ်ညတိုင်း လာရောက်ပြီး နွားများကို ကိုက်သတ်စားသောက်လေ့ရှိပေသည်။ ကျားသောင်းကျန်းလွန်းသဖြင့် ရွာသားများမှာ ဘုန်းတော်ကြီးအတွက် စိတ်မကောင်းဖြစ်ကြရ၏။ ညအချိန်ဖြစ်၍ သွားရောက်လျှောက်ထားရန်လည်း မဖြစ်နိုင်၊ နံနက်မိုးလင်း၍ ဘုန်းကြီး ဆွမ်းခံကြွလာသည်ကို ဖူးတွေ့ရတော့မှ စိတ်အေးသွားကြရတော့၏။ ဘုန်းတော်ကြီး ဒေစွန့်ပါတောတွင် နေစဉ်က ကပ္ပိယကြီးတစ်ဦးလည်း အဖော်လိုက်၍ နေရလေသည်။

ကပ္ပိယကြီးသည် ဆောင်းအခါဖြစ်၍ မီးလှုံရန်နှင့် ကျားများ မလာစေရန် ထင်းများ စုပြုံထားပြီး ညအခါ မီးလှုံလေ့ ရှိပေသည်။ ဘုန်းတော်ကြီးမှာ ကျောင်းပေါ်တွင် ရှိနေ၏။ ထိုစဉ် ကျားကြီးတစ်ကောင် ရောက်လာပြီး မီးလှုံနေလေတော့သည်။ ကပ္ပိယကြီးမှာ အော်လည်း မအော်ရဲ၊ မရဲသော်လည်း ပြေးခဲစေ လုပ်နေခဲ့ရ၏။ ကျားကြီးမှာ မီးဖိုအနီးမှာပင် ပါးစပ်ဟကာ အိပ်ပျော်နေတော့သည်။ ကပ္ပိယကြီးက ပါးစပ်ဟကာ အိပ်ပျော်နေသော ကျားကြီးကို ပါးစပ်ထဲ မီးခဲတွေ လောင်းထည့်လိုက်လျှင် ကောင်းမည်ဟု စိတ်ကူးလိုက်ရာ ကျားကြီး 'ဟိန်း' လေတော့သည်။

"ကပ္ပိယကြီး– ဘာလို့မကောင်းကြံရတာလဲ တောင်ပန်လိုက်"

ကျောင်းပေါ်မှ ဘုန်းတော်ကြီး၏ အသံဖြစ်၏။ ကပ္ပိယကြီးက မေတ္တာပို့တောင်းပန်လိုက်တော့မှ ကျားကြီး ငြိမ်ကျသွားလေသည်။ ဘုန်းတော်ကြီးသည် ကျိုက်ထိုမြို့အနီး ကင်ပွန်းစခန်းတွင်လည်း သီတင်းသုံးခဲ့ဖူး၏။ သက်ငယ်ကျင်းရွာတွင် သီတင်းသုံးရန် အဖော်များနှင့် လာကြစဉ် ရွာအနီး တစ်မိုင်ခန့်အရောက်တွင် ငှူများစွာ နင်းသတ်ဖူးသော ဆင်ဆိုးကြီးတစ်ကောင်နှင့် ပက်ပင်းရင်ဆိုင်တိုးတော့သည်။ ဒကာသုံးယောက်မှာ ထွက်ပြေးပြီး သစ်ပင်ပေါ်တက်နေကြ၏။ ပြေးလာသော ဆင်ဆိုးကြီးသည် ဘုန်းတော်ကြီးထံ ပြေးလာရာ ဘုန်းတော်ကြီးအနီးသို့ရောက်လျှင် အလိုလို ပုဆစ်တုပ်ပြီး ဖြစ်သွားတော့၏။ ဘုန်းတော်ကြီးမှာ တုန်လှုပ်မှုမရှိပေ။ ဆင်ဆိုးကြီးမှာ မျက်ရည်တွေ စီးကျကာ နောက်ဆုတ်ပြီး ထွက်သွားလေတော့သည်။ ၁၂၅၇–ခုနှစ်တွင် မြေနီကုန်းတောရ ခရွဲတောင်ပေါ် တောရများတွင် နေစဉ် ဆွမ်းခံကြွရာမှာပင် ဆင်ဆိုးများနှင့် မကြာခဏ တွေ့တတ်ဆုံတတ်ပေရာ ဆင်ဆိုးများကပင် လမ်းဖယ်၍ ပေးကြရလေသည်။

တစ်ချိန်ကလည်း ဘုန်းတော်ကြီးသီတင်းသုံးရာကျောင်းသို့ ဆင်ဆိုးများ အုပ်လိုက်ဝင်လာရာ "သင်တို့ မနှောင့်ယှက်ကြနှင့်" ဟု မိန့်တော်မူလိုက်ရာ ဆင်များမှာ လူစကား နားလည်သကဲ့သို့ ချက်ချင်းပင် ထွက်ခွာသွားကြလေသည်။ တစ်ခါကလည်း ကော့ဒွတ်တောရကျောင်းတွင် နေစဉ် ရဟန်းခံကိစ္စအတွက် ညအခါ တစ်ပါးတည်း ကြွလာခဲ့၏။ လမ်းရှိ ဇရပ်တစ်ခုတွင် လှည်းသမားများနှင့် တွေ့ရာ ဒကာတစ်ယောက်မှာ ကျိုက်ထိုသို့ လိုက်လိုသဖြင့် ဘုန်းတော်ကြီး နောက်မှ လိုက်ပါလာခဲ့၏။ တောလမ်းခရီး တစ်နေရာတွင် တောဆင်အုပ်ကြီး လာနေသည်ကို မြင်နေရလေသည်။ ဘုန်းတော်ကြီးမှာ ဆင်အုပ်ကြီးကြားထဲမှ ဝင်ရောက် ဖြတ်ကျော်၍ သွားလေသည်။

တစ်ခါကလည်း ဘုန်းတော်ကြီးသည် ကျိုက်ထီးရိုးအနီး မိုးပေါ်ရွာ တောရတွင် သီတင်းသုံးစဉ် သက်ငယ်တောင်သို့ ကျိုက်ထီးရိုးလမ်းဖြင့် ကြွတော်မူလေသည်။ ကပ္ပိယတစ်ဦးလည်း သပိတ်လွယ်၍ ပါလာခဲ့လေ၏။ ဘုရားဖူးပြန်လာသော ရွာသူရွာသား များနှင့် တွေ့လျှင် "ဘုန်းတော်ကြီးဘုရား–ဒီလမ်းက

မကြွပါနှင့် ကျော့မှူးခေါ်တဲ့ တောဆင်ရိုင်းတစ်ကောင် လွှတ်နေပါတယ်၊ ကြွတော်မမူပါနှင့်" ဟု တောင်းပန်လျှောက်ထားကြလေသည်။ ကုလား စစ်သား သုံးယောက်နှင့် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်တို့ကလည်း ထို့အနည်း တားမြစ်ကြပြန်၏။ ဘုန်းတော်ကြီးကား ကြွမြဲကြွတော်မူလေသည်။ မကြာမီ ဆင်ဆိုးကြီးနှင့် ပက်ပင်းတိုးတော့သည်။ ဘုန်းတော်ကြီးကား ဘာမှမဖြစ်သလို ရှေ့သို့ ကြွမြဲတိုင်း ကြွတော်မူလေသည်။ ထိုအခိုက် ဒေါသကြီးနေသော ဆင်ကြီးသည် နှာမောင်းကို မြှောက်ကာ ဘုန်းတော်ကြီးရှိရာသို့ တရကြမ်းပြေးဝင်လာလေသည်။ ဘုန်းတော်ကြီးအနီးသို့ ရောက်လျှင် ခေါင်းငိုက်စိုက်ဖြင့် နှာမောင်းကို မြေပေါ်တွင် ချ၍ အော်ဟစ်နေတော့၏။ ခမောက်အနီးများကို ဆောင်းထားသော လူနှင့်သဏ္ဍာန်တူသော လူလေးယောက်တို့သည် ဆင်ပေါ်မှ ဆင်းပြေးသွားကြလေသည်။ ဆင်ကြီးမှာလည်း တောထဲသို့ ပြေးဝင်သွားလေတော့၏။

ကျိုက်ပတိုင်ရှိ ဂူထဲတွင် သီတင်းသုံးစဉ် ထန်းပင်ငယ်မျှ ရှိသော မြွေကြီးတစ်ကောင် ဂူထဲဝင်၍ နေလေသည်။ ဘုန်းတော်ကြီးက "မနှောင့်ယှက်ကောင်းဘူး" ဟု ပြောလေရာ လူစကား နားလည်သကဲ့သို့ အေးဆေးစွာပင် ထွက်သွားတော့သည်။ ကျိုက်ကသာရွာ ကော့စံတောရကျောင်းတွင် နေစဉ်ကလည်း ဇရပ်ထဲရှိ မီးဖိုသို့ (၁၂)တောင်ခန့်ရှည်၍ နားကိုးပေါက်ရှိသော မြွေကြီးတစ်ကောင်ရောက်လာ၍ ဒကာ၊ ဒကာမများ ထိတ်လန့်နေကြစဉ် ဘုန်းတော်ကြီးကြွလာပြီး "ဤနေရာမှာ သူတော်ကောင်းများ ကုသိုလ်ပြုရာဌာနဖြစ်သည်၊ မနှောင့်ယှက်ကောင်းဘူး"ဟု ပြောရာ မြွေကြီးမှာ ရုတ်တရက် ထွက်ခွာသွားသဖြင့် လူများ အံ့သြနေကြရ၏။

ကျိုက်ထို ဆိတ်ဖူးတောင်ကျောင်းတွင် ပျားကြီးများ 'အုံ' လုပ်လျက်ရှိရာ ပျားများ တရှန်းရှန်း ပျံဝဲနေသဖြင့် ဒကာ၊ ဒကာမများ မသွားရဲ မလာရဲ ဖြစ်နေကြ၏။ ပျားကြီးမျိုးဖြစ်လေရာ ပျားကောင်တစ်ကောင်သည် လက်မနီးပါးမျှ ကြီးမားကြပြီး အဆိပ်လည်း ပြင်းလှပေသည်။

"အဖူးအမြော်လာသူတွေကို မနှောင့်ယှက်ကောင်းဘူး"ဟု ပြောလိုက်ရာ ပျားကြီးများမှာ ငြိမ်သက်၍ သွားလေသည်။ ဘုန်းတော်ကြီးသည် ကျိုက်ပတိုင်

သိမ်ကုန်ဂူထဲတွင် နေခဲ့ရာ တစ်နေ့တွင် နွားကျောင်းသားတစ်ယောက် ဂူကြီးပြိုကျသွားကြောင်း ရွာတွင်းသို့ ပြေးလွှားကာ အကြောင်းကြားလေသည်။ ဘုန်းတော်ကြီးသည် ဂူထဲတွင် ရှိနေလေရာ ဘုန်းတော်ကြီး ဂူပိပြီး ပျံလွန်ပြီဟု ယူဆကာ ဒရောသောပါး ပြေးလာခဲ့ကြ၏။ စိုးရိမ်နေသော ရွာသားများ ဂူအနီးသို့ ရောက်သောအခါ ဂူအနီး သစ်ပင်တစ်ပင်အောက်တွင် တရားရှုမှတ်နေသော ဘုန်းတော်ကြီးကို ဖူးတွေ့ရမှ စိတ်အေးသွားကြရတော့သည်။ အကြောင်းစုံကို ဝိုင်းဝန်းလျှောက်ထားကြရာ "တို့ ဂူထဲမှာ ထိုင်နေတုန်း ကယ်တော်မူပါ ဘုရား၊ ကယ်တော်မူပါ ဘုရားလို့ အော်သံကြားလို့ အပြင်ထွက်ပြီး ဂူကြီးကို လှည့်ပတ်ကြည့်နေတုန်း ဂူကြီးပြိုကျသွားတယ်" ဤကား ဘုန်းတော်ကြီး၏ မိန့်ကြားချက်ဖြစ်ပေ၏။ တန်ခိုးအရာကြီးမားသော သူတို့မှာ အန္တရာယ်ဟူသမျှ ရှောင်ကွင်းသွားရမြဲပင် ဖြစ်လေသည်။ တရားရှိသူတို့၏ ဆန္ဒကား ဘာမဆို လိုတိုင်း ရသည်ချည်း ဖြစ်ပေ၏။ ယင်းသည်ပင် တန်ခိုးဖြစ်ပေတော့သည်။

ဘုန်းတော်ကြီး ပဲခူးကမ်းမြင့်တောရတွင် နေစဉ်က ညအခါတွင် ပြိတ္တာများသည် သားသမီးများကို ချီပိုးကာ မကြာခဏ တရားလာနာကြသည်ကို တွေ့ရပေ၏။ သူတော်ကောင်းများသည် နတ်များ၊ နာနာဘာဝများကိုလည်း ဟောကြားဆိုဆုံးမနေသည်သာ ဖြစ်ပေသည်။ ကျိုက်ထိုနယ် မောင်းတီးတောင်သည် အလွန်တောကြမ်းသည်ဟု နာမည်ကြီးလှ၏။ မကြာမကြာလည်း မောင်းတီးသံများကို ကြားနေရသဖြင့်လည်း မောင်းတီးတောင်ဟူ၍ တွင်လေသည်။

နေ့ခင်းနေ့လယ်များမှာပင် မည်သူမျှ မနေဝံ့ကြ၊ မသွားရဲကြ၊ လူသူမနေသဖြင့်လည်း ဆိတ်ငြိမ်အေးချမ်းလျက် ရှိပေသည်။ ဘုန်းတော်ကြီးအတွက်ကား နေရာကောင်းတစ်ခုပင် ဖြစ်ပေသည်။ ဘုန်းတော်ကြီးအဖို့ကား ထိုတောတွင် မည်သည့်ဘေးရန်မှ မတွေ့ရပေ။ ၁၂၆၂-ခုနှစ်က ဖြစ်ပေသည်။ ဘုန်းတော်ကြီးသည် နောက်ပါ ရဟန်း (၃) ပါးနှင့် ရန်ကုန်မြို့ ကန်တော်ကြီး လမ်းတစ်လမ်းတွင် လမ်းလျှောက်ကြွလာတော်မူခဲ့ကြသည်။ ရထားလုံးတစ်စီး တရကြမ်းမောင်းလာရာ ဘုန်းတော်ကြီးများကပင် ဘေးသို့ရှောင်ပေးကြရ၏။

ထိုရထားလုံးအနည်းငယ်လွန်သွားလျှင် "ဝုန်း" ခနဲ အသံကြောင့် လှမ်းကြည့်လိုက်ရာ ရထားမှောက်၍ ရထားမောင်းသော ကုလားမှာ ရထားပေါ်မှ တလိမ့်ခေါက်ကွေးကျသွားလေတော့သည်။ ကေလာသတောင် တိုက်ကုလားတောရ၌နေစဉ် ရှာခံဘုန်းကြီးတချို့သည် ဘုန်းတော်ကြီးအပေါ်မှာ မလိုတမာစိတ်ထားဖြင့် အရက်သမားတစ်ယောက်ကို ပိုက်ဆံပေး၍ ဘုန်းတော်ကြီးအားရန်ပြုစေ၏။ ထိုအရက်သမားသည် ဘုန်းတော်ကြီး ကြွလာစဉ် ခေါင်းနှင့်တအား ဝင်၍ တိုက်၏။ ဘုန်းတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့်ဘုန်းတော်ကြီးကို မတိုက်မိဘဲ မြေကြီးကိုသာ တိုက်မိလေရာ အရက်သမားမှာအရိုန်ပြင်းစွာဖြင့် လဲကျသွားလေသည်။ တစ်ခါကလည်း ဘုန်းတော်ကြီးသည်ကျိုက်ဒေးယျုံ တောချုံထူထပ်ရာ၌ တရားအားထုတ်နေရာ မုဆိုးက သားကောင်ထင်ပြီး ပစ်ခတ်၏။ သုံးကြိမ်တိုင်ပစ်သော်လည်း ကျည်မထွက်၊ မိုးပေါ်ထောင်ပစ်မှ ကျည်ထွက်သွားလေသည်။ ၁၂၄၇–ခုနှစ် သီပေါမင်း ပါတော်မူသောခေတ်တွင် တောတစ်ခုတွင် ဘုန်းတော်ကြီး တရားထိုင်နေ၏။ အင်္ဂလိပ်စစ်တပ်မှပန်ချာပီစစ်သားဝို့က ရန်သူဟု ထင်၍ ဝိုင်းဝန်းပစ်ခတ်ကြ၏။ ကျည်ဆန်မထွက်ပေ။ ထိုအခါမှ ဘုန်းကြီးမှန်းသိကာ ဆလံပေးပြီး ထွက်သွားကြလေသည်။

၁၂၆၂–ခုနှစ်၊ တန်ဆောင်မုန်းလတွင် ညောင်လေးပင်တောရ စာပြန်ပွဲနှင့် သိမ်သမုတ်ပွဲသို့ ကြွသွားရာ လမ်းခရီးတွင် မီးရထားနှင့် ရင်ဆိုင်တိုးစဉ်မီးရထားသည် အလိုလို ရပ်၍ သွားလေ၏။ လူအများ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် ခရီးသည်များသည် ဘုန်းတော်ကြီးကို ပူဇော်ကြ၏။

၁၂၆၈–ခုနှစ်၊ ဝါဆိုကို ဘီလူးကျွန်း ကွမ်သဲတောရ၌ ဝါဆိုတော်မူလေသည်။ မြစ်ဝကျွန်းပေါ်မှ သိမ်သမုတ်ရန် ပင့်ဖိတ်ထားကြ၏။ ရန်ကုန်သို့သင်္ဘောမစီးမီ မော်လမြိုင်မြို့ ပုဂံတောင်ကျောင်းတွင် ခေတ္တသီတင်းသုံးကာရန်ကုန်ထွက်မည့် သင်္ဘောကို စီးရာ လက်မှတ်မရ၍ ကုန်းပတ်မှ စီးရ၏။ သက်တော်မှာလည်း (၇၅) နှစ်သို့ ရောက်တော်မူလေပြီ။ ဒူလာ သွေးဝမ်းရောဂါမှာ ပြင်းပြင်းထန်ထန်ဖြစ်၍ လာတော့၏။ ရန်ကုန်ဆိပ်ကမ်းသို့ရောက်လျှင် ပန်းတနော်သင်္ဘောကို ပြောင်းစီး၍ ဝဲထောင့်ရွာ၊ ဒေါဝါရွာ၊

အင်းမရှာ၊ ဆိပ်ကြီး၊ ခရွဲခဖိုသိမ်များကို သိမ်သမုတ်ပေးတော်မူခဲ့၏။ တန်ခူးလ နေက ပူပြင်းလှပေရာ ခန္ဓာကိုယ်မှာ ယှဲ့ယှဲ့သာ ရှိတော့၏။ ညောင်တုန်း ရွှေဟင်္သာတောရကို ဝင်ပြီး ခနေဖြူ ဇလွန်သိမ်သမုတ်ပွဲသို့ ကြွတော်မူလေသည်။ ဒူလာ သွေးဝမ်းကလည်း ပြင်းထန်သည်ထက် ပြင်းထန်၍လာတော့သည်။ ဆွမ်းအာဟာရလည်း မဝင်တော့။ ဘုန်းကြီးခန္ဓာကိုယ်မှာ ဘယ်နေရာကိုင်ကိုင် အရိုးချည်းပင် တွေ့နေရ၏။

၁၂၆၉–ခုနှစ် ကဆုန်လပြည့်ကျော် ၃–ရက်နေ့၊ ည ရှစ်နာရီတွင် ဇလွန်မြို့သို့ ရောက်၏။ တစ်မြို့လုံးထွက်၍ ကြိုကြ၏။ တိုက်ဆိုင်သည်ဆိုရမည်လား နိမိတ်ဟု ခေါ်ရမည်လား မသိ၊ ဘုန်းတော်ကြီး စီးလာသည့်သင်္ဘောမှာ နိဗ္ဗာန်အမည်ရှိသော သင်္ဘောဖြစ်ပေ၏။ ဇလွန်မြို့သုသာန်ကျောင်းသို့ရောက်လျှင် အချိန်မဆိုင်းဘဲ နေ့ချင်းပြီး သိမ်သမုတ်တော်မူသည်။ ထိုနေ့ တစ်နေ့လုံး သွေးဒူလာဆင်း၏။ ဆေးဝါးကိုပင် ပယ်တော်မူလေသည်။

မြို့ထဲ ရွာထဲ၌ မသေချင်သည့်အတိုင်း သက်တော် ၇၅–နှစ်တွင် သုသာန်တောရ၌ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။ ထိုစဉ် သိမ့်သိမ့်တုန်မျှ လျှောင်လှုပ်၏။ သစ်ပင် ပန်းပင်များ အချိန်အခါမဟုတ်ဘဲ ဖူးပွင့်ကြ၏။ ဘုန်းတော်ကြီး ခန္ဓာဝန်ချသည်နှင့် ဇလွန်သည် မြို့ငယ်ကလေးဖြစ်၍ ဘုန်းတော်ကြီး သင်္ဂြိုဟ်ရန် မတန်ဟု ယူဆကာ သင်္ဘောစင်းလုံးငှားကာ အလောင်းတော်ကို သယ်မည်၊ ပင့်ဆောင်မည်ဟု ဆိုကြ၏။ ဇလွန်သားတို့ကလည်း အလောင်းတော်ကို မပေးနိုင်ဟု တင်းခံကြ၏။ အလောင်းကို ယူမည်စိုး၍ ကြေးသေတ္တာကို ခေါင်းလုပ်ပြီး မီးမသင်္ဂြိုဟ်မီ သံသေတ္တာနှင့်ထည့်ကာ မီးသင်္ဂြိုဟ်ပြီး ပြာများကို သံသေတ္တာနှင့် ထည့်လေသည်။ ပရိသတ်ကြီးမှာ မီးသင်္ဂြိုဟ်ရာ နေရာမှ ပြာများကို အလုအယက်ယူကြရာ တွင်းကြီးများ ဖြစ်ကျန်ခဲ့၏။

အရိုးပြာရရှိထားသူများ ရေမွှေးပုလင်းများဖြင့် ပူဇော်ထားကြရာ အလုံးကလေးများဖြစ်ကာ စုံချည်ဆန်ချည် ကွန့်မြူးနေသည်ကို ဖူးတွေ့ကြရလေသည်။ မီးသင်္ဂြိုဟ်ရာ သင်္ချိုင်းတော်နေရာတွင်လည်း မီးလုံးကြီးများ ပျံကြွနေသည့်

သတင်းဖြစ်နေရာ ဓာတ်တော်ကောက်သူများ စည်ကားနေလေရာ မိုးဦးကျမှ လူစဲလေတော့သည်။ ထိုနေရာမှာပင် ဉာဏ်တော်(အမြင့်)အတောင် သုံးဆယ်ရှိ အရိုးအိုးစေတီတော်ကို တည်ထားကိုးကွယ်ထားကြလေသည်။ ဘုန်းတော်ကြီး ပရိနိဗ္ဗာန်စံသောအခါ တရုတ်လူမျိုး ကိုယ်ပျက်နေသူတစ်ဦးက သွားရောက် ကန်တော့ရာ ထူးခြားစွာ ရောဂါပျောက်၍ သွားလေသည်။ ဇလွန်မြို့ပေါ်ရှိ တရုတ်သူဌေးတစ်ယောက်ကလည်း မိမိ အိပ်မက်မက်သည့်အတိုင်း အလောင်း တော်ကို မီးရှို့သဂြိုဟ်ရန် မြေကွက်တစ်ကွက်လှူဒါန်းရာ ထိုမြေကွက်မှာပင် ရွှေအိုးများ တူးဖော်ရရှိခဲ့၏။ ဤကား ဘုန်းတော်ကြီး ဦးသီလ၏ ထေရုပ္ပတ္တိကို ရှာဖွေစုဆောင်း ရသမျှနှင့် လက်လှမ်းမီသမျှတို့မှ တင်ပြပူဇော်ရခြင်း ဖြစ်ပေသည်။

# ပေါင်းတော်ချုပ် ဆရာတော်ကြီး

ဆရာတော်လောင်းလျာသည် မြစ်ဝကျွန်းပေါ်ဇာတိ ကရင်လူမျိုးဖြစ်၍။ မူလက ဗုဒ္ဓဘာသာဝင်မဟုတ်ပေ။ ဆယ်တန်းအောင်မြင်ပြီးသောအခါ အသက် (၂၅) နှစ်ခန့်တွင် မြေတိုင်းဌာနတွင် မြေတိုင်းစာရေး ဝင်လုပ်သည်။ တစ်နေ့သောအခါ မြေတိုင်းသော ပေကြိုးတစ်ခုကို ရစ်၍ နေစဉ် ခပ်မြန်မြန်ရစ်လိုက်ရာ ပေကြိုးစက မျက်စိကို ရိုက်ခတ်သွားလေသည်။ ရိုက်ခတ်မိသော အရှိန်ကြောင့် မျက်စိကွယ်၍ သွားလေသည်။ မျက်စိပြန်မြင်ရန်အတွက် အမျိုးမျိုးသော ဆေးဝါးများဖြင့် ကုသခဲ့သော်လည်း မရပေ။ ဆေးပေါင်းစုံဖြင့် ကုသသော်လည်း မရခဲ့။

တစ်နေ့သောအခါ သူ၏ နားထဲတွင် "မင်း ဗုဒ္ဓဘာသာကို ဝင်ပါ၊ ရဟန်းပြုပါ၊ ရဟန်းပြုလျှင် မျက်စိပြန်၍ ကောင်းလာမည်၊ သာသနာလည်း ပြုရလိမ့်မည်" မကြာခဏ နားထဲတွင် ကြားနေခဲ့ရသည်။ သုံးလခန့်ကြာညောင်းလာသောအခါ မယုံ၍ မဖြစ်တော့သဖြင့် မအူပင်မြို့အနီးရှိ မီးသွေးချောင်ရွာ ဆရာတော်၏ ကျောင်းသို့သွား၍ ဗုဒ္ဓဘာသာအဖြစ်ခံယူကာ ရဟန်းပြုတော်မူလေသည်။ ရဟန်းပြုပြီးနောက် သုံးလခန့်ကြာသောအခါ မျက်စိပြန်၍မြင်လာလေသည်။

စပယ်ဦးစာပေ

ထိုအခါ အနောက်ရိုးမတွင် နေတော်မူသော ယက္ကန်းစင်တောင် ဆရာတော်ဘုရားက သူ့အား သာသနာပြုရန် ပညာရပ်အမျိုးမျိုးကို သင်ကြား၍ပေးလေသည်။ ဆရာတော် ရဟန်းပြုပြီးနောက် မိတ်ဆွေတစ်ဦးကလည်း ရဟန်းပြုကာ အတူလာ၍ နေခဲ့၏။ ကျိုက်ထီးရိုးတောင်ခြေတွင် ရှိသော ကျောင်းတစ်ကျောင်းတွင် သီတင်းသုံးကာ ပုတီးစိပ် တရားအားထုတ်သည်။ တောထဲတွင် စားစရာဘာမျှမရှိချေ။ အတူပါလာသော ကိုရင်ကြီးက နေ့စဉ် ရေအိုင်ထဲမှ ကန်စွန်းရွက်များကို ပြုတ်၍ ဆက်ကပ်သည်။ ကန်စွန်းရွက်ဖြင့်ပင် နှစ်ပေါင်းအတော်ကြာအောင် ထိုနေရာတွင် သီတင်းသုံးတော်မူလေသည်။

တစ်နေ့သောအခါ ဆရာတော်သည် ကွမ်းခြံကုန်းသို့ သွားလိုသော ဆန္ဒရှိရကား ကားဖြင့် လိုက်ပါသွားခဲ့၏။ ယခု ပေါင်းတော်ချုပ်ဟု အမည်တွင်မည့်နေရာသို့ ရောက်သောအခါ ကားပေါ်မှ ဆင်းချင်စိတ် အလိုလိုပေါ်လာကာ ကားပေါ်မှ ဆင်းခဲ့၏။ အချိန်မှာ နံနက် (၁၁) နာရီခန့်ရှိလေပြီ။ လမ်းဘေးတွင် အကြော်ရောင်းနေသောဆိုင်ကို တွေ့သော်လည်း ငွေကြေးကလုံးဝ မပါသဖြင့် အနီးရှိ ကလေးတစ်ဦးအား ပဒိုင်းရွက်များကို လက်ညှိုးထိုးပြကာ ခူး၍ ကပ်ရန် အလှူခံလေသည်။ ထိုအခါ အနီးအနားရှိ လူများက ဘုန်းကြီးပဒိုင်းရွက်စားသည်၊ စိတ်မနှံ့ဟု ထင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ပဒိုင်းရွက်စားလျှင် ရူးတတ်သောကြောင့် ဖြစ်၏။ လူမဆိုထားဘိ၊ တိရစ္ဆာန်များပင် ရူးတတ်သောကြောင့်ပေတည်း။

ယခု ပေါင်းတော်ချုပ်ဖြစ်မည့်နေရာတွင် ရှေးဟောင်းစေတီပျက်ကြီးတစ်ဆူရှိလေသည်။ ဆရာတော်နှင့် ကိုရင်ကြီးသည် သင့်တော်ရာ သစ်ပင်အောက်တွင် နေပြီးနောက် ရှေးဘုရားများ၊ စေတီများကို ပြုပြင်ကြသည်။ ဤသို့နေလာခဲ့ရာမှ လူများ တဖြည်းဖြည်း ကြည်ညိုလာကာ ကျောင်းကန်ဇရပ်များဆောက်လုပ်လှူဒါန်းကြရာမှ စေတီများစွာ ဖြစ်ပေါ်လာရလေသည်။ ထိုသို့သာသနာပြုနေစဉ် မည်သည့် အာဟာရကိုမဆို ဘုဉ်းပေးနိုင်သည်။ ဘုဉ်းပေးလျှင်လည်း ဘာမှမဖြစ်ကြောင်း ကျော်ကြားလာလေသည်။ တစ်နေ့သောအခါ

ကံဘဲ့ရွာမှ လူတစ်ယောက်သည် ဟုတ်မဟုတ် စမ်းမည်ဟု အကြံရကာ ရှမ်းငရုတ်သီး အစိမ်းတောင့်များကို ပန်းကန်ပြားတွင် ထည့်ကာ ဆရာတော်အား ဘုဉ်းပေးပါဟု ကပ်လေသည်။ ဆရာတော်သည် ဘာတစ်ခွန်းမျှ မပြောဘဲ ငရုတ်သီးများကို တစ်တောင့်ပြီး တစ်တောင့် ဘုဉ်းပေးတော်မူလေသည်။ ငရုတ်သီး တစ်ပန်းကန်ပြားကုန်သော်လည်း ဆရာတော်မှာ မည်သို့မျှ မဖြစ်ပေ။ ရှီးရှီးသရက်သီးစားနေသကဲ့သို့ဖြစ်၏။ လူ့ဒါန်းသော ဒကာမှာ အလွန်ကြောက်ရွံ့လာပြီး ဓားချွေးများ ပြန်လာကာ ရင်တွေ ပူလာတော့သည်။ ထို့နောက် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို ယုံကြည်ပြီး သူ မိုက်မဲသမျှ ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ထို့နောက် ဆရာတော်၏ တပည့်ရင်းဖြစ်လာသည်။ လက္ခဏာဆရာကြီး ဆရာစန္ဒြက ဆရာတော်ဘုရားကြီး၏အကြောင်းကို ဤသို့ ရေးသားထားလေသည်။

"တွံတေးမြို့အနီး ပေါင်းတော်ချုပ် ဆရာတော်ဘုရားကြီးသည် ကျွန်ုပ်၏ ဆရာတစ်ပါး ဖြစ်ပေသည်။ တစ်နေ့တွင် အစ်ကိုအရင်းကဲ့သို့ ခင်မင်သော မိတ်ဆွေတစ်ယောက်က ခေါ်သဖြင့် ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့မှ ဆယ်မိုင် တွံတေးမြို့မှ ငါးမိုင်ကွာတွင်ရှိ တောင်တန်းကလေးပေါ်တွင် သီတင်းသုံးသော ပေါင်းတော်ချုပ်ဆရာတော် ဘုရားထံသို့ ရောက်ရှိခဲ့ကြ၏။ ကျွန်ုပ်မိတ်ဆွေနှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက်မှာ နိုင်ငံကူးလက်မှတ်လျှောက်ထားခဲ့သည်မှာ ရှစ်လခန့်ရှိသော အချိန်အထိ ဘာမျှမသိရ၊ မကြားရဖြစ်နေသည်။ ထိုအခါ ကျွန်ုပ်၏မိတ်ဆွေက လျှောက်လွှာတစ်စောင် ရေးယူခဲ့ပါ။ ဆရာတော်အား သွားရောက် ကန်တော့စဉ် အကျိုးအကြောင်း လျှောက်ထားသည်။ ဆရာတော်က လျှောက်လွှာကို လက်ဝါးဖြင့် 'စမ' လုပ်ပြီး ပေးလိုက်သည်။ လျှောက်လွှာတင်သောအခါ (၇) ရက်နှင့်ပင် နိုင်ငံကူးလက်မှတ်ရလေသည်။

တစ်နေ့သောအခါ ကျွန်ုပ်၏မိတ်ဆွေနှင့် ကျွန်ုပ်တို့သည် ဆရာတော်ဘုရားကျောင်းသို့ သွား၍ အိပ်ကြသည်။ နောက်တစ်နေ့နံနက်တွင် ကျောင်းအလယ်ရှိ ဓာတ်စခန်းခေါ်သော ဇရပ်ကလေးသို့ ရောက်လာကြသည်။ ကျွန်ုပ်၏ ဓာတ်လုံးမှ

ထွက်သော ရွှေပြာနှင့် ပျားရည် စားလျှင် လုံးဝ ထမင်းမစားဘဲ နေနိုင်သည်။ ဆာလောင်မွတ်သိပ်ခြင်း မရှိပေ။

ကျွန်ုပ်အား ဘုရားကန်တော့ခိုင်းသည်။ ထိုအချိန်တွင် ဆရာတော်သည် ဖယောင်းတိုင်တစ်တိုင်ကို မီးပူဇော်တော်မူသည်။ အထက်ဆရာတော်ဘုရားအား ပင့်ခေါ်တော်မူသည်။ နာရီဝက်ခန့်ကြာသောအခါ ဘုရားစင်၏ ဘေးတွင်ရှိသော သောက်ရေအိုးစင်မှ ကြေးဖလားငယ်ကလေးဖြင့် ရေတစ်ခွက်ခပ်၍ သောက်စေသည်။ ထို့နောက် လက်ဝါးကို 'စမ'ရိုက်၍ ပေးသည်။ 'စမ'ရိုက်သောအခါ လက်များ ဓာတ်ဝင်လာ၍ တဆတ်ဆတ်တုန်လာသည်။ မတုန်စေရန် မည်သို့ပင် ထိန်းထားသော်လည်း မရချေ။ ဓာတ်ဝင်ကြောင်း သက်သေပြသည်။

အခိပ္ပာယ်မှာ ဆရာသမားများက တပည့်အဖြစ် အသိအမှတ်ပြုကြောင်းပင် ဖြစ်၏။ ရေတစ်ခွက်သောက်ပြီးသောအခါ မိမိ၏အစာအိမ်ထဲတွင် ဒံပေါက်ထမင်း နှစ်ပန်းကန်ပြား စားလိုက်ရသကဲ့သို့ အလွန်တင်း၍ ဝလာသည်။ မိမိကိုယ်ကိုပင် လက်နှင့် စမ်းကြည့်မိသည်။ သို့သော် ဝမ်းဗိုက်မှာ နဂိုရ်အတိုင်းပင် ရှိနေသည်။ ဤကဲ့သို့ ရေစင်တက်သောအခါ အရဏ်တက်မှ စ၍ မည်သည့် အစားအစာမျှ မစားရချေ။ ရေစင်တက်ပြီးနောက် ကျွန်ုပ်သည် ကိုးရက်တိတိ အစာမစားရချေ။ မည်သည့်သစ်သီးကိုမျှလည်း မစားချေ။ စားချင်စိတ်လည်း လုံးဝ မရှိ။ သုံးရက်ကြာသောအခါ အနည်းငယ် အားကုန်လာသည်။ ငါးရက်မြောက်နေ့တွင် အားပြန်၍ဖြစ်လာသည်။ ကိုးရက်တိတိ အစာမစားဘဲ နေနိုင်သည်မှာ အံ့ဩဖွယ်ရာဖြစ်လေသည်။

ဤသို့ ရေစင်တက်သောအခါ ပုတီးစိပ်ရသည်။ အာနာပါနကမ္မဋ္ဌာန် ထိုင်ရသည်။ ဝမ်းထဲတွင် အစာမရှိသောအခါ ငိုက်မြည်းခြင်း မရှိတော့ပေ။ အလွန်ကြည်လင်သည်။ ခန္ဓာကိုယ်မှာလည်း ပေါ့ပါး၍ နေလေသည်။ ဆရာတော်ဘုရားကြီးသည် သီလ၊ သမာဓိ လွန်စွာအားကောင်းတော်မူသည်။ တစ်ခါတစ်ရံ အမဲလိုက်သူများကြောင့် သမင်၊ ဒရယ်များ ကျောင်းထဲသို့ ခိုလှုံလာကြသည်။ အံ့ဖွယ်ရာပင် ဖြစ်ပေသည်။"

ဆရာတော်ဘုရားကြီးသည် သတ္တဝါများအပေါ် မေတ္တာထား၍ အမြဲတမ်း ပုတီးစိပ်တော်မူသည်။ ရိုးရိုးကြိမ်ပုတီးဆိုလျှင် ဆရာတော်ဘုရားကြီး တစ်လ လောက် စိပ်က မည်းနက်ပြောင်လက်လာတော့သည်။ ကျောင်းတွင် သက်သတ် လွတ် စားရသည်။ အလွန်တောခေါင်သော်လည်း စားရေးသောက်ရေး မပူရပေ။ ကျောင်းအနီး ကံဘဲ့ရွာမှ ကျောင်းအစ်မကြီးတစ်ဦးက ဧကနှစ်ဆယ် ရှိသော လယ်များကို ဆရာတော်ထံ လှူထားသည်။ ထို့ကြောင့် ဆန်များ ဖူလုံ နေသည်။ ဆရာတော်ဘုရားမှာ ပျံလွန်တော်မူပြီးဖြစ်သော်လည်း လာရောက် ကြည်ညိုကြသူများဖြင့် စည်ကားလျက်ပင် ရှိလေသည်။

# ကသစ်ဝိုင် ဆရာတော်

## (၁၂၆၅–၁၃၂၇)

ကသစ်ဝိုင်ဆရာတော်ကို ပဲခူးခရိုင် ဝေါမြို့နယ်၊ အဗျားအလယ်စုရွာ လယ်သမားကြီး ဦးဘိုကန်၊ အမိ ဒေါ်စိမ်းရင်တို့မှ သက္ကရာဇ် ၁၂၆၅–ခုနှစ် တပေါင်းလဆန်း (၁၀) ရက် ဗုဒ္ဓဟူးနေ့ (၁၂) နာရီတွင် ဖွားမြင်တော်မူလေသည်။ ငယ်မည်မှာ မောင်ရွှေဘဖြစ်ပေ၏။ ငယ်ရွယ်စဉ် ကလေးဘဝကပင် ဘုန်းကြီးလုပ်တမ်း ကစားလေ့ရှိ၏။ သဘောထားကောင်းမွန်ကာ လူကြီးမိဘများ စိတ်မချမ်းသာအောင် ပြုလေ့မရှိပေ။ ရှစ်နှစ်သား အရွယ်သို့ရောက်သောအခါ အဗျားအထက်စုကျောင်း ဦးကလျာဏထံတွင် သာမဏေပြုလေသည်။

သာမဏေဘဝဖြင့်ပင် ကျိုက်ထိုမြို့အနီး မရမ်းချောင်၊ ရန်ကုန်သရက်တော၊ အင်းဝကျောင်းတို့တွင် ရဟန်းအခြေခံစာများကို သင်ကြားခဲ့လေသည်။ ၁၂၈၅–ခုနှစ်တွင် ရဟန်းဘဝကို ရောက်ရှိတော်မူလေသည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ ရွှေရေးဆောင်၊ ဘုံကျောင်း၊ ဘုရားကြီးတိုက်များတွင် ပရိယတ္တိ သင်ယူခဲ့ရာ ပထမကြီးအောင်မြင်တော်မူခဲ့သည်။ ရဟန်းဝါ ခြောက်ဝါ

ရသည့်အခါမှ စ၍ ဝေါမြို့အနီး ကြို့တူကျောင်းတွင် စာဝါများ ပို့ချပေးခဲ့၏။ ရဟန်းဝါ (၁၂) ဝါရသည်မှ စ၍ (၂၂) ဝါအထိ ဆယ်နှစ်တိုင်တိုင် စာဝါများ ပို့ချတော်မူခဲ့ရာ အဖျားအထက်စုကျောင်းတွင် စာချဆရာတော်ကလေး ဖြစ်တော်မူသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ကြောင့် အထက်စုကျောင်းကြီး မီးလောင်ပျက်စီးခဲ့ရာ တစ်နေရာသို့ ပြောင်းရွှေ့ကာ ပဋိပတ္တိအလုပ်စခန်းကို ကြီးပမ်းတော်မူလေသည်။ ဆရာတော် ပဋိပတ္တိ သာသနာပြုလုပ်ငန်းတွင် လှူဒါယကာများ မြောက်မြားစွာ အားပေးခဲ့ကြ၏။ တစ်ဆယ့်နှစ်ဧက ကျယ်ဝန်းသော ပဋိပတ္တိဌာနကြီးကို အဆောက်အအုံပေါင်း လေးဆယ်ကျော်ဖြင့် သာသနာပြုခဲ့ရာ ကသစ်ဝိုင် ကမ္မဋ္ဌာန်းနည်းဟူ၍ပင် တစ်ပြည်လုံး ကျော်ကြားလာခဲ့ပေသည်။

မြန်မာပြည်တစ်ပြည်လုံးမှာပင် ကသစ်ဝိုင်တရားစခန်းများ မြောက်မြားစွာ ရှိနေပေသည်။ တရားအားထုတ်သူ ပရိသတ်လည်း များပြားလှပေသည်။ ကသစ်ဝိုင် ဆရာတော်သည် လုံ့လဝီရိယ ကြီးမားစွာဖြင့် သာသနာပြုခဲ့ရာ သက်တော် (၆၂) နှစ်၊ ၁၃၂၇–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉–ရက်၊ စနေနေ့ နံနက် (၁၁)နာရီ၊ မိနစ် (၃၀)တွင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။ ဆရာတော်ဘုရား မရှိတော့သော်လည်း ဆရာတော် ပြုစုပျိုးထောင်ခဲ့သော ကသစ်ဝိုင်တရားပြ တရားစခန်းများကား ဆက်လက်ရှင်သန်နေဆဲ ဖြစ်ပေ၏။ ကသစ်ဝိုင် ပရိသတ်ကလည်း မြောက်မြားစွာ ရှိပေသည်။

## ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

မျက်လုံးကိုမှိတ်၍ စိတ်ကိုရင်မှာထားရမည်။ ၎င်းနောက် ပေါ်တာကို မှတ်ရမည်။ ပေါ်တာ ငါးမျိုးရှိသည်။ "ပူတာ၊ အေးတာ၊ လှုပ်တာ၊ ဆင်းရဲတာ၊ ချမ်းသာတာ"တို့ ဖြစ်သည်။ ပေါ်တာက ရုပ်၊ ပေါ်တာကို သိတာက နာမ်၊ ရုပ်ထဲမှာ နာမ်မရှိ၊ နာမ်ထဲမှာ ရုပ်မရှိ၊ ပေါ်တိုင်းသိ ပေါ်တိုင်းသိ၊ ဤသို့ ပေါ်တာနှင့် သိတာ ဆုံးဆုံးသွားအောင် ရင်ကနေ စိတ်ဖြင့် မှတ်ရမည်။

ပေါ်တာငါးမျိုးတို့တွင် ပူတာနှင့်အေးတာ၊ ချမ်းသာတာနှင့် ဆင်းရဲတာ မတည့်၍ တစ်ခုပေါ်လျှင် တစ်ခု မပေါ်နိုင်ပေ။ တစ်ပြိုင်တည်း ပေါ်နိုင်သော တရားကား ပူလှုပ်ဆင်းရဲ၊ ပူလှုပ်ချမ်းသာ၊ အေးလှုပ်ဆင်းရဲ၊ အေးလှုပ်ချမ်းသာ ဤသုံးမျိုးသာ ဖြစ်သည်။ ပူတာပေါ်သည့်အခါ နည်းနည်းပူ၊ များများပူ၊ တိုးတိုးပြီးပူ၊ လျော့လျော့ပြီးပူ၊ မတိုးမလျော့ တန့်နေသည့်အပူ၊ ဤသို့ အပူ အမျိုးမျိုးရှိရာတွင် မည်သို့ပူပူ ပူလာလျှင် လှုပ်နေတာပါတတ်သည်။ မခံသာလျှင် ဆင်းရဲမှု၊ ခံသာလျှင် ချမ်းသာမှု ပါတတ်သည်။ မည်သို့ပင် အေးအေး အေးတာ ပေါ်သည့်အခါ လှုပ်တာပါ ပေါ်သည်။ မခံသာလျှင် ဆင်းရဲမှု၊ ခံသာလျှင် ချမ်းသာမှုလည်း ပါတတ်သည်။ ထိုသို့ သုံးမျိုးတွဲ ပေါ်တတ်သော်လည်း ပူတာ ထင်ရှားလျှင် ပူတာ၏ ဖြစ်ပျက်ရှု၊ လှုပ်တာ ထင်ရှားလျှင် လှုပ်တာ၏ ဖြစ်ပျက်ရှု၊ ဆင်းရဲတာ ထင်ရှားလျှင် ဆင်းရဲတာ၏ ဖြစ်ပျက်ရှု၊ ချမ်းသာတာ ထင်ရှားလျှင် ချမ်းသာတာ၏ ဖြစ်ပျက်ရှုရမည်။ မထင်ရှားတာကို ထင်ရှား အောင်ကား လိုက်မလုပ်ရ။ ပေါ်လာမှသာ ပစ္စုပ္ပန် ပေါ်တုန်း ပေါ်ခိုက်ကို ရှုမှတ်ရမည်။

တရားထိုင်လျှင် ဖြစ်ပျက်မြင်ရန် ကြာကြာထိုင်ရမည်။ ခဏခဏ မပြင် မပြောင်းဘဲ ကြာကြာထိုင်ရမည်။ နာရီဝက်၊ တစ်နာရီ ထိုင်မည်ဟု အဓိဋ္ဌာန်ပြုပြီး အဓိဋ္ဌာန်မပျက် မပြင် မပြောင်းဘဲ မှတ်ရမည်။ ကြာကြာမှတ် လျှင် ခန္ဓာမှာ ပြောင်းလဲဖြစ်ပျက်နေပုံကို ကောန်မြင်ရမည်။

စိတ်ကို ရင်မှာထားပြီး ပေါ်တာငါးမျိုးကို မှတ်နေစဉ် နည်းနည်းကြာ သွားလျှင် ခန္ဓာကိုယ်အောက်ပိုင်းမှာ ပူလာတတ်သည်။ အပူတွေ့လျှင် အရှိန် ကလေးကလည်း ပါတတ်သည်။ အခိုးအငွေ့လည်း ထတတ်သည်။ အရှိန် အခိုးကို အောက်ပိုင်းမှ စပေါ်ပြီး အထက်ကို တဖြည်းဖြည်း တက်တတ်သည်။ အပူရှိန် အပူခိုး မီးခတ်က ဖုတ်၊ လေခတ်က မှုတ်ပြီး တလှုပ်လှုပ် တရွရွ၊ တစစ်စစ် တဖျစ်ဖျစ်နှင့် ပြောင်းလဲဖြစ်ပျက်ပုံကို အမျိုးမျိုးတို့ ခန္ဓာကိုယ်ပေါ်မှာ ပေါ်တတ်သည်။ ထိုသို့ပေါ်လျှင် ယောဂီသည် အားသန်ရာကို နိုင်အောင် မှတ်ရမည်။ အပူသန်လျှင် ပူသိပျက်၊ အအေးသန်လျှင် အေးသိပျက်၊

အရှိန်းသန်လျှင် ရှိန်းသိပျက်၊ စစ်စစ်သံလျှင် စစ်သိပျက်၊ ရှရှအားသန်လျှင် ရှသိပျက်ဟူ၍ ခန္ဓာမှာပေါ်တာနှင့် သိပျက်ကို ကပ်လိုက်ရမည်။ ထိုသို့ ကပ်သွားလျှင် ပေါ်တာနှင့် သိပျက်တို့ ထင်ရှားလာတတ်သည်။ ဤသည်ကား နာရီဝက်၊ တစ်နာရီထိုင်မည်ဟု အဓိဋ္ဌာန်ပါရမီက ကူပေးလိုက်သည့် အကျိုးပင် ဖြစ်သည်။

ကျန်တာပေါ်လျှင် ကျန်သိပျက်ဟု သိပျက်ကပ်၊ ထုံတာပေါ်လျှင် ထုံသိပျက်ဟု သိပျက်ကပ်၊ ကိုက်တာ နာတာပေါ်လျှင်လည်း သိပျက် ကပ်ပေး။ အေးတာ၊ စိမ့်တာ၊ စိတ်ချမ်းသာတာ၊ ဘာပဲပေါ်ပေါ် ပေါ်တာမှန်သမျှကို သိပျက်ကပ်ပေး။ ထိုသို့ သိပျက်ကပ်ပြီး မှတ်လျှင် တရားကို မြင်နိုင်သည်။

ဆိုခဲ့သည့်အတိုင်း ဘာမှမမြင်လျှင် အသက်ရှူသည့်အခါ လှုပ်တာကို မှတ်၊ အသက်တစ်ခါရှူလျှင် ဗိုက်ဖောင်းသည်။ ရှိုက်လိုက်လျှင် ဗိုက်ပိန်သည်။ ပေါင်ရင်းကို စိတ်ကပ်ထား၊ ရှိုက်လိုက်၍ လေထွက်စဉ် ပေါင်ရင်းက ရှိန်းခနဲ ရှိန်းခနဲ ပေါ်တတ်သည်။ ပေါင်ရင်းက ရှိန်းခနဲ ရှိန်းခနဲ တိုးတိုးလာလျှင် ပေါင်ရင်း၊ ပေါင်လယ်၊ ဒူး၊ ခြေသလုံး၊ ခြေမျက်စိ၊ ခြေဖဝါး ထိအောင် တစ်ချက် ရှိုက်လိုက်တိုင်း ရှိန်းခနဲ ရှိန်းခနဲ အပူထုတ်သလို နေတတ်သည်။ ထိုသို့ဖြစ်လျှင် အောက်ပိုင်းသည် ရှရှဖြစ်စေ၊ ရှိန်းရှိန်းဖြစ်စေ၊ ဖျဉ်းဖျဉ်းဖြစ်စေ၊ စစ်စစ်ဖြစ်စေ၊ ဟုန်းခနဲ၊ ဖျဉ်းခနဲ၊ ကြက်သီးထသလိုဖြစ်စေ၊ မျိုးစုံပေါ်နေတတ်သည်။ ဤကား အသက်ရှူလေနှင့် ပတ်သက်၍ သိမှတ်ရာ ဖြစ်ပေါ်ပုံဖြစ်သည်။

အိပ်လျက်၊ စင်္ကြံလျှောက်လျက်လည်း မှတ်ရမည်။ ဘယ်လှမ်းလျှင် ဘယ်ခြေသို့ စိတ်ဖြန့်၊ ကြွတုန်း ပေါ်တာမှတ်၊ ရွှေ့တုန်း ပေါ်တာမှတ်၊ အောက်ချလိုက်တုန်း ပေါ်တာမှတ်၊ ညာလှမ်းလျှင် ညာခြေသို့ စိတ်ဖြန့်၊ ကြွတုန်း ပေါ်တာမှတ်၊ ရွှေ့ထားတုန်း ပေါ်တာမှတ်၊ အောက်ချလိုက်တုန်း ပေါ်တာမှတ်။

လမ်းတိုလျှင် ဆယ်ခေါက်လောက် မှန်းလျှောက်၊ လမ်းရှည်လျှင် ငါးခေါက်လောက် မှန်းလျှောက်၊ ပေါ်တာကို မြင်မြင် မမြင်မြင် လျှောက်ရမည်။

လျှောက်ပြီးလျှင် နှစ်မိနစ်ရပ်လိုက်ရမည်။ ယင်းနောက်ဆက်လျှောက် ငါးခေါက် ဆယ်ခေါက်ပြီးပြန်လျှင် နှစ်မိနစ်ရပ်။ ထိုသို့လျှောက်ရာက မလျှောက်နိုင်တော့ ဘူးဆိုလျှင် အိပ်ရာထဲသွား၊ စောင်ဖြစ်စေ၊ သင်္ကန်းဖြစ်စေ ခြုံ၊ ပက်လက်အိပ်၊ မျက်လုံးမှိတ်ပြီး အထက်ကနေ အောက်ခြေဖဝါးအထိ စိတ်စိုက်။ ချွေးသေကောင်ပုပ် လင်းတဆွဲသလို တရွရွ တဖွဖွ တဖျစ်ဖျစ် တလှစ်လှစ် တစစ်စစ်နှင့် အိုက်စပ်သော ဝေဒနာကို ညနေပိုင်းမှာ ကြုံရတတ်သည်။ နေ့လယ်ပိုင်းဆိုလျှင် ချွေးများပင် ထွက်လာတတ်သည်။ နွေရာသီဆို သာပြီး ချွေးတစိုစို ဖြစ်လာ တတ်သည်။

ထို့ပြင် လက်ကို ကွေးသည့် ဆန့်သည့်အခါ ပေါ်တာမှတ်ပြီး ကွေးရ ဆန့်ရမည်။ ခြေထောက်နှင့် ခန္ဓာကိုယ်တို့ကိုလည်း ပေါ်တာမှတ်ပြီး ကွေးရ ဆန့်ရမည်။ သတိမလွတ်စေရ၊ သတိလွတ်လျှင် သူ့နေရာသူပြန်ထား၊ အမှတ်ဖြင့် ပြန်ကွေး၊ ပြန်ဆန့်ရမည်။ ဘာကို ကိုင်ကိုင် ပေါ်တာမှတ်ပြီး ဖြည်းဖြည်းကိုင်ရမည်။

ရေချိုးသည့်အခါ ပူတာပျောက်ပြီး အေးတာ ရောက်တာတွေ၊ ရေချိုးပြီးလျှင် အအေးဓာတ်ပျောက်ပြီး အနွေးဓာတ်ပြန်ရောက်တာတွေ မှတ်ရမည်။ စားသည့်အခါ လက်ဖက်ရည်သောက်သည့်အခါ၊ လက်ကိုင်လျှင် လက်ကို စိတ်ဖြန့်၊ ခွံ့လျှင်၊ ဝါးလျှင်၊ ပါးစပ်ထဲစိတ်ဖြန့် မှတ်ရမည်။ ပါးစပ်အမူအရာ ဖြစ်ပုံ၊ ဟပုံများကို မှတ်ရမည်။ ပါးစပ်ကို လေနှင့် "ဟ" ခြင်း ဖြစ်၏။ "ဟ"ပါများတော့ မီးပါလာသည်။ မီးနှင့်လေ ပေါင်းလိုက်တော့ စားတုန်းမှာ ရှိန်းခနဲ ၊ ရွခနဲ၊ ဖျဉ်းခနဲ၊ စစ်ခနဲ စသည်ဖြင့်ပေါ်လာသည်။ ထိုသို့ ပေါ်လာလျှင် ရွရွနှင့်စား၊ ဖျဉ်းဖျဉ်းနှင့်စား၊ စစ်စစ်နှင့်စား၊ လုပ်လုပ်နှင့်စား၊ အပူနှင့်စား၊ အပူဆိုလည်း ဖြစ်ပြီးပျက်၊ အအေးဆိုလည်း ဖြစ်ပြီးပျက်၊ လှုပ်ရှားဆိုလည်း ဖြစ်ပြီးပျက်၊ မြင်ပျက်နှင့် စားရမည်။ အမြင်လည်း သန့်မည်ဆိုလျှင် စားတုန်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်သည်။

ဘာပဲလုပ်လုပ် အမှတ် မပျက်စေဖို့ လို၏။ အမှတ်လွတ်သွားလျှင် အသိကျဲမည်၊ ဘာပဲပေါ်ပေါ် ပေါ်တာနှင့် သိနေရမည်။ ပေါ်တာအစ သိတာ အလယ်၊ ပျက်တာ နောက်ဆုံးဖြစ်၏။ နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် မြင်ချင်လျှင်၊ ခန္ဓာထဲမှာ ဖြစ်ပျက်ကို နာနာမှတ်ရမည်။

မငိုက်၊ မသမ်းမဝေ၊ မပျင်းဘဲ တစ်မိနစ်မှာ မှတ်စိတ် (၆၀) ရပြီး အမှတ်စိပ်စိပ်နှင့် မြန်လာမည်ဆိုလျှင် မှတ်စိတ်ဆုံးက နိဗ္ဗာန်ကို မြင်ရတော့မည် ဖြစ်သည်။

ဤကား ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းဖြစ်ပေ၏။

**ကျမ်းကိုး**

**ဗုဒ္ဓဘာသာကောင်းတစ်ယောက်**

# သပိတ်အိုင် ဆရာတော်

## (၁၂၅၅–၁၃၃၁)

သပိတ်အိုင်ဆရာတော်ကို ၁၂၅၅–ခုနှစ်၊ ကဆုန်လဆန်း (၃) ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။ ၁၂၇၈–ခုနှစ်၊ တပေါင်းလပြည့်ကျော် လေးရက်နေ့တွင် ကြာအင်းရွာ သပြေပင်တောရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်၏။ ဘွဲ့တော်မှာ ဦးကိတ္တိ ဖြစ်၏။ ဦးကိတ္တိသည် ညောင်လေးပင် တောရ၌ ပထမလတ်စာမေးပွဲဖြေဆိုအောင်မြင်ပြီးလျှင် အုတ်တွင်းမြို့ ကန်ကလေး တောရသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ထို့နောက် ပခုက္ကူ၊ မြင်းခြံ၊ မန္တလေးနှင့် အမရပူရမြို့များသို့ လှည့်လည်စာသင်ကာ နိကာယ်ငါးရပ်၊ နေ့ဝါ ညဝါနှင့် အဘိဓမ္မာ ညဝါများကို သင်ယူအားထုတ်တော်မူသည်။ ပရိယတ္တိ သင်ကြားစဉ်ကာလတွင် နှုတ်ငုံကျက်မှတ်တော်မူလေသည်။

ရဟန်းဝါ (၁၀) ဝါထိ၊ ပရိယတ္တိ သင်ယူ၍ ၄–နှစ်နီးပါး စာချပေးတော် မူသည်။ စာချပေးတော်မူပြီးနောက် ၁၂၈၈–ခုနှစ်၊ ကဆုန်လဆန်း (၁) ရက် နေ့မှစ၍ ပဋိပတ်ဘက်သို့ လုံးဝကူးပြောင်းတော်မူသည်။ ပထမဆုံး ဘီလူးကျွန် ရွာလွတ်ရွာအနီး ဂူကလေးတောရ၌ သီတင်းသုံးရန် ဆုံးဖြတ်၏။

တောထွက်ရန် ဆုံးဖြတ်ပြီး ကျိန်းစက်ရာမှ ဘူတာသို့သွားချိန်အရောက် တွင် တစ်ကျောင်းလုံး သိမ့်သိမ့်တုန်အောင် လျှောင်လျှပ်၏။ ဆရာတော်အဖို့ လျှောင်လျှပ်ခြင်းသည် မိမိလုပ်ငန်း အောင်မြင်ရမည့် နိမိတ်ဟု မှတ်ယူတော်မူ လေသည်။ ဆရာတော်သည် ဘီလူးကျွန်း ဂူကလေးတောရတွင် တစ်ဝါမျှသာ နေပြီးနောက် ထိုနှစ် နတ်တော်လဆန်း (၁၃) ရက်နေ့မှစ၍ သပိတ်အိုင်တောရ ၌သာ တစ်ပါးတည်း သီတင်းသုံးတော်မူသည်။ သပိတ်အိုင်တောရမှာ ကျွဲခြံ မြို့မှ သုံးမိုင်ကွာဝေးသော နွားလပို့တောင်ခြေ၌ တည်ရှိ၏။ သပိတ်ပုံသဏ္ဍာန် စမ်းရေအိုင်ကြီးကို အစွဲပြု၍ သပိတ်အိုင်ဟုခေါ်ကြ၏။ လျှိုမြောင်စိမ့်စမ်းတို့ဖြင့် အေးချမ်းဆိတ်ငြိမ်သော တောရဖြစ်ပေသည်။ သပိတ်အိုင်တောရမှာ ဘီလူးကျွန်း ပင်လယ်ဘက်ဆီသို့ ဦးလှည့်နေလေသည်။ ဆရာတော်သည် ထိုတောရ၌ လေးတိုင်စင် ကျောင်းကလေး၌သာ နေတော်မူ၏။ ဆွမ်းကိစ္စပြီးလျှင် သတ္တဝါ များကို ကိုယ်တော်တိုင် အစာကျွေးတော်မူသည်။ ဆရာတော်၏ မေတ္တာဓာတ် ကြောင့် တိရစ္ဆာန်များ ကျောင်းအနီးသို့ ဝင်ထွက်သွားလာကြလေသည်။ ဆရာတော် ဆွမ်းခံကြွရာတွင် တောဆင်ရိုင်းများ၊ ကျားများနှင့် မကြာခဏ ပက်ပင်းတိုးခဲ့ ရသော်လည်း လမ်းဖယ်၍ပင် ပေးကြရ၏။ တိရစ္ဆာန်များကို ဆရာတော်က "လာ" ဟု ခေါ်လျှင် လာကြသကဲ့သို့၊ သွားဟုဆိုလျှင်လည်း သွားကြ၏။ ဆရာတော်စကားကို နားလည်သကဲ့သို့ရှိပေသည်။

တချို့သော ငှက်များ၊ ဆင်များသည် ဆရာတော်၏ ဖိနပ်နှင့် သင်္ကန်း တို့ကို နမ်းရှုပ်၍ ကြည့်ကြ၏။ ၁၃၀၂-ခုနှစ်၊ ကဆုန်လ,က ဖြစ်၏။ ကျောင်း ဝင်းအတွင်းရှိ ဇရပ်ကို လာရောက် မိုးပေးနေသူများက ဇရပ်အနီးရှိ ချုံကိုပါ ရှင်းလင်းကြလေရာ ထိုချုံ၌ ရှိသော ကျားမကြီး ထွက်ခွာသွားလေရာ ကျား ပေါက်စကလေးများ ကျန်နေခဲ့၏။ ဇရပ်မိုးသူများက "ကြောင်လား၊ ကျားလား မသိဘူး" ဟု ဆိုကာ ဆရာတော့်ထံယူလာ၍ ပြ၏။ "ဟဲ့ကောင်တွေ ကြောင်ဆိုတာ နှုတ်သီးလုံးတယ်၊ နားရွက်လဲ ချွန်တယ်၊ ဒီအကောင်ကလေး တွေက နှုတ်သီးရော၊ နားရွက်ရော တိုပြီး ဝိုင်းနေတယ်၊ ကျားပေါက်ကလေး တွေဘဲ၊ မင်းတို့ဇရပ် မြန်မြန်မိုးပြီးတော့သာ ပြန်ပို့လိုက်ကြ"

ဆရာတော်က မိန့်တော်မူကာ ကျားပေါက်ကလေးကို ယူထားလိုက်ပြီး ဆွမ်းဘုဉ်းပေးနေတော်မူ၏။ ကျားမကြီးမှာ သားဇောကြောင့် ကျောင်းအနီး ကပ်လာသော်လည်း ဆရာတော့်လက်ထဲ ရောက်နေသော ကျားသားငယ်များကို ကြည့်ကာ လှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်ပြေး၏။ ဇရပ်မိုးပြီး၍ မူလ နေရာ ပြန်ထားမှသာ ယူဝံ့ပေတော့သည်။ ကျားများက မည်သို့မျှ အန္တရာယ် မပြုကြ။ ဆရာတော်၏ မေတ္တာဓာတ်ပင် ဖြစ်ပေသည်။ လူကို နင်းသတ်လေ့ ရှိသော ခုနစ်ကောင်မျှရှိသော ဆင်ရိုင်းအုပ်ကြီးမှာ တစ်ခါတစ်ရံကျောင်းတွင် သို့ပင် ဝင်လာတတ်ကြ၏။ ဆင်ထိန်းများရှေ့၌ပင် ဆရာတော်သည် အစာကျွေး ခြင်း ပြုကာ အစွယ်များကိုင်ခြင်း ပြုတော်မူသော်လည်း မည်သို့မျှ ရန်မပြုကြပေ။

"မင်းတို့သာ ပြန်ချင် ပြန်ကြ၊ ဆင်တွေ ထားပစ်" ဟု ပြောကာ ဆင်ထိန်းသူများကို ပြန်လွှတ်သည်။ ဆရာတော်ကိုယ်တိုင် ဆင်ရိုင်းများအား ငှက်ပျောပင်များကို ခွဲ့ကျွေးသည်။ ထူးမခတ်ရဘဲ ကျောင်းဝင်းထဲမှာပင် ယဉ်ပါးစွာ လှည့်လည်နေကြသည်။ ထိုတောရတွင် မြွေဆိုးများလည်း ပေါလှ သည်။ မြွေဆိုးမြွေကောင်း မရွေး၊ ကြီးသေးမဟူ ကိုယ်တော်တိုင် လက်နှင့် ဖမ်း၍ လွှတ်သည်။ မည်သည့်မြွေမျှ ဆရာတော်ကို မကိုက်ပေ။

တစ်နေ့သ၌ ဆရာတော် ဆွမ်းဘုဉ်းပေးနေစဉ် ကျေးရွာလူကြီးတစ်ဦး သည် ဆရာတော် ဆွမ်းဘုဉ်းပေးနေသည်ကို အနီးမှ ကြည့်ညိုနေ၏။ ဆရာတော် ဘုရားက ကျေးရွာလူကြီးကို "မင်းပြန်တော့" ဟု မိန့်တော်မူ၏။ ကျေးရွာ လူကြီးကား မပြန်ဘဲ နေပြန်၏။ တော်တော်လေးကြာသောအခါ "မင်း ပြန် တော့လေ" ဟု ထပ်မံမိန့်ကြားပြန်လေသည်။ ထိုအခါကျမှ ကျေးရွာလူကြီးမှာ ဦးချကာ ပြန်လာခဲ့လေသည်။ ပို၍ အံ့သြဖွယ်ကောင်းသည်ကား ကျေးရွာလူကြီး ပြန်သွား၍ ဆယ်မိနစ်ခန့်ကြာသာအခါ သူပုန်များ ကျောင်းထဲသို့ ဝင်လာလေ သည်။ သူပုန်များသည် ကျေးရွာလူကြီးကို တွေ့လျှင် ချမ်းသာပေးကြမည် မဟုတ်ပေ။

"ဒါကြောင့် ဆရာတော်က ငါ့ကို ဖွတ်နှင်နေတာကိုး" ဟု ကျေးရွာ လူကြီးက ပြောလေသည်။

စပယ်ဦးစာပေ

ဆရာတော်သည် ခရီးဝေးကွာသော မြို့ရွာများတွင် တစ်ချိန်တည်းလိုပင် ဆွမ်းခံကြွကြောင်း သတင်းများ ထွက်ပေါ်လာတတ်ပေသည်။ တစ်နေ့သော အခါ ဒကာတစ်ဦး ကျောင်းသို့ စားသောက်ဖွယ်ရာများ လှူဒါန်းရန် လာရာ လမ်းခုလတ်မှ လူတစ်ယောက်ကလည်း ထပ်မံလှူဒါန်းပြန်သည်။

"မင်း အဲဒီလှူတဲ့လူကို နာမည်မေးခဲ့သေးသလား"

"မမေးမိပါ ဘုရား"

"အေး–အဲဒီလူမျိုးကို သေသေချာချာကြည့် မျက်တောင်မခတ်ဖူးကွယ့်" ဟု မိန့်တော်မူ၏။ ရက္ခစိုးများ၊ နတ်များ လူယောင်ဖန်ဆင်းရာ၌ မျက်တောင် ခတ်လေ့မရှိ ဟုဆို၏။ ဤအကြောင်းကို ရည်ရွယ်၍ မေးတော်မူပုံရပေ၏။ ဆရာတော်သည် ပရိသတ်အား ညနေပိုင်းနှင့် ဆွမ်းဘုဉ်းပေးချိန်သာ ဖူးတွေ့ခွင့် ပေးတတ်၏။ စကားများများ လျှောက်ထားပြောဆိုသည်ကိုလည်း မကြိုက်ပေ။

တစ်နေ့သောအခါ မော်လမြိုင်မြို့မှ ဇနီးမောင်နှံ ရောက်ရှိလာကာ စာတစ်စောင် လာကပ်၏။ နှုတ်မှလည်း တပည့်တော်တို့၏ သမီး သူပုန် ဖမ်းသွားတာ ခုထိ မတွေ့ရတော့ပါ၊ ကယ်တော်မူပါ" ဟု လျှောက်ထား၏။ နောက်တစ်နေ့တွင် အဆိုပါ အမျိုးသမီး တောတွင်းတစ်နေရာမှ ပြန်ရောက် လာသည်။ အစို့ ရတပ်များ ဝိုင်းစဉ် ရှန်းရင်းဆန်ခတ်ဖြစ်ပြီး လွတ်မြောက် လာသည်ဟု ဆိုလေသည်။ နောက်အမျိုးသမီးငယ်နှစ်ဦး သူပုန်လက်ထဲရောက်ပြီး ငိုယိုနေစဉ် ဆရာတော်ကိုယ်တိုင် ရှေ့မှာ ကြွလာပြီး "မပူနဲ့၊ ငိုမနေနဲ့၊ မကြာခင် လွတ်မှာ" ဟု မိန့်ဆိုပြီး ပျောက်သွားရာ မကြာမီ လွတ်၍ လာလေသည်။ ကျွဲခြံရွာမှ ဦးသာခင်သည် ကြွယ်ဝချမ်းသာသူဖြစ်သည့်အပြင် ရပ်ရွာတွင် လူကြီးတစ်ဦးလည်းဖြစ်၍ မနေရဲသဖြင့် အပေါင်မြို့သို့ ပြောင်းရွှေ့နေရလေသည်။ တစ်နေ့ ရွာသို့အပြန် သူပုန်နှင့်တွေ့ကာ ဖမ်းသွား၏။ သူပုန်ဗိုလ်နှင့် ငယ်သား နှစ်ယောက်က တောထဲသို့ခေါ်သွားပြီး ကြိုးဖြင့်တုပ်နှောင်ထား၏။ ဦးသာခင်သည် ဆရာတော်၏မျက်နှာ စိတ်ထဲတွင် ပေါ်လာသဖြင့် ဆရာတော် သီတင်းသုံးရာသို့ ဦးညွှတ်ပြီး "ဆရာတော်ဘုရား– တပည့်တော်ကို ကယ်ပါ ဘုရား" ဟု တ,လိုက်သည်။

မရှေးမနှောင်းပင် ဆရာတော် ဦးသာခင် ရှေ့၌လာရပ်၏။ တုပ်နှောင်ထားသော ကြိုးများကို အလိုလို ပြေကျနေသည်ကို သိရသည်နှင့် ထွက်ပြေးလွတ်မြောက်သွား၏။ နောက်တစ်ရက် ဆရာတော်ဘုရား ကျောင်းသို့ ရောက်ရှိသွားလေရာ "မင်း သူပုန်ဗိုလ်ကို မှတ်မိသလား၊ အင်း–သူ့ခမြာ ဒုက္ခရောက်ရှာတော့မယ်" ဟု ခပ်လေးလေး မိန့်တော်မူလေသည်။ နောက်တစ်ရက်တွင် သူပုန်ဗိုလ်မှာ တိုက်ပွဲတွင် ကျ၍သွားလေသည်။

သပိတ်အိုင်ဆရာတော်ဘုရားကြီးမှာ ကျန်းမာတော်မမူသည့် ကြားကပင် သတ္တဝါတို့ကို ကယ်မ,ချီးမြှောက်တော်မူ၏။ ဒကာ၊ ဒကာမတို့က လှူဒါန်းသော စားဖွယ်သောက်ဖွယ်တို့ကို လက်ခံတော်မူသော်လည်း အနည်းငယ်မျှသာ ဘုဉ်းပေးတော်မူနိုင်တော့သည်။ ၁၃၂၇–ခုနှစ်၊ တပို့တွဲလတွင် ပြင်းထန်သော အဖျားရောဂါကြီး စွဲကပ်တော်မူလေရာ သေတမ်းစာကိုပါ ရေးထားရ၏။ ရေးထားသော်လည်း သေတမ်းစာတွင် ပါသည့် တာဝန်ယူ သင်္ဂြိုဟ်မည့်သူမှာ ဘယ်သူဘယ်ဝါ ဘယ်အရပ်က ဟူ၍ပင် မသိနိုင်ပေ။ ၁၃၃၁–ခုနှစ်တွင် သက်တော် (၇၆) နှစ်ရွယ်သို့ ရောက်ရှိတော်မူလေသည်။ သပိတ်အိုင်တောရ၌ တစ်ပါးတည်း သီတင်းသုံးခဲ့သည်မှာ ၄၄–နှစ်ပင် ရှိလေပြီ။

ဆွမ်းခံကြွ၍ လာတော်မမူသဖြင့် ဒကာ၊ ဒကာမများ အရဲစွန့်ပြီး ကျောင်းကလေးကို ချောင်းကြည့်ရာ ဆရာတော်မှာ ညောင်စောင်းထက်တွင်မိုကာ ရှိနေသဖြင့် အထဲဝင်ပြီး လှျောက်ထားရာ ပြန်၍မထူးတော့ပေ။ တစ်ကိုယ်လုံး တောင့်ပြီး ရေခဲတုံးလို အေးစက်၍ပင်နေလေပြီ။ အခန်းထဲ၌ ထားလေ့ရှိသော ခေါင်းတစ်လုံးလည်း ဆရာတော်၏ ခြေရင်းတွင် တွေ့ကြရ၏။

"ဒီခေါင်းကြီး ခြေရင်းချထားတာ သေမည့်ရောဂါဖြစ်လို့ သူ့ဟာသူ ရွှေ့ထားတာပဲ ဖြစ်ရမယ်"

ဒကာ၊ ဒကာမများ အချင်းချင်း ပြောကြကာ သုံးရက်အတွင်း ထင်တစ်ပုံမျှဖြင့် ဈာပနပွဲကို ပြုလုပ်ကြရလေသည်။ သပိတ်အိုင်တောင်ပေါ်၌ အလောင်းတော်ကို ပြာကျသည်အထိ ပူဇော်ကြရာ လင်းလက်နေသော ဓာတ်တောင်များ ကွန့်မြူးနေကြသည်ကို ဖူးတွေ့ကြရလေသည်။

သပိတ်အိုင်တောရ ဆရာတော်သည် "သီမာကောသလ္လ" ကျမ်းငယ်တစ်စောင်ပြုစုခဲ့၏။ ထို့ပြင် ယောဂီနန္ဒီခေါ် "စူဠသောတာပန် ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်း" ကျမ်းကိုလည်း ရေးခဲ့သည်။ ကျမ်းပင် ငယ်သော်လည်း ထိမိလှသော ကျမ်းဖြစ်ပေ၏။ ဓာတ်ခွဲမှုနှင့် အာနာပါနကို လူပြိန်း နားလည်အောင် သာဓကပြ၍ ရေးသားထားလေသည်။

## တရားနှင့် ပတ်သက်၍

တရားဆိုသည်ကား သမထတရားပင်ဖြစ်စေ၊ ဝိပဿနာတရားပင်ဖြစ်စေ၊ သဘောအကျဆုံး၊ စိတ်ဉာဏ်အရှင်းဆုံးသော တရားတစ်ခုခုကိုသာ ရှာကြံ၍ မိမိရရ တစ်သက်ပတ်လုံး အားထုတ်ရာသည်။ ဟိုတရား ကောင်းနိုးနိုး၊ ဒီတရား ကောင်းနိုးနိုး၊ ဟိုတရားကို အားထုတ်လိုက်ဦးမှ၊ ဒီတရားကို အားထုတ်လိုက်ဦးမှ စသည်ဖြင့် ဓမ္မဝိတက် ဖြစ်တတ်ကြသည်။ အဆုံးသတ်တွင် ဟိုတရားလည်း မိမိရရမရှိ၊ ဒီတရားလည်း မိမိရရမရှိ၊ ဟိုလိုလို သည်လိုလိုဖြင့် အချိန်ကုန်တတ်သည်။ အာနာပါနကမ္မဋ္ဌာန်းသည် ဝိတက်စရိုက် ပြောသူနှင့် သင့်လျော်၏ဟု ပြဆိုထားသော်လည်း ဝိတက်စရိုက် မပြောသူတို့မှာ သာ၍ပင် လျော်၏။ စရိုက်ပဓာနမဟုတ် သိဉာဏ်ရှင်းလင်း၍ ထင်လွယ်၊ မြင်လွယ်၊ သိလွယ်သည့်သာလျှင် ပဓာနဖြစ်၏။

စိတ်သည် ခန္ဓာကိုယ်ထဲ၌ မနေဘဲ အာရုံရှိရာသို့သွားလာ၍ အမျိုးမျိုးအဖုံဖုံ ကြံစည်စဉ်းစား၍ ထင်ခြင်းသည် နိမိတ်အစစ်မဟုတ်။

"စိတ်ရှိရာသို့ အာရုံက လာရိုက်၍ ထင်စေရမည်။"

"ဥပမာကား ဓာတ်ပုံရိုက်သကဲ့သို့ ဖြစ်စေရမည်။ စိတ်ကား ဓာတ်မှန်ကဲ့သို့ ဖြစ်စေရမည်။ အာရုံကား အရိပ်အယောင်ကဲ့သို့ ထင်စေရမည်။ ဤကဲ့သို့ ထင်နေမှသာ နိမိတ်အစစ် ဖြစ်မည်။

ဈာန်ရလျှင် ကောင်းကင်သို့ ပျံနိုင်သည်ဟု တထစ်ချ မှတ်ယူကြကုန်၏။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်ကို ရရုံမျှဖြင့် ကောင်းကင်သို့ မပျံနိုင်၊ ဣဒ္ဓိဝိဒအဘိညာဉ် ကိစ္စတပ်သော ပဥ္စမဈာန်မှသာလျှင် လိုရာအရပ်သို့ ပျံသန်း

နိုင်သည်။ ပေါ့ပေါ့ပါးပါးဖြင့် လူရှင်အများတို့ ထင်မြင်အောင် ပျံသွားခြင်း တစ်မျိုး၊ အများတို့ မထင် မမြင်နိုင်ဘဲ ရတ်တရက်လျှင်မြန်စွာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် လိုရာအရပ်သို့ ပျံသွားခြင်းတစ်မျိုးအားဖြင့် နှစ်မျိုးရှိသည်။

"ရုပ်မှန်း-နာမ်မှန်း၊ အနိစ္စအချက်မှန်း၊ ဒုက္ခအချက်မှန်း၊ အနတ္တ အချက်မှန်း မသိဘဲလျက် ထွက်လေ ဝင်လေကိုသာ အာရုံပြုမှတ်နေလျှင် သမထပင် ဖြစ်သည်။

"ရုပ်၊ အနတ္တ အချက်မှန် သိလျက် ထိုရုပ်နာမ်တို့၏ အဖြစ်အပျက်ကို လက္ခဏာတင်၍ ရှုပွားသုံးသပ်ပါမှ ဝိပဿနာဖြစ်လေတော့သည်။ နားမလည် လျှင် သီသီကလေးနှင့် တစ်သက်လုံး လွဲတတ်ပေသည်။"

ဤကား သပိတ်အိုင်ဆရာတော်၏ ဟောကြားချက်ဖြစ်ပေ၏။

# နဲ့သမိန်ဆရာတော် ဦးကေသရ

## (၁၂၅၆–၁၃၃၃)

ဆရာတော်သည် စကားအလွန်နည်း၏။ တစ်ပါးတည်းသာ နေတော်မူလေ့ရှိပေသည်။ သတ္တဝါတို့အပေါ်၌ အလွန်သနားတတ်၏။ အလှူအတန်းရက်ရောသည်။ ဆရာတော်ကို ပဲခူးတိုင်း၊ မော်ဘီခရိုင်၊ ထန်းတပင်မြို့နယ် ကျိုင်ဘောလယ်မြစ်၏ အရှေ့ဘက်ကမ်း အိမ်ခြေလေးရာကျော်ရှိသော နဲ့သမိန်ရွာကြီးတွင် အဖဦးကြာဥ၊ အမိ ဒေါ်သေးသေးတို့မှ ၁၂၅၆–ခုနှစ်၊ တန်ခူးလဆန်း (၁၂) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူလေသည်။ နဲ့သမိန်အထက်ကျောင်း ဘုန်းတော်ကြီး ဦးပညာထံနှင့် ရေနံချောင်းမြို့သို့ ကြွရောက် ပညာသင်၍ ဦးပညာ ပျံလွန်တော်မူသောအခါ ထိုကျောင်းမှာပင် ကျောင်းထိုင်ဆရာတော် ဖြစ်တော်မူသည်။

ဆရာတော်သည် စကားနည်းလှ၏။ တော်ရုံတန်ရုံဖြင့် စကားမပြောပေ။ အလှူအတန်းရက်ရောသည်။ အစားအသောက်တွင်လည်း အလွန်ခြိုးခြံ၏။ နေ့စဉ်လိုပင် သက်သတ်လွတ်ဘုဉ်းပေးတတ်၏။ ဒကာ၊ ဒကာမများကိုလည်း တရားနှင့် စပ်လျဉ်းသော စကားကိုသာ ပြောပြီး တရားအားထုတ်ရန် တိုက်တွန်း

လှေ့ရှိ၏။ တစ်နေ့သောအခါ ဘောလယ်မြစ်အတွင်းမှ လှေအစင်းပေါင်းများစွာသည် အပြိုင်အဆိုင် လှော်ခတ်လာကြပြီး ပျဉ်းမပင်ဆိပ်တွင် ဆိုက်ကပ်၍ ဝတ်ကောင်းစားကောင်းများ ဝတ်ဆင်ထားသူများသည် လှူဖွယ်ပစ္စည်းများကို ယူဆောင်ကာ ဆရာတော်၏ကျောင်းသို့ စီတန်းပြီး သွားနေကြ၏။ ပရိသတ်များကျောင်းသို့ရောက်လျှင် ဦးပဥ္စင်းများက ကျက်သရေခန်းတွင်းသို့ ဝင်၍ ဆရာတော်အား ပင့်ပေးကြရ၏။ ဆရာတော်ကား အခန်းအပြင်သို့ ထွက်ခဲ့လှသည်။

ဆရာတော် ကြွလာလျှင် ပစ္စည်းများကို ဆရာတော်ရှေ့ချကာ "တပည့်တော်များ ကျောင်းမှ ဆရာတော်က အရှင်ဘုရားဟာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ သွား၍ ဖူးကြချေဆိုသဖြင့် လာရောက် ဖူးမြော်ကြပါသည် ဘုရား" ဟု လျှောက်ထားကြသည်။ ထိုအခါ ရွာခံများ အံ့အားသင့်သွားကြရတော့၏။ ဆရာတော်ကား ဣန္ဒြေရစွာပင် ထိုင်နေတော်မူသည်။ ဖူးမြော်သူများ မကြာခဏရောက်လာတတ်ပေရာ ဆရာတော်ကား ဝိပဿနာတရားကိုသာ ဟော၍ လွှတ်တော်မူသည်။

ရပ်ရွာရှိ ဒကာ၊ ဒကာမများက ဆရာတော်ဘုရား၏ အိပ်ခန်းကို အခွင့်သာ၍ ရှင်းလင်းကြသောအခါ ခေါင်းအုံး၊ ခြင်ထောင်၊ စောင်မှအစ ကြမ်းပိုးများသီးနေအောင် တွေ့ရကြ၏။ နေပူသို့ ထုတ်လှမ်းသည်ကို မြင်လျှင် "သတ္တဝါတွေ အနေအထိုင်ပျက်တာ မကောင်းပါဘူး၊ နေပါစေကွယ်" ဟု တားမြစ်တော်မူလေသည်။

နှစ်ပေါင်းများစွာပင် တရားကိုသာ နှလုံးသွင်းနေတော်မူကာ အခန်းတွင်းမှ ထွက်ခဲ့လေသည်။ တစ်နေ့တွင် လေပြင်းမုန်တိုင်းကြီး ပြင်းထန်စွာ ကျလေရာ အိုးအိမ်များ လဲပြိုကုန်၏။ ကျောင်းကြီးတစ်ခုလုံးပင် သွက်သွက်ခါ တုန်လှုပ်၍ ယိုင်စောင်း၍သွားတော့၏။ ကျောင်းရှိ လူများ ကျောင်းပြင်သို့ ထွက်ခွာနေကြရလေသည်။ ဆရာတော်ကမူ ထိုင်ရာမထ နေမြဲနေတော်မူ၏။ ပကတိအေးအေးဆေးဆေးပင် ဆရာတော်ဘုရားသည် ရှိသမျှ ရသမျှ အစားအသောက်ကို နေ့ဖို့ညစာ မချန် စွန့်လှူပေးကမ်းပစ်၏။

လူတစ်ယောက် ခြင်ထောင်မရှိဟု ဆိုလျှင် ဖြုတ်ပြီး တစ်ခါတည်း လှူတတ်၏။ တစ်ခါက နဲ့သမိန်ရွာနှင့် ရှစ်မိုင်ခန့်ဝေးသော လှည်းဆိပ်ရွာမှ လှူဖွယ်ဝတ္ထု ပစ္စည်းများကိုယ်စီနှင့် လာရောက်ဖူးမြော်ကြ၏။ ဆရာတော် နေထိုင်မကောင်း၍ အခန်းပြင်သို့ပင် မထွက်နိုင်ကြောင်း သိကြသောအခါ အားလုံး အံ့အားသင့်သွားကြရ၏။

"မနက်ကပဲ ဆွမ်းခံကြွလာလို့ တပည့်တော်မ ဆွမ်းလောင်းလှူလိုက်ရ ပါသေးတယ် ဘုရား" ဟု ဆရာတော်ကို မဖူးတွေ့ရသေးမီ ဒကာမတစ်ဦးက အစောင့် ဦးပဉ္ဇင်းအား လျှောက်ထား၏။ သံသယကိုယ်စီဖြင့် မဖြေမကြား နိုင်ဘဲ ရှိနေစဉ် ဆရာတော်အား ဖူးခွင့်ပြုပါရန် အစောင့် ဦးပဉ္ဇင်းအား ဝိုင်းဝန်းတောင်းပန်လျှောက်ထားကြသဖြင့် ဦးပဉ္ဇင်းသည် ဆရာတော်ဘုရားအား အခန်းတွင်းမှ တွဲဆောင်ကာ ပင့်ပေးရသည်။ ဆရာတော်ဘုရားကား တရား စကား တစ်ခွန်း၊ နှစ်ခွန်းလောက်သာ ချီးမြှင့်နိုင်လေသည်။ အခြားဝေးလံလှ သော ရွာများတွင်လည်း မကြာခဏ ဆွမ်းခံကြွလေ့ရှိကြောင်း ကောလဟာလ သတင်းများ ဖြစ်ပေါ်လေ့ရှိရာ ထိုအကြောင်းကို တပည့်များက ဖွတ်တရွတ် မေးမြန်းလျှောက်ထားကြရာ ဆရာတော်က "အာရုံညွှတ်ခဲ့သည်" ဟုသာ ဖြေကြားတော်မူသည်။ ထိုအဖြေသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။ နတ်များ နှိုးဆော်ခြင်း မဟုတ်ကြောင်း ထင်ရှားသွားတော့သည်။ သီလ၊ သမာဓိ အင်အားရှိသော စိတ်သည် တစ်ချက်ညွှတ်လိုက်ရုံမျှဖြင့် အဘယ်မျှ တာသွားသည်ကို လေ့လာနိုင်ကြပေသည်။

ဆရာတော်ဘုရား ပျံလွန်တော်မူပြီး သည့်နောက် (၂) နှစ်မျှအကြာတွင် လူကောင်းပကတိကဲ့သို့ ဆီးဝမ်းများ ထွက်ကျသဖြင့် သုတ်သင်ပေးကြရ၏။ အလောင်းတော်မှာ ပျော့ပျောင်းအိနူးညံ့လျက် လက်များ၊ ခြေများ အချိန်မရွေး ကွေး၍ ဆန့်၍ရ၏။ ဆံတော်မှာလည်း ရှည်လာသဖြင့် မကြာခဏရိတ်ပေးရ၏။ အလောင်းတော်ကို မီးသဂြိုဟ်ခြင်း မပြုရန် မိန့်မှာတော်မူခဲ့သည် ဆိုပေသည်။ နဲ့သမိန်ဆရာတော်ကား လူတိုင်း၏ပါးစပ်ဖျားတွင် ရဟန္တာဟု ကျော်ကြားသော အရှင်မြတ်တစ်ပါးဖြစ်သည်ဟုပင် ဆိုရတော့မည်ဖြစ်ပေ၏။

# သိမ်တောင် အင်းမကြီးတောရ ဆရာတော်

## (၁၂၃၇–၁၂၈၃)

သိမ်တောင် အင်မကြီးတောရဆရာတော် ဦးဇောတိကလည်း ညောင်ရမ်းမြို့အနီး ဈေးကြီးရွာ၌ ၁၂၃၇–ခုနှစ်၊ တန်ခူးလပြည့် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ ၁၂၅၇–ခုနှစ်တွင် ရဟန်းပြုပြီးနောက် မန္တလေးမြို့ မိုးတားတိုက် ရွှေရေးဆောင်တိုက်တို့၌ ပရိယတ္တိပညာများကို သင်ယူခဲ့သည်။ ရဟန်းခြောက်ဝါရသည်မှ စ၍ စစ်ကိုင်းတောင်၊ သဲတောအရှေ့ဘက်ရှိ ပြက္ခရွှေတောင်တို့တွင် တောထွက်တော်မူသည်။ ဆရာတော်သည် ပြက္ခရွှေတောင်မှ ဆင်း၍ ဘုရားစုကိုးရွာသို့ ဆွမ်းခံကြွတော်မူလေသည်။ ရွာမှ ဒါယကာများက တောင်းပန်သဖြင့် ရဟန္တာသိမ်တော်တောကျောင်း၌ သီတင်းသုံး၏။ ထို့နောက် အနောက်မြောက် တောကြီးသို့၍ ကြွ၍ သီတင်းသုံး၏။ ထိုနေရာမှာ အင်းများစွာရှိ၍ လှုပြတ်လပ်သော နေရာဖြစ်သည့်အပြင် သားရဲတိရစ္ဆာန်ပေါများသော တောဖြစ်ပေရာ။ ဒကာများက တခြားနေရာ တောရဆောက်တည်ရန် ပြောသော်လည်း မရပေ။ ထို့ကြောင့် တဲကလေးတစ်လုံးဆောက်၍ လှူရ၏။

စပယ်ဦးစာပေ

ထို့နောက် တစ်စတစ်စနှင့် ပရိသတ်များ များပြားလာရာ အင်းမကြီးတောရကျောင်းဟု လူသိများ၍ လာတော့သည်။ ၁၂၆၃–ခုတွင် ဘုရားစကျောက်ကြုတ်ကုန်းရွာနေ ဦးဆက်ကလေးက အတောင်ခြောက်ဆယ်ရှိသော ဂူနှင့် တွဲ၍ စက်ကြကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်၍ လှူလေသည်။ တောင်သုံးလုံးကာရံကာ အင်းအိုင်များထူထပ်သဖြင့် သမထ ဝိပဿနာအလုပ်နှင့် လွန်စွာဟပ်မိလေတော့သည်။ ဆရာတော်သည် ဒါယကာများ တောင်းပန်သဖြင့် ၁၂၇၀–ပြည့်နှစ်တွင် "သံဝေဂ ကမ္မဋ္ဌာန်းကျမ်း" ကို ပြုစုတော်မူခဲ့သည်။

အင်းမကြီးဆရာတော် လေးတိုင်စင် ကျောင်းကလေးနှင့်နေစဉ် ပြိတ္တာမကြီး ရောက်လာ၍ "ဒကာမကြီးလဲ ပြိတ္တာအလုပ် ဖြစ်ရာဘဝမှာလုပ်၊ ငါလဲ ပြိတ္တာဘဝတုန်းက ခြောက်ခဲ့ရတယ်၊ ခု–ရဟန်းဖြစ်တော့ ရဟန်းအလုပ် လုပ်ရမှာပဲ" ဟု မိန့်တော်မူသည်။ ဒုတိယညတွင် အနောက်တောင်ထောင့်က မြွေကြီးတစ်ကောင် ရောက်လာပြီး ခေါင်းပေါ်က ပါးပျဉ်းထောင်ကာ တဖြီးဖြီးနှင့် နှာမှုတ်နေ၏။

"သင်လဲ မြွေဖြစ်လို့ မြွေအလုပ်လုပ်၊ ငါလဲ တောကျောင်းဘုန်းကြီး ဖြစ်တော့ ဘုန်းကြီးအလုပ်ပဲလုပ်ရသည်၊ မင်းလဲ အလိုရှိသလောက် နှာမှုတ်နေပေါ့"

မကြာမီ မြွေကြီးဆင်း၍ သွားတော့သည်။ အင်းမကြီးဆရာတော်ကား ပရိယတ် ပရိပတ် ဘက်စုံသကဲ့သို့ အရေးနှင့် အဟော အပြောလည်း နာမည်ကြီးလှသည်။ ၁၂၆၉–ခုနှစ်တွင် အင်းမကြီးတောရမှ ယခုရှိသော သိမ်တောင်တောရဌာနသို့ ရွှေ့ပြောင်းတော်မူသည်။

"တို့များ သတိပြုမိသလောက်ကတော့ ဆရာတော်ဟာ ဒါန သီလ ဘာဝနာကိုပဲဖြစ်ဖြစ် ဘယ်တရားကိုဟောဟော၊ ဟောတဲ့တရားကို နာကြားရသူတိုင်းက ခုချက်ချင်း လိုက်နာကျင့်ဆောင်လိုတဲ့ စိတ်တွေ ထက်ထက်သန်သန် ဖြစ်ကြရတယ်၊ နောက်တစ်ချက်က သိမ်တောင်မှာ နေတုန်းက ဆရာတော်က ပြောတယ်၊ "ဦးပဉ္ဇင်းတို့ ဆန်တို့၊ ဆီတို့လိုရင် ခုနစ်ရက်လောက်က ကြိုတင် လျှောက်ထား အသိပေးနော်လို့ အမိန့်ရှိတယ်"

တစ်နေ့တော့ ဆွမ်းစားကျောင်းဘုန်းကြီးက ဆရာတော် ပြောလှတယ် သိရအောင် စမ်းဦးမှပဲ ဆိုပြီး ဆန်၊ ဆီ ကုန်တော့မယ့်အကြောင်း ပိုပိုသာသာ လျှောက်လိုက်တယ်၊ အဲ–မကြာပါဘူး၊ မီးရထားတွဲနဲ့ တစ်မျိုး၊ ကားနဲ့ တစ်မျိုး ဆန်တွေ၊ ဆီတွေ ရောက်လာတာပဲ"

ဆရာတော်သည် ဓုတင်များကို ပြင်းပြင်းထန်ထန် ဆောက်တည်တော်မူလေသည်။ ထို့ကြောင့်လည်း သက်တော်လေးဆယ့်ခြောက်နှစ်၊ ဝါတော်နှစ်ဆယ့်ခြောက်ဝါမျှဖြင့် ပျံလွန်တော်မူလေသည်။ ပျံလွန်ကာနီးတွင် ခြောက်ရက်လုံးလုံး အာဟာရကောင်းစွာဘုဉ်းမပေး၊ ဆည်ကြီးတောရဆရာတော်တစ်ပါးသာ နေ့နေ့ ညည စောင့်ရှောက်ရသည်။

ဆရာတော်သည် ဓုတင်ပေါ်တွင် ပက်လက်လှန်ကာ အာနာပါနကိုသာ တွင်တွင်ကြီး ရှုမှတ်နေတော်မူသည်။ ပျံလွန်ကာနီး ညတွင် ဆရာတော်၏ ပခုံးအထက် လည်ပင်းပတ်လည်မှ အလင်းရောင်များ ကွန့်မြူးနေသည်ကို ဖူးတွေ့ကြရလေသည်။ ဤကား သိမ်တော်ဂိုဏ်းကြီးကို စတင်တည်ထောင်တော်မူခဲ့သော အင်းမကြီး ဆရာတော်နှင့် ပတ်သက်၍ မှတ်သားဖွယ်ရာများ ဖြစ်ပေ၏။

# ရွှေသိမ်တောရ ဆရာတော် (ကန္ဒီ)

## (၁၂၄၁–၁၃၂၈)

ကန္ဒီမြို့ ရွှေသိမ်တော်တောရ ဆရာတော်လောင်းလျာကို ကန္ဒီမြို့အနောက်တောင်ဘက် ကမ်းဖြူရွာ၌ အဖ ဦးသာနု၊ အမိ ဒေါ်ကောင်းတို့မှ ၁၂၄၁–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄–ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသည်။

ငါးနှစ်သားအရွယ်မှစ၍ ဦးနန္ဒိယ၊ ကမ်းဖြူ ဦးအာစိဏ္ဏတို့ထံ ပညာသင်ယူသည်။ ရဟန်းပြုပြီးနောက် မုံရွာ–မန္တလေးမြို့များ၌ ပညာသင်ယူခဲ့သည်။ ဘွဲ့တော်မှာ ဦးသောဘိတဖြစ်၏။ ပညာသင်ပြီးနောက် ကင်းတောင်တောရသို့ ပြောင်းရွှေ့ သီတင်းသုံးလျက် နှစ်နှစ်တိုင်တိုင် ပဋိပတ်အလုပ်ဖြင့် နေတော်မူသည်။ ထိုမှ အုတ်ဖိုတောရဆရာတော်ထံ နည်းခံရန် ခြေလျင်ကြွတော်မူသည်။ အုတ်ဖိုလက်ပံမှာ ဘုတလင်မြို့မြောက်ဘက် ရှစ်မိုင်ခန့်တွင် ရှိ၏။ ဦးသောဘိတသည် လက်ပံဆရာတော်ထံ ရှစ်လခန့် နည်းခံပြီး အားထုတ်၏။ လက်ပံတောရမှ အပြန် ဘုတလင်မှ ကန္ဒီသို့အသွား ညောင်ကန်ရွာအနီး တောတွင်း၌ လှည့်လည်သတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးသာရှန်းထံ ဝင်ရောက်နည်းခံသည်။

စပယ်ဦးစာပေ

ကန်မြို့သို့ ရောက်ပြီးနောက် မကြာမီပင် ကန်မြို့သူကြီးက ကျောင်းကြီး တစ်ဆောင်ဆောက်လုပ်လှူဒါန်းလေသည်။ ထိုကျောင်းကြီးကို တပည့်များနှင့် လွှဲကာ ကန်မြို့အနောက်တောင် တောထဲ၌ တစ်ပါးတည်း သီတင်းသုံးတော်မူ လေသည်။ ဆရာတော်သည် ဝိနည်းကို အလွန်လေးစားသည်။ နေ့ဖို့ ညစာ ချန်၍ မစားရ၊ သိက္ခာပုဒ် အသေးအဖွဲကလေးမှစ၍ အထူးသတိပြု ရှောင်ကြဉ် တော်မူလေသည်။

ဆရာတော်သည် ဒကာ၊ ဒကာမများက ဆွမ်းပင့်လှူလျှင် ကျေးငှက် တိရစ္ဆာန်များ၊ ပုရွက်ဆိတ်များပါ မကျန် တွင်းရာ၍ ကျွေးမွေးရန် အမိန့်ရှိသည်။ ကျောင်းဟင်္ဂနေ့စဉ် ကျွေးမွေးရ၏။ ထန်းလျက်များကို ပုရွက်ဆိတ် တွင်းရာ၍ ကျွေးမှုင်းသည်။ ကြွက်များကိုလည်း ကျွေးရသည်။ နွားလေ နွားလွှင့် များအား ကောက်ရိုးဝယ်၍ ကျွေးခိုင်း၏။ အာဂန္တုကြည့်သည်လာလျှင် သက်န်း စသည် အပိုပေးလှူလေ့ရှိ၏။ ပစ္စည်းယူပေးရသော ကိုရင်၊ ဦးပဉ္စင်းများအား "ကြားထဲက မစွေ့ရစိတ် မထားကြနဲ့၊ သာဓုမှ မခေါ်နိုင်တဲ့ဘဝမျိုး ရောက်တတ်တယ်" ဟု ဆုံးမလေ့ရှိပေသည်။ သက်တော် (၈၅) နှစ်ကျော်မှသာ ကျန်းမာရေးမှုတရဲ့ ကျိန်းစက်တော်မူ၍ အချိန်ရှိသမျှ စာပြန်ခြင်း၊ တရားရှုမှတ်ခြင်းတို့ဖြင့်သာ အချိန်ကုန်စေသည်။ တပည့်များအား ဆုံးမရာတွင် "ကုသိုလ် ရအောင်နေ၊ ဝိတက်မဝင်စေနဲ့၊ စကားတစ်ခွန်းနှင့်တစ်ခွန်း အနိစ္စမလွတ်စေနဲ့" ဟု ဆုံးမလေ့ ရှိ၏။ စစ်ကိုင်းတောင်ရိုး အရှေ့ပရက္ကမချောင်နှင့် အနောက် ပရက္ကမချောင်မှ တပည့်များ ကန်သို့ ခြေလျင်ကြွလာတော်မူကြရာ "အင်း– အားရအောင် ကန်တော့ကြဗျာ၊ နောက် ကန်တော့ဖို့ မလိုတော့ပါဘူး" ဟု ရတ်တရက် မိန့်တော်မူလေသည်။ ထို့နောက် သက်တော် (၈၈)နှစ်၊ ဝါတော် (၆၈) ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ ၁၃၂၈–ခုနှစ်၊ တန်ခူးလဆန်း တစ်ရက်နေ့မှ ၁၃၂၉–ခုနှစ်၊ တန်ခူးလပြည့်နေ့ထိ အန္တိမဈာပန ပူဇော်ပွဲပြုလုပ်၏။

"ငါသေရင် ရက်လည်မထားနှင့်၊ ဘာမှလဲ မလုပ်ကြနှင့်၊ ဆွမ်းလဲ မသွတ်ကြနှင့်" ဟု မှာတော်မူ၍ အပ်စပ်သော နည်းများဖြင့် ပူဇော်ကြရ၏။

အရိုးဓာတ်စေတီတော်ကို စစ်ကိုင်းတောင်ရိုး အလယ် ပရက္ကမချောင်၌လည်း တည်ထားသည်ကို ဖူးတွေ့နိုင်လေသည်။

ဆရာတော်ဘုရားကြီး ပြုစုခဲ့သော ကျမ်းများမှာ (၁) ယောဂီပါရဂူကျမ်း (၁၂၈၅)၊ (၂) သစ္စပါရဂူကျမ်း (၁၂၉၃)၊ (၃) ဝိဝံဋ္ဋနှင့် သရဏပါရဂူ၊ (၄) ဓမ္မဝိဒူ၊ (၅) သုဓနပါရဂူ၊ (၆) ဒဿနပါရဂူ၊ (၇) အာရဒ္ဓါဝါဒစာတမ်း၊ (၈) ဒိဋ္ဌိပဟာယက စာတမ်း၊ (၉) ကလျာဏပုဂ္ဂဒကျမ်းများဖြစ်ပေသည်။

ဤကား ကန္နီရွှေသိမ်တောရ ဆရာတော်ဘုရားကြီး ရေးသားခဲ့သော ကျမ်းများ ဖြစ်ပေ၏။ ဆရာတော်ဘုရားကြီးသည် ဝိပဿနာ တရားကို ခွဲ၊ လုံ့လဖြင့် အားထုတ်တော်မူခဲ့သော ဆရာတော်ကြီးတစ်ပါး ဖြစ်ကြောင်း ရေးသား ပူဇော်ရပါသည်။

# သေကျွတောင်ဆရာတော် ဦးတိလောက

## (၁၂၃၃–၁၂၉၉)

ဦးတိလောကကို မုံရွာမြို့အနောက်ဘက် ဇန့်ကျီတိုက်နယ်၊ ခေါသန္တိရွာ၌ ၁၂၃၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉) ရက်၊ စနေနေ့တွင် ဦးတက်ဖြိုး–ဒေါ်သီတို့မှ ဖွားမြင်တော်မူသော သားရတနာဖြစ်ပေသည်။ ရဟန်းဖြစ်သည့်အထိ ငှက်ပျောတောရွာ၌ ပညာသင်၍ ရဟန်းပြုပြီး မကြာမီ လယ်တီဆရာတော်ဘုရားကြီးထံတော်မှောက်သို့ လာရောက်ပညာသင်ယူသည်။

ရူပသိဒ္ဓိကျမ်းမှစ၍ သင်ယူရာ ပါဠိအဋ္ဌကထာဋီကာကို ငါး၀ါ၊ ခြောက်၀ါမျှဖြင့် သူမတူအောင် တတ်မြောက်တော်မူခဲ့သည်။ ဦးတိလောကကား ဉာဏ်ထက်သလောက် ဖွဲ့၊ လုံ့လ၊ ဝီရိယ ကြီးမားလှပေ၏။ ထိုအချိန်၌ ဦးတိလောကသည် ရည်ရွယ်ချက်တစ်ခုရှိ၍ ကျမ်းတစ်ကျမ်းကို မအိပ်မနေပြုစုနေသောအချိန်လည်း ဖြစ်ပေသည်။ ထိုကျမ်းကား "နေက္ခမ္မဝိဓာန ဒီပနီ" ဖြစ်ပေ၏။ ဦးတိလောကမှာ စာပေပရိယတ္တိကို လိုလေသေးမရှိလေ့လာပြီးဖြစ်၍ တောထွက်ရန် ရည်ရွယ်နေခိုက်ဖြစ်၏။ တောထွက်လိုသောဆန္ဒများ တက်ကြွပြင်းထန်နေသောအခါလည်း

ဖြစ်ပေ၏။ လယ်တီဆရာတော်ဘုရားကြီးနှင့် လက်ပွန်းတတီးနေရသူဖြစ်ပေရာ စာရေးရန် အဖက်ဖက်က ပြည့်စုံနေသည့်အခါလည်း ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ဦးတိလောကမှာ မျက်စိရောဂါရှိ၏။ ထို့ကြောင့် ဆရာတော်က ညဘက်စာရေးခြင်း၊ စာကြည့်ခြင်းကို မကြာခဏသတိပေးနေရ၏။ ထိုအချိန်မှစ၍ ကမ္မဋ္ဌာန်းတရားကိုသာ ရှုပွားလေတော့သည်။ သက်တော်မှာကား ၂၅-နှစ်မျှသာ ရှိပေသေးရာ ငယ်ရွယ်လွန်းသေးသည်ဟု ဆိုနိုင်၏။

ဦးတိလောကကား တစ်ဖက်မှ စာချရင်း ရဟန်းတရားကို ညအချိန်၌ ကြိုးစားအားထုတ်တော်မူလေသည်။ ထိုစဉ်က လယ်တီတောရကျောင်းနေရာသည် တောခေါင်လှသည်ဖြစ်ရာ တစ္ဆေသရဲများလည်း အခြောက်အလှန့်များလှသည့်ပြင် သရဲမကြီးတစ်ကောင်က ကျောင်းလှေကားရင်းတွင် လာရောက်ပြီး အိပ်နေတတ်သည် ဆိုကြ၏။

တစ်နေ့သ၌ လယ်တီဆရာတော်ဘုရားကြီးက "မောင်တိလောက၊ မင်းလဲ စာသင်စာချနဲ့ ပရိယတ်ဘက်ကတော့ ပြည့်စုံသွားပြီ၊ ခုချိန်က စပြီး ကျောင်းမှာ နေဖို့ မသင့်တော့ဘူး၊ သွားလိုရာ သွားနိုင်တယ်"ဟု မိန့်တော်မူ၏။

နောက်တစ်နေ့တွင် ဦးတိလောကသည် သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းနှင့် မိမိ ရေးသားထားသော "နေက္ခမ္မဝိဓာနဒီပနီ" စာမူကို ယူ၍ လယ်တီတိုက်ကြီးမှ ထွက်ခွာရန် မိမိနေရာကျောင်းကလေးမှ ဆင်းလာခဲ့ပြီး ဆရာတော်ဘုရားကြီးအား နောက်ဆုံးဝင်ရောက်ကန်တော့သည်။ ဦးတိလောကသည် ပထမဆုံး ချင်းတွင်းမြစ်ညာ မြို့ရွာတောတောင်များသို့ တရားအားထုတ်ရန် ထွက်ခွာသွားတော့သည်။

၁၂၅၉-ခုနှစ်၊ သက်တော်မှာကား ၂၆-နှစ်မျှသာရှိသေး၏။ ဦးတိလောကသည် ချင်းတွင်းမြစ်ညာ ရာသီဥတုနှင့် သပ္ပာယမမျှ၍ ချင်းတွင်းနယ်မှ သထုံမြို့နယ်၊ ကျိုက်ထိုအနီးရှိ တောင်တစ်တောင်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ထိုတောင်မှာ "သေက္ချတောင်" ဖြစ်၏။ ကမ္မဋ္ဌာန်းတရားရှုပွားသူ "သေက္ခပုဂ္ဂိုလ်" တို့ နေရာဖြစ်၍ "သေက္ချတောင်" ဟု ခေါ်ဝေါ်သမုတ်ကြ၏။ ထိုတောင်မှာပင် ရဟန်းတရားကို မနေမနား ရှုပွားတော်မူလေသည်။

"တပည့်သည် ဆရာအမအားများ၏ အမိကို ရပါလျှင် ရဟန်းကိစ္စပြီးရန် ရှိပါသည်" ဟူသော စာကို လယ်တီဆရာတော်ဘုရားကြီးထံ ပို့လိုက်လေသည်။ ဆရာတော်ဘုရားကြီးသည် စာကို ကြည့်၍ ပြုံးတော်မူသည်။ ထို့နောက် ကျိုက်ထိုသို့ ကြွတော်မူလေသည်။ ကျိုက်ထိုတွင် နေထိုင်စဉ် ဦးတိလောက၊ လယ်တီပဏ္ဍိတတို့ကို နောက်ပါခေါ်၍ သပိတ်ကိုယ်စီလွယ်၊ တောင်ဝှေး တစ်ချောင်းစီကိုင်လျက် ကျိုက်ထီးရိုးသို့ ဘုရားဖူးထွက်တော်မူ၏။ တောနက်ကြီးထဲသို့ ရောက်၍ လာသောအခါ တောဆင်ရိုင်းကြီးတစ်ကောင်သည် ဆရာတော်ရှိရာသို့ ရှေ့ရှု၍လာလေ၏။ တပည့်နှစ်ပါးမှာ နီးရာသစ်ပင်ပေါ်သို့ ပြေးတက်ကြလေသည်။ လယ်တီဆရာတော်ဘုရားကမူ မတုန်မလှုပ် ကြံ့ကြံ့ ရပ်တော်မူ၏။ မကြာမီ ဆင်ကြီးမှာ ဦးညွှတ်ပြီး လမ်းဖယ်ထွက်ပြေးသွားရ၏။ ထိုအခါမှ သစ်ပင်ပေါ်တက်နေသော တပည့်နှစ်ဦး ဆင်းလာကြတော့၏။

ဦးတိလောကသည် ကိုယ်တော်တိုင် တရားကို ရွှပ်ရွှပ်ချွံချွံ အားထုတ်၏။ ယောဂီတပည့်များကိုလည်း တရားပြပေး၏။ ဆရာတော် ဦးတိလောက ပြုစုခဲ့သော ကျမ်းများမှာ (၁) နေက္ခမ္မဝိဓာနဒီပနီ (၁၂၅၈)၊ (၂) အရိယမဂ္ဂဒီပနီ (၁၂၆၂)၊ တိုင်းကြီးသောဠသဒီပနီနှင့် အညွှန်းကျမ်း (၁၂၈၀)၊ နိဂုတ္တိပဒဗျူဠနီ၊ ဝိနိစ္ဆယပကာသနီ၊ ဓာတုဘုမ္မိဗျောကရဏ၊ အဘိဓမ္မတ္ထသရုပဒီပနီ၊ မင်္ဂလာ အဆုံးအဖြတ် ဝိနိစ္ဆယ အမျိုးမျိုးနှင့် ရတုကဗျာများ ဖြစ်၏။

ကမ္မဋ္ဌာန်းအလုပ်နှင့် ပတ်သက်၍ကား "ပဏ္ဍိတ ဝေဒနီယကျမ်း" ကြီးသည် အထင်ရှားဆုံးဖြစ်၏။ ကသိုဏ်းရှုပွားနည်းများအတွက် ထိုမျှလောက် ပြည့်စုံသောကျမ်း မရှိသေးဟုပင် အဆိုရှိ၏။ သက်ရှိသက်မဲ့ လောကဓာတ်တစ်ခုလုံး ခြုံ၍ ရှုပွားပုံဖြစ်ပေ၏။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ညောင်တုန်း မြို့သူမြို့သားများသည် ကူးစက်ရောဂါများ ကျရောက်နေသဖြင့် လယ်တီဆရာတော်ဘုရားကြီးအား ပရိတ်မေတ္တာ အကာအကွယ်ပေးရန် ပင့်ဆောင်ကြရ၏။ ဆရာတော်ဘုရားကြီး ရောက်လျှင် ညတရားဟောကာ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ညွှန်ပြပေးတော်မူသည်။ ဆရာတော်ဘုရားကြီး ပြန်ကြွမည်ပြုစဉ် ညောင်တုန်းမြို့၌

ရက်ရှည်သီတင်းသုံးပါရန်နှင့် သမထ ဝိပဿနာတရားများ ဟောပြသင်ကြား ပေးပါရန် လျှောက်ထားကြလေသည်။

"ဒကာတို့–ဘုန်းကြီးမှာ ကိစ္စတွေများနေတယ်၊ ဒီမှာနေလို့ အချိန်မရဘူး၊ ဒါပေမယ့် အားမငယ်ကြနှင့်၊ ကျိုက်ထိုမှာ ဘုန်းကြီးတပည့် သေကျှတောင် ဦးတိလောက ရှိတယ်၊ သွားပင့်ကြချေ၊ ဘုန်းကြီးက လွှတ်လိုက်တာလို့လျှောက်၊ လိုက်လာမှာ သေချာတယ်"

ဆရာတော်ဘုရားကြီး၏ ပြောကြားချက်အရ ညောင်တုန်းမြို့ မျက်နှာဖုံး ဒကာကြီးသုံးဦး ဦးတိလောကအား ပင့်ရန် ကျိုက်ထို သေကျှတောင်တောရ သို့သွားကြလေသည်။ သို့သော် ဦးတိလောကနှင့် မတွေ့ရပေ။ ဦးတိလောက ကြွသွားသည်ဆိုသော တောကြီးထဲသို့ လိုက်လံရှာဖွေကြသည်။ တောအုပ် တစ်နေရာ၌ သစ်ရွက်မိုး ယာယီကျောင်းသခ်မ်းကလေးကို တွေ့ရလျှင် သစ်ခက်တံခါးကို ဖယ်လိုက်ရာ တဲကျောင်းအတွင်း၌ တည်ငြိမ်အေးဆေးစွာ တရားထိုင်နေသော ဆရာတော်ကို ဖူးတွေ့ကြရလေသည်။

"ဆရာတော်ဘုရား လယ်တီဆရာတော်ဘုရားကြီး အမိန့်တော်အရ တပည့်တော်များ ညောင်တုန်းမြို့က လာပင့်ပါတယ် ဘုရား" ဟု လျှောက်ထား လိုက်ကြ၏။ ဆရာတော်သည် မိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်တော်မူ၏။ အကျိုးအကြောင်း မေးမြန်းပြီးမှ သေကျှတောင်တောရကျောင်းတိုက်သို့ ဒကာ များနှင့်အတူ လိုက်ပါတော်မူခဲ့၏။

နောက်တစ်ရက်တွင် ညောင်တုန်းမြို့သို့ ကြွတော်မူလေသည်။ သေကျှတောင်ဆရာတော်သည် သက်တော် (၆၆) နှစ်၊ ၁၂၉၉–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၁၃–ရက်နေ့၊ ည ၂–နာရီတွင် လေနာရောဂါဖြင့် ပျံလွန်တော် မူလေသည်။ ဤကား သေကျှတောင်ဆရာတော် ဦးတိလောက၏ တစ်စိတ် တစ်ဒေသမျှသာ ဖြစ်ပေ၏။

# သာမညတောင် ဆရာတော်ဘုရားကြီး

## (၁၂၇၄–၁၃၆၅)

သာမညတောင်ဆရာတော်ဘုရားကြီးကား ဘုန်းကံကြီးမားလှသည်ဟု ဆိုရမည်ဖြစ်ပေ၏။ လူတိုင်းလိုပင် သာမညတောင်သို့သွားကာ ဆရာတော်ဘုရားကြီးအား ဖူးမြော်ခဲ့ကြ၏။ ထိုအထဲတွင် စာရေးသူလည်း ပါဝင်ပေသည်။ နံနက် ငါးနာရီအချိန်တွင် သာမညတောင်တော်သည် အေးမြလှပေ၏။ သို့သော် မနေနိုင် မထိုင်နိုင်လောက်အောင် အေးမြလှသည်ကား မဟုတ်ပေ။ နေထိုင်ကောင်းရုံသာ ဖြစ်ပေ၏။

နံနက်ခြောက်နာရီတွင် ဆရာတော်ဘုရားကြီးသည် တန်ဆောင်းထဲသို့ ကြွတော်မူမည်ဖြစ်ရာ ငါးနာရီကပင် နေရာယူထားကာ စောင့်စားနေကြရ၏။ တန်ဆောင်းထဲတွင် ပရိသတ်က ပြည့်ကြပ်လျက် ရှိပေသည်။

မကြာမီမှာပင် ဆရာတော်ဘုရားကြီး ကြွလာတော်မူမည်ဖြစ်ကြောင်း ကြေညာသံကြားလိုက်ရ၏။ (၆း၃၅) နာရီတွင် ဆရာတော်ဘုရားကြီး အဖူးအမြော်ခံရန် တန်ဆောင်းထဲသို့ ကြွလာတော်မူလေသည်။ ဆရာတော်ဘုရားကြီး

သည် ဒုကုဋ်သင်္ကန်းကြီးကို ပခုံးတင်လျက် ပလ္လင်ရှိရာသို့ လှမ်းကြွ၍ လာတော်မူသည်။ ထို့နောက် ပလ္လင်ပေါ်တွင် ထိုင်တော်မူ၏။

ပရိသတ်ကြီးက ဆရာတော်ဘုရားအား ဩကာသ ကန်တော့ချိုးဖြင့် ရှိခိုးပူဇော်ကြလေသည်။ ဆရာတော်ဘုရားကြီးက ငါးပါးသီလ ချီးမြှင့်ပြီး မေတ္တာပို့တော်မူလေသည်။ ထို့နောက် ဩဝါဒစကားမိန့်ကြား၏။ ထို့နောက် သင်္ကန်းများကို လှူဒါန်းကြလေသည်။ တစ်ကြိမ်လျှင် သင်္ကန်းအစုံတစ်ရာခန့် ရှိပေလိမ့်မည်။

ပရိသတ်ထဲမှ လှူစရာပါသူများ၊ သိဒ္ဓိတင်ရန် ရည်ရွယ်ယူဆောင်လာသော အထုပ်နှင့် ပစ္စည်းများ တန်းစီ၍ နေကြ၏။ သိဒ္ဓိတင်လိုသူများသည် မိမိတို့၏ ပစ္စည်းများကို ဆရာတော်ဘုရား၏ လက်နှင့် ထိပြီးသည်နှင့် ပြန်ယူသွားကြရ၏။

"ဒကာကြီး၊ ဒကာမကြီးတွေ သိဒ္ဓိတင်စရာပစ္စည်းပါရင် မိမိနေရာမှာ ကျန်ခဲ့သည်ဖြစ်စေ၊ မိမိပစ္စည်းများကို အာရုံပြုကြ"

ဆရာတော်ဘုရားကြီးက မိန့်တော်မူပြီးသည်နှင့် မျက်စိမှိတ်၍ အာရုံပြုတော်မူသည်။

"ကဲ– ပြီးပါပြီ၊ မိမိပစ္စည်းကို ဆောင်နိုင်ကြပါပြီ"

ဆရာတော်ဘုရားကြီးက မိန့်တော်မူကာ ပလ္လင်ပေါ်မှ ပြန်၍ ကြွတော်မူလေသည်။ ဆရာတော်ဘုရားကြီး ဒုတိယအကြိမ် အပူဇော်ခံမည့်အချိန်မှာ ညသန်းခေါင်ကျော် နှစ်နာရီအချိန်ဖြစ်ပေ၏။

လူပရိသတ်များသည် ဆရာတော်ဘုရားကြီးကို ပူဇော်ရန် စောင့်မျှော်နေကြပေပြီ။ ည နှစ်နာရီဆယ့်ငါးမိနစ်တွင် ဆရာတော်ဘုရားကြီး ကြွလာတော်မူလေသည်။ ဆရာတော်ဘုရားကြီး နောက်မှ ဒကာတစ်ဦး လိုက်ပါလာ၏။ အားလုံးပင် ဆရာတော်ဘုရားကြီးအား လက်အုပ်ချီမိုး ရှိခိုးလျက်ရှိကြပေသည်။

ဆရာတော်ဘုရားကြီးက ငါးပါးသီလ ချီးမြှင့်ပြီး မေတ္တာသုတ်ကို ရွတ်ဆိုကာ မေတ္တာပွားတော်မူသည်။

"ဒကာ၊ ဒကာမတွေ ဒီတောထဲ လာရတာ မပင်ပန်းဘူးလား"

"မပင်ပန်းပါ ဘုရား"

"ဒီနေရာရောက်တာ ညှော်သည်ရော တိုင်ကြရသလား"

"မတိုင်ကြရပါ ဘုရား"

"အာဟာရကော လုံလောက်စွာ သုံးဆောင်ကြရရဲ့လား"

"သုံးဆောင်ရပါတယ် ဘုရား"

"ဒီနေရာဟာ ဘေးမဲ့နေရာဖြစ်တယ်၊ အားလုံး စိတ်ချမ်းသာရမယ်၊ အန္တရာယ်မရှိစေရဘူး၊ ညှော်သည်တိုင်ကြားစရာမလိုဘူး၊ တည်းဖို့ခိုဖို့ မပူရဘူး"

ထိုသို့ မိန့်တော်မူပြီးနောက် ရေစက်ချပေးလေသည်။ ထို့နောက် မိမိမှာ သိဒ္ဓိတင်ရန် ပစ္စည်းများပါပါက အာရုံပြုကြရန် မိန့်ကြားပြီးနောက် ငါးမိနစ်ခန့် ရွတ်ဆိုပေးတော်မူသည်။

"ကဲ–ပြီးပါပြီ"

ည နှစ်နာရီ အပူဇော်ခံပွဲကား ပြီးဆုံး၍ သွားလေပြီ။ ဆရာတော်ဘုရားကြီးသည် (၃း၃၀) နာရီခန့်တွင် ထိုင်တော်မူရာမှ ထကာ အခန်းတွင်းသို့ ဝင်ကြွသွားတော်မူလေသည်။ အာရုံခံတန်ဆောင်းများတွင် တရားထိုင်သူများ၊ ပုတီးစိပ်သူများ၊ ရှမှတ်ပွားများနေသူများဖြင့် ပြည့်ကြပ်လျက် ရှိပေ၏။

ထမင်း၊ ဟင်းချက်ပြုတ်နေသော ရုံများတွင် အိုးကြီးအိုးငယ် မိုးဖြိုဒယ် များဖြင့် ချက်ပြုတ်လျက် ရှိကြပေသည်။ ဟင်းများမှာ သက်သတ်လွတ် ဟင်းများ ဖြစ်ပေ၏။

သာမညတောင်တော်တွင် သက်သတ်လွတ် ထမင်းဟင်းများကိုသာ ကျွေးမြဲဖြစ်၍ အသီးအနှံများ တောင်ပုံရာပုံ ရှိနေ၏။ လော်လီကားကြီးများဖြင့် လာရောက်ပို့ဆောင်ပေးနေသည်ကိုလည်း တွေ့နေရလေသည်။ ဆရာတော်ဘုရားကြီး ကျွေးမွေးရသော ပရိသတ်ကား များပြားလှပေသည်။ တစ်နေ့လျှင် လူသုံးလေးထောင်ကို ချက်ပြုတ်ကျွေးမွေးနေပေရာ သာမညတောင်တော်မှာ နေ့စဉ် အလှူဌာနကြီးတစ်ခုပင် ဖြစ်တော့သည်။ ထမင်းချက်ရုံမှ ပုဂ္ဂိုလ် တစ်ယောက်က ဤသို့ ပြောလေ၏။

"တစ်နေ့တော့ ဆန်က တော်တော့်ကို နည်းနေတယ်၊ လာတဲ့လူတွေကို ဆန်ပြုတ်ပဲ တိုက်ရတော့မယ်ဆိုပြီး တိုင်ပင်နေကြတယ်၊ ဒီအကြောင်းကို ဆရာတော်ဘုရားထံ လျှောက်ထားတော့ ထမင်းပဲ ချက်ကြွာလို့ မိန့်တယ်၊ ဆရာတော်ဘုရားကြီး မိန့်ကြားပြီး မကြာခင်မှာပဲ ဆန်တွေ တင်လာတဲ့ ကားကြီးတွေ ရောက်လာတော့တာပဲ"

သာမညတောင်ပေါ်မှ ဥပသကာတစ်ယောက်၏ ပြောစကား ဖြစ်ပေ၏။ ဤကား ဆရာတော်ဘုရားကြီး၏ တန်ခိုးတော်ပင် ဖြစ်ပေသည်။ တော်ရုံတန်ရုံ ကျင့်ကြံရုံမျှဖြင့် ဤသို့သော တန်ခိုးတော်များကို မရနိုင်သည်မှာ သေချာလှပေသည်။

မြန်မာပြည်အရပ်ရပ်မှ ထောင်သောင်းမကသော ပရိသတ်များသည် သာမညဆရာတော်ဘုရားကြီးကို နေ့စဉ်နေ့တိုင်းပင် လာရောက်ဖူးမြော်နေကြပေသည်။ ဤသည်ပင်လျှင် တန်ခိုးတော်ဖြစ်ပေ၏။ မေတ္တာတော်ဖြစ်ပေ၏။

အလုပ်အကိုင် အဆင်မပြေသူများ၊ စာမေးပွဲအောင်လိုသူများ၊ လူ့လောကတွင် လိုအပ်သော ကိစ္စမှန်သမျှ ဆရာတော်ဘုရားကြီးကို ဖူးတွေ့ရလျှင် မုချအောင်မြင်မှုရသည်ဟု ယုံကြည်ထားကြလေသည်။ ယုံကြည်ထားသည့်အတိုင်းလည်း သာမညတောင် ဆရာတော်ဘုရားကြီးအား ဖူးတွေ့ပြီးလျှင် အောင်မြင်ကြသည်သာ များပေ၏။

ထို့ကြောင့်လည်း ဖူးမြော်သော ပရိသတ် များပြားနေရခြင်းမှာ အံ့ဩစရာတော့ မဟုတ်ပေ။ မြန်မာပြည်အရပ်ရပ်မှ နေ့စဉ်နေ့တိုင်း ကားကြီးကားငယ်များဖြင့် ဝင်လာမစဲ တသဲသဲ ဖြစ်၍နေလေသည်။ ဤတောင်ပေါ်မှာပင် မြတ်စောညီနောင်ဟု ဘွဲ့ပေးထားသော စေတီတော်တစ်ဆူ တည်ရှိနေပေသည်။ ဤစေတီတော်ကို မုတ္တမ မိဖုရားတစ်ပါး တည်ခဲ့သည်ဟုလည်း ဆိုကြ၏။

သာမညတောင် ဆရာတော်ဘုရားကြီး ဤတောင်ပေါ်သို့ ရောက်စက ဤစေတီမှာပင် ရသေ့တစ်ပါး ရှိနေခဲ့၏။

ဟင်းချက်ရုံထဲတွင် ဘုရားဖူးများကို ကျွေးမွေးရန် အိုးကြီး အိုးငယ်များဖြင့် ချက်ပြုတ်နေသူများကို တွေ့ရပေ၏။ သူတို့သည် မမောနိုင် မပန်းနိုင် ချက်ပြုတ်နေကြရာ သူတို့၏ စေတနာကို ချီးကျူးရမည်ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး သာမညတောင်ပေါ် ရောက်စက "ကိုယ်တော် ဒီမှာ မနေပါနဲ့" ဟူသော နာနာဘာဝတို့၏ အသံများကိုလည်း မကြာခဏကြားရ၏။ သို့သော် ဆရာတော်ဘုရားကြီးသည် မေတ္တာကိုသာ ပွားတော်မူလေသည်။ ပရလောကသားတို့၏ ခြောက်လှန့်နှောင့်ယှက်မှုသည် ဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်ကို မကျော်လွှားနိုင်ပေ။ မကြာမီ ခြောက်လှန့်နှောင့်ယှက်မှုများ ငြိမ်သက်သွားတော့သည်။ ဆရာတော်ဘုရားကြီးသည် မြန်မာပြည်အနှံ့မှ ဘုရားဖူးများ၏ လှူဒါန်းငွေများဖြင့် ဘုရား၊ ကျောင်းကန်၊ ရေတွင်းရေကန်များကို ပြုလုပ်စေခဲ့၏။ လာလာသမျှ ဘုရားဖူး ပရိသတ်များအား သာမညသက်သတ်လွတ် ထမင်းဟင်းဖြင့် ကျွေးမွေးလှူဒါန်းခဲ့၏။ ထို့မျှမက သာမညရွာကိုလည်း တည်ထောင်ပေးတော်မူလေသည်။ ၁၃၅၃–ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော "အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ကိုလည်း ရရှိတော်မူလေသည်။

သာမညတောင် ဆရာတော်ဘုရားကြီးကို သက္ကရာဇ် ၁၂၇၄–ခုနှစ် ပထမ ဝါဆိုလဆန်း (၆) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဘားအံမြို့နယ်၊ ကော့ကျိုက်၊ ပအို့ရွာတွင် ဦးတောင်အို–ဒေါ်အုံးတို့မှ ဖွားမြင်တော်မူလေသည်။

၁၂၈၅–ခုနှစ်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိကော်မူလေသည်။

၁၂၉၄–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅) ရက်၊ သောကြာနေ့ နံနက် (၇) နာရီတွင် မော်လမြိုင်မြို့၊ ကြံခင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရတနာဘုံမြင့်ကျောင်း ခဏ္ဍသိမ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ကော့ကျိုက် ပအို့ရွာကျောင်း၊ ရတနာဘုံမြင့်ကျောင်း၊ ကြံခင်းကျောင်း၊ မုတ္တမ ကျွဲခြံကျောင်း၊ ကတိုးရွာကွင်းကျောင်း၊ တိုက်ကုလားတောင်စွန်း၊

သရက်ကုန်းကျောင်း စသော ဆရာတော်များထံတွင် ပိဋကတ်စာပေများကို သင်ကြားတော်မူခဲ့သည်။ သိက္ခာတော် (၃၈) ဝါမှ စ၍ သက်သတ်လွတ်ဘုဉ်းပေးကာ တောရဆောက်တည်တော်မူသည်။ ၁၃၄၂-ခု၊ တပေါင်းလပြည့်ကျော် ၂-ရက်နေ့ ဝါးဆူးရွာမှ သာယာကုန်းရွာသို့ ကြွတော်မူပြီး သာမညတောင်ပေါ်တွင် သီတင်းသုံးတော်မူလေသည်။

သာမညတောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိနယသည် သက်တော် (၉၃) နှစ်၊ ဝါတော် (၇၃) ဝါ၊ ၁၃၆၅-ခုနှစ်၊ နတ်တော်လဆန်း (၆) ရက်၊ (၂၉-၁၁-၂၀၀၃) စနေနေ့၊ နံနက် (၉) နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

သာမညတောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိနယ၏ ရုပ်ကလာပ်တော်ကို ၂၀၀၃-ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်၊ မွန်းလွဲတစ်နာရီတွင် သာမညတောင်ပေါ်ရှိ ဂူဗိမာန်အတွင်းသို့ မှန်ခေါင်းတော်ဖြင့် သွတ်သွင်းပူဇော်ထားလေသည်။

# မိဂဒါရုံဆရာတော် (ပုသိမ်)

## (၁၁၉၄–၁၂၃၈)

ဦးသုမနာတရ မိဂဒါရုံဆရာတော်ကို ၁၁၉၄–ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ သောကြာနေ့ နံနက် တစ်နာရီတွင် ဖွားမြင်တော်မူလေသည်။ ဒုတိယ မောင်းထောင်သာသနာပိုင်ဆရာတော် “အရှင်ဉေယျဓမ္မ” နှင့် ရှမ်းကျွန်းကလေးဆရာတော်များထံ၌ ပိဋကတ်စာပေများ သင်ကြားတတ်မြောက်တော်မူသည်။

အောက်မြန်မာပြည်သို့ ကြွရောက်ခဲ့ရာ ဟင်္သာတမြို့မှတစ်ဆင့် ပုသိမ်မြို့သို့ ကြွရောက်တော်မူလေသည်။ ပုသိမ်သို့ ရောက်သည်နှင့် ကန်သုံးဆင့်အနီးတွင် တစ်ပါးတည်း တောရဆောက်တည်တော်မူလေသည်။ ထိုစဉ်က ထိုဒေသမှာ တောတောင်ထူထပ်သော ဒေသဖြစ်ပေ၏။

တစ်နေ့သောအခါ တောရကျောင်းအနီး တောင်ယာခုတ်ထွင် လုပ်ကိုင်နေသူတစ်ဦးက အမှိုက်များကို မီးပုံ၍ ရှို့လေသည်။ အမှိုက်ပုံအနီးတွင်

တရားရှုမှတ်နေသော ဆရာတော်အား မီးတောက်မီးလျှံများ ဝိုင်းဝိုင်းလည်လျက် ရှိလေသည်။ ဆရာတော် တရားရှုမှတ်နေသည်ကို တွေ့သည်နှင့် မီးများကို ကတိုက်ကရိုက် ငြိမ်းသတ်လေသည်။ သို့သော် မီးမှာ မငြိမ်းဘဲ မီးတောက် မီးလျှံများ ပို၍ ကြီးမားလာသဖြင့် ဆရာတော်အား ဖွတ်ဝင်၍ ပွေ့ချီကာ မီးလွတ်ရာသို့ ပို့ပေးရလေ၏။ ဒကာမှာလည်း သူ ရှို့ထားသော မီးများကြောင့် ဤသို့ ဖြစ်ရသဖြင့် စိတ်မကောင်းဖြစ်ကာ အမျိုးမျိုး ဝန်ချတောင်းပန် လေသည်။

"ဟဲ့–ဒကာ၊ ငါ့မှာ ဘာမှ မဖြစ်ပါဘူး၊ သင် မသိလို့ လုပ်တာပဲ၊ ငါ သည်းခံပါတယ်"

ထိုသို့ မိန့်ကြားတော်မူတော့မှ ဒကာမှာ စိတ်သက်သာရာရ၍ သွား လေ၏။ ဤသို့ဖြင့် ဆရာတော်သည် ထိုအနီးတဝိုက်မှာပင် ဝိပဿနာတရား များကို ကျင့်ကြံအားထုတ်တော်မူလျက်ရှိရာ ရပ်ကွက်တစ်ခုလျှင် သုံးရက်မျှသာ ဆွမ်းခံ၍ သုသာန်စုတင်ဆောင်တောင်မူလေသည်။ လူအများက ရဟန္တာဟူသော အမှတ်ဖြင့် လှူဒါန်းကြလေရာ လှူဒါန်းသူများ တစ်နေ့တခြား များပြားလာ သဖြင့် ပုသိမ်အရှေ့ပိုင်း၊ သစ်ညိုကုန်း၊ မြို့ချောင်း၊ ကုန်းကြီး၊ ကိုးသောင်း၊ ရေတွင်းကုန်းစသော ရပ်ရွာအသီးသီးသို့ တစ်နေရာပြီး တစ်နေရာ မနားတမ်း ပြောင်းရွှေ့နေတော်မူရ၏။

၁၂၄၂–ခုနှစ်တွင်၊ ပုသိမ်မြို့မှ ဦးကုလားနှင့် ဦးရန်စိုက်–ဒေါ်ချင်းမ တို့က မှန်ကျောင်းကြီးဆောက်လုပ်လှူဒါန်းသဖြင့် တောရနေရာမှ မိဂဒါရုံကျောင်း သို့ ကြွရောက် သီတင်းသုံးရသည်။ ကျောင်းဒကာ ဦးရန်စိုက်မှာ တရားအားထုတ် နေသော ဆရာတော်ဘုရား၏ ကိုယ်တော်မှ အရောင်မျိုးစုံ ထွက်ပေါ်ကွန့်မြူး နေသည်ကို ကြည်ညို၍ မဝအောင် ဖြစ်ရလေသည်။

ရောင်းရေးဝယ်တာကို လုပ်ကိုင်နေသော ဇနီးသည် ဒေါ်ချင်းမမှာလည်း ဈေးရောင်း၍ ကောင်းရုံမျှမက ဆီအိုးများပါ ဝေလျှံ၍ ကျလေတော့သည်။ လက်ငင်းဒိဋ္ဌ အကျိုးပေးခြင်းဖြစ်ပေ၏။

၁၂၄၃–ခုနှစ်တွင် ပိဋကတ်တိုက်ကြီးတစ်လုံးကိုပင် ထပ်မံ၍ ဆောက်လုပ်လှူဒါန်းနိုင်ကြပြန်သည်။ ဆရာတော်ဘုရားသည် လျောင်း၊ ထိုင်၊ ရပ်၊ သွားဟူသော ဣရိယာပုထ် လေးပါးနှင့် နေတော်မူသည်။ ဆရာတော်ဘုရားနေပုံထိုင်ပုံမှာလည်း လွန်စွာမှ ကြည်ညိုဖွယ် ဖြစ်ပေသည်။

ဆရာတော်သည် မျက်လွှာချ၍ အမြဲနေတော်မူခြင်း၊ စကားအပိုမပြောခြင်း၊ သင်္ကန်း သေသပ်ပိရိစွာ ရုံလေ့ရှိခြင်း စသော နူးညံ့သိမ်မွေ့မှုများကြောင့် ဖူးမြော်ရသူများအဖို့ ကြည်ညို၍မဆုံးနိုင်အောင် ဖြစ်ကြရတော့သည်။ ဆရာတော်ဘုရားကြီးသည် သက်တော်ကြီးရင့်လာသောအခါ တပည့်လေးဆယ်ကို တိုက်အုပ်ဘုန်းကြီးအား လွှဲအပ်၍ သတိပဋ္ဌာန်တရားဖြင့် နေတော်မူလေသည်။

၁၂၆၈–ခုနှစ်တွင် သက်တော် ခုနစ်ဆယ်ရှိပြီဖြစ်၍ သီးသန့်ဆောက်လုပ်လှူဒါန်းထားသော တစ်ထပ်တိုက်ကျောင်း၌သာ အမြဲတမ်း ရှုပွားတော်မူလေသည်။ သက်တော် ရှစ်ဆယ်အထိ ညစဉ်ညတိုင်း သုသာန်သို့ကြွ၍ သုသာန်ရှုတင်ဆောင်တော်မူလေသည်။ သက်တော် ရှစ်ဆယ်ကျော်လာသောအခါ သောတပသာဒ ချွတ်ယွင်းခြင်းကြောင့် စာဖြင့် ရေးသား လျှောက်ထားရ၏။

၁၂၈၁–ခုနှစ်တွင် မန်လည်ဆရာတော်ဘုရားကြီး ပုသိမ်မြို့သို့ ကြွလာတော်မူလေသည်။ တစ်ညတွင် မန်လည်ဆရာတော်ဘုရားကြီး အိပ်မက်တစ်ခုကို မြင်မက်တော်မူ၏။ ကြည်ညိုစရာ ကောင်းလှသော ဆရာတော်တစ်ပါးမိမိ နဖူးပြင်တွင် စကြံကြွလျှောက်နေသည်ဟူသော အိပ်မက်အရ စုံစမ်းရာ မိဂဒါရုံဆရာတော်ဘုရားကြီးအကြောင်း ကြားသိရသဖြင့် လှူဖွယ်ပစ္စည်းများဖြင့် သွားရောက်ကန်တော့လေသည်။ ပါသမျှသော ပစ္စည်းဖြင့် လှူရသည်ကို အားမရသဖြင့် မိမိကိုယ်ကို လွှမ်းရုံထားသော ကတ္တီပါသင်္ကန်းကြီးကို အလှူခံယူတော်မူပါရန် လျှောက်ထားပြီး ဆက်ကပ်လှူဒါန်း၏။

"မန်လည်ဆရာတော်ဟာ ဘုန်းကံကြီးမားသော ပညာရှိ ယောကျ်ားကောင်း တစ်ဆူဖြစ်တော်မူတယ်၊ ဒါကြောင့် သူ လှူမယ့် သင်္ကန်းကြီးဟာ ငါ ဆင်မြန်းလို့ မထိုက်တန်ဘူး၊ သိမ်တော်ကြီးထဲမှာ သီတင်းသုံးတော်မူတဲ့ လျောင်းတော်မူ ဘုရားမှာ သွားရောက်ပြီး တင်လွှမ်းလှူဒါန်းကြ"

ဆရာတော်ဘုရားကြီး မိန့်တော်မူသဖြင့် အနီးရှိ ဒကာများက ရပ်ပွားတော် မြတ်ကြီးအား ဆက်ကပ်လှူဒါန်းကြရ၏။

ဆရာတော်ဘုရားကြီး သက်တော်ကြီးရင့်တော်မူသောအခါ ကြိုတင် သိမြင်တော်မူသည့်အလျောက် အုတ်လိုဏ်ဂူတစ်ခုကို ပြုလုပ်စေတော်မူသည်။ စကားကိုလည်း နည်းနိုင်သမျှ နည်းကာ တစ်ပါးတည်း နေတော်မူလေသည်။

၁၂၈၂–ခုနှစ်တွင် သီဟိုဠ်မှ ပင့်လာသော လင်းလွန်းပင်ကြီးနှင့် ပိတောက်ပင်ကြီး သုံးပင်မှာ အကိုင်းအခက်များ ခြောက်သွေ့ကာ အလိုလို သေကုန်ကြလေတော့သည်။ ကြိုတင်နိမိတ်ပြခြင်း ဖြစ်ပေ၏။

"ငါ သေရင် အလောင်းကို မီးမသင်္ဂြိုဟ်ကြနှင့်၊ ပွဲလမ်းသဘင်လဲ မလုပ်ကြနှင့်၊ လိုဏ်ဂူထဲမှာ သွင်းထားကြ"

ဤကား ဆရာတော်ဘုရားကြီး၏ ကြိုတင်မိန့်ကြားချက် ဖြစ်ပေ၏။ ၁၂၈၃–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂–ရက်နေ့၊ သက်တော် ၈၉–နှစ်တွင် မည်သည့်ရောဂါဝေဒနာကိုမျှ ပြင်းထန်စွာ မခံစားရဘဲ အပ္ပမာဒ သတိဖြင့် စုတိချုပ်ငြိမ်း ခန္ဓဝန်သိမ်းတော်မူခဲ့၏။

အလောင်းတော်မှာ ပကတိအတိုင်း ရှိနေသဖြင့် ထိုနှစ် တပေါင်းလအထိ ပူဇော်ပွဲပြုလုပ်၍ ကျွန်းသားခေါင်း၊ ကြေးခေါင်းနှင့် မှန်ခေါင်းသုံးထပ်တွင် ထည့်သွင်းပူဇော်လျက် ဂူသွင်းပူဇော်ထားကြလေသည်။ သုံးဆယ့်ငါးနှစ်ကြာ သောအခါ ၁၃၁၈–ခုနှစ်၊ တပို့တွဲလတွင် အလောင်းတော်ကို တူးဖော်စေခဲ့ရာ မိဂဒါရုံ ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်မှာ ထူးခြားစွာ ဖူးတွေ့ရ လေသည်။ (၃၅) နှစ်တိုင် မြေ၌ကြာသော်လည်း အလောင်းတော်တွင် လွှမ်းထား သော သင်္ကန်းတော်မှာ ခြလည်း မစား၊ ပျက်စီးဆွေးမြေ့ခြင်းမရှိဘဲ အကောင်း ပကတိ တွေ့ကြရ၏။

အလောင်းတော်မှာလည်း လုံးဝ ချို့ယွင်းခြင်း မရှိ၊ ကိုယ်အင်္ဂါများ ပကတိအတိုင်းပင် **ရှိနေသည်။** ဂူမသွင်းမီက ချထားသော ရွှေမှာလည်း အရောင်မပျက် တည်ရှိနေဆဲပင်။

ယင်းသို့လျှင် ဆရာတော်ဘုရားကြီး ရုပ်အလောင်းတော်ကို အနံ့အသက်မရှိ၊ ပကတိ ကျိန်းစက်နေသကဲ့သို့ ဖူးတွေ့ကြရသဖြင့် ရဟန္တာအလောင်းပေါ်တော်မူလေပြီဆိုကာ ယနေ့တိုင် ဖူးမြော်ကြည်ညိုကြရလေသည်။

ဤကား မိဂဒါရုံဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမှ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပေ၏။ ဤတစ်စိတ်တစ်ဒေသကိုပင် ကြည်ညိုဖွယ်ရာအဖြစ်တင်ပြရခြင်း ဖြစ်တော့သည်။

# ထွင့်ခေါင်ဆရာတော်

## (၁၁၆၀–၁၂၄၂)

ထွင့်ခေါင်ဆရာတော်သည် မင်းတုန်းမင်းလက်ထက်တွင် ကျော်ကြားသော ဆရာတော်တစ်ပါးဖြစ်၏။ ထွင့်ခေါင်ဆရာတော်၏ ဇာတိကား ဟသ်ာတမြို့နယ် လေးမျက်နှာမြို့အနီး မြင်းကကုန်းရွာဖြစ်၏။

အဖ ဦးလူကြီး၊ အမိ ဒေါ်မေတို့မှ ၁၁၆၀–ပြည့်နှစ်၊ တပေါင်းလပြည့် အင်္ဂါနေ့တွင် ဖွားမြင်တော်မူလေသည်။ ငယ်မည်မှာ မောင်စိုဖြစ်၏။ မောင်စို ၁၃–နှစ် အရွယ်တွင် အင်းဝမြို့မှ ကျမ်းတတ်အကျော် မန်ကျည်းတောဆရာတော်ကြီးသည် အကြောင်းတစ်ခုဖြင့် လေးမျက်နှာမြို့နယ် ငတရော် ကျွဲခေါင်းကျောင်း၌ သီတင်းသုံးနေခိုက်နှင့် ကြုံကြိုက်ရသည်။ မိဘများက သူ့အား ဆရာတော့်ထံ အပ်နှံခဲ့ကြ၏။ အပ်နှံ၍ မကြာမီ ရှင်သာမဏေ ပြုပေးကြပေသည်။ ဘွဲ့မှာ ရှင်ဉာဏဝံသ ဖြစ်၏။

မန်ကျည်းတောဆရာတော်ကြီး အင်းဝသို့ ပြန်ကြွတော်မူသောအခါ ရှင်ဉာဏဝံသလည်း မယ်တော်ကြီးအား ခွင့်တောင်း၍ ဆရာတော်နှင့် အတူ အင်းဝသို့ လိုက်ပါသွားခဲ့၏။

ထိုအချိန်တွင် ဘိုးတော်မင်းတရားကြီး အမရပူရနေပြည်တော်၌ ထီးနန်းစိုးစံချိန်ဖြစ်၏။ အင်းဝသို့ ရောက်လျှင် စာပေပရိယတ္တိကို ကြိုးစား၍ သင်ယူလေသည်။ ဉာဏ်ပညာထက်မြက်လှသဖြင့် သင်ရိုးအားလုံး တတ်မြောက်၏။ ဣန္ဒြေရင့်ကျက်၏။ အကျင့်သီလနှင့် စရဏဘက်တွင်လည်း လိုလေသေးမရှိပေ။

မိဖုရားခေါင်ကြီး၏ ပစ္စည်းလေးပါး အထောက်အပံ့ကို ခံယူရ၏။ ရဟန်း ရှစ်ဝါအထိ ပရိယတ်ဝန်ဆောင်တော်မူ၍ ၁၁၈၈–ခုနှစ်၊ မင်း မိဖုရားအကိုးကွယ်ခံ ရွှေကျောင်းစံ စာချဆရာတော်အဖြစ်မှ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက် နောက်ပါ အဖော်မမှီးဘဲ တစ်ကိုယ်တည်း တောထွက်တော်မူလေသည်။ တောရ ခိုဝင်သည့်နေရာကား မင်းဝံတောင်ခေါ် စစ်ကိုင်းတောင်အနောက်ဘက်တောင်ခြေရှိ စည်းခုံတော် စေတီကြီးအနီးဖြစ်၏။

မကြာမီ တောင်ပေါ်ရှိ ရတနာထွင့်ခေါင်စေတီအနီးသို့ ရွှေ့ပြောင်းသည်။ ထိုအခါမှ စ၍ ရတနာထွင့်ခေါင် ဘုန်းကြီးလေးဟု ခေါ်တွင်ကြလေသည်။ ဆရာတော်သည် ရဟန်းသီလကို မြဲမြဲလုံခြုံစွာ ထိမ်းသိမ်း ဖြည့်ဆည်း၍ ဓုတင် (၁၃) ပါးကိုလည်း အလျဉ်းသင့်သလို ဆောင်တော်မူ၏။

ရဟန်းရှစ်ဝါမှ စ၍ နှစ်ပေါင်း သုံးဆယ်နီးပါး နေရာအတည်တကျမထားဘဲ ရဟန်းတရားနှင့် လျော်ရာ အရပ်တို့၌သာ တစ်တောဝင် တစ်တောင်တက် သီတင်းသုံးတော်မူသည်။ မင်းဝံတောင်သည် တကယ့်တောကြီးမြိုင်လယ်ဖြစ်၏။ ဆင်နေ၊ ကျားအောင်း အရပ်ပင်ဖြစ်၏။ ထွင့်ခေါင်ဆရာတော်ကား နှစ်ပေါင်း (၂၀) လုံးလုံး ဇာတ်မြုပ်၍ တရားအလုပ်ကို ကြိုးစားတော်မူလေသည်။

တွေ့သမျှ သစ်ပင်တို့သည် ဆရာတော်၏ကျောင်းများ ဖြစ်ကြသည်။ ညမှောင်စပြုလျှင် ဘုရားဝတ်တက်၊ မေတ္တာပွားများ၍ အမျှအတန်းဝေကာ ညဉ့်ဦးယံ ကမ္မဋ္ဌာန်းအလုပ်ကို စလေတော့၏။ မအိပ်မနေ ပွားများ၍ သမာဓိအားကောင်းစပြုချိန် ခေါင်းပါးသော အစာရေစာကြောင့် လေနာရောဂါကြီးစွဲကပ်လေတော့သည်။ ရောဂါဒဏ် မခံနိုင်သည့်အဆုံး ဆွမ်းခံရွာမှ ဒကာ၊ ဒကာမများက မြင်းမွေးတောရကျောင်းကလေးသို့ ဆေးကုသခံပင့်ဆောင်ကြ၏။ ရောဂါသက်သာစပြုလျှင် ထိုတောမှ ဖဲခွာ၍ လက်လုပ်တောရ၊ ပေါက်တောကန်

တောရ၊ ပဲကတိုးတောရစသော ကောင်းမှုတော် စေတီတော်ကြီး ဝန်းကျင် တောရစခန်းတို့၌ လှည့်လည်သီတင်းသုံးတော်မူ၏။

တဈေ၊ သရဲ၊ သားရဲတိရစ္ဆာန်တို့ဖြင့် အကြိမ်ကြိမ် ကြုံတွေ့ရသော်လည်း မေတ္တာစိတ်ဖြင့် အောင်နိုင်တော်မူခဲ့၏။ တစ်ရံရောအခါက တောကျောင်းမှ ဆွမ်းခံကြွရာ လမ်းခုလတ်တွင် တောဆင်ရိုင်းအုပ်ကြီးနှင့် ရင်ဆိုင်တိုးမိလေသည်။ ဆရာတော်သည် ခေတ္တရပ်၍ လက်ဝါးဖြန့်ကာလျက် မေတ္တာဘာဝနာပွားပို့တော်မူသည်။ ဆင်များမှာ ဦးညွှတ်ပြီး ချက်ချင်းလမ်းဖယ်သွားကြ၏။

ပေါက်တောကန်တောရ၌ သီတင်းသုံးတော်မူစဉ်ကလည်း ရူတင်အကျင့်များ ကျင့်ကြံလျက်ရှိရာ ထိုတောတွင် ရှိသော မုဆိုးကြီးဘိုးတက်ခါးက ဆရာတော်အား သားကောင်ထင်မှတ်ကာ သေနတ်ဖြင့် ပစ်၏။ သေနတ်မှာ မီးမကူးဘဲ မုဆိုးကြီးသာလျှင် မူးမိုက်၍ လဲကျသွားလေသည်။ မုဆိုးကြီး သတိရ၍ ကြည့်လိုက်ရာ ဆရာတော်ဖြစ်နေကြောင်း သိရသဖြင့် ထိတ်လန့်သွားကာ ခြေစုံကိုဖက်၍ ခွင့်လွှတ်ရန် တောင်းပန်လျှောက်ထား၏။ ထို့နောက် မုဆိုးကြီးမှာ သံဝေဂရကာ ရဟန်းဝတ်၍ သွားလေသည်။

ဆရာတော်သည် တိရစ္ဆာန်နှင့် လူသားတို့၏ အန္တရာယ်သာမက သရဲ၊ တစ္ဆေ၊ မြေဖုတ်စသော နာနာဘာဝတို့၏ အမျိုးမျိုးခြောက်လှန့်ခြင်းကို ခံခဲ့ရ၏။ ကောင်းမှုတော်စေတီတော်ကြီး မြောက်ဘက်၊ တောကျောင်း၌ နေစဉ်က သုသာန်ရူတင်ဆောက်တည်ရာ နာနာဘာဝတို့၏ အမျိုးမျိုးခြောက်လှန့်ခြင်းကို ခံခဲ့ရ၏။ တချို့က ဆရာတော်အား အရိုအသေပေးကာ တရားနာယူသော နာနာဘာဝ၊ ဝေမာနိက ပြိတ္တာတို့ကလည်း မနည်းပေ။

ထွင့်ခေါင်ဆရာတော်သည် တစ်တောဝင် တစ်တောထွက် ဧကစာရီ လှည့်လည်အားထုတ်ရာ သက်တော် (၅၀) ကျော်မှ အတည်တကျ နေတော်မူလေသည်။

သီပေါမင်း၏မယ်တော် လောင်းရှည်မိဖုရားကြီးသည် သီလရှင်ဝတ်ရင်း ထွင့်ခေါင်ဆရာတော်အပါးမှာ တရားအားထုတ်နေခဲ့၏။ ဆရာတော်သည်

ဆင်မချောင်၌ သီတင်းသုံးနေစဉ် နောင်တော် ပုဂံမင်းကို နန်းချ၍ မင်းတုန်းမင်း နန်းတက်တော်မူလေသည်။

ထွင့်ခေါင်ဆရာတော်သည် မင်း၊ မိဖုရားတို့က ကြည်ညိုကြသကဲ့သို့ တိုင်းသူပြည်သားများကလည်း ကြည်ညိုလေးစားကြ၏။ မင်းပြစ်မင်းဒဏ် ခံရသူများကိုပင် ကယ်မ,ပေးခဲ့ရ၏။

ဆရာတော်ဘုရားကြီးသည် သက်တော်ကြီးရင့်သောအခါ ပဋ္ဌာန်၊ ကောသနိတ်ရူတင်ကို ဖျက်၍ တစ်နေ့လျှင် သုံးကြိမ် ဆွမ်းဘုန်းပေးတော်မူသည်။ ယင်းသို့လျှင် နှစ်ပေါင်းများစွာ သတ္တဝါတို့၏ အကျိုးကို သည်ပိုးတော်မူခဲ့သော ထွင့်ခေါင်ဆရာတော်ဘုရားကြီးသည် ၁၂၄၂-ခု၊ ပထမဝါဆိုလဆန်း (၁) ရက်နေ့၊ သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါအရတွင် ခမ္မိက ချောင်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူလေ၏။ ဆရာတော် ပျံလွန်တော်မူပြီး နောက် ထိုကျောင်းမှာလည်း မီးလောင်၍သွားလေ၏။

ထွင့်ခေါင်ဆရာတော်သည် ပျံလွန်တော်မမူမီ "သဗ္ဗေသတ္တာ ဝေနေယျာ သံသာရှည်လှပြီ" စချီသော ကမ္ဘဋ္ဌာန်း သံပေါက်ကြီးကိုလည်း ရေးစပ်သွားတော်မူခဲ့လေ၏။ ကမ္ဘဋ္ဌာန်းသံပေါက်လင်္ကာကြီးကို ဖတ်ရှုရသောသူများမှာ မိမိအား ဆရာတော်ဘုရားကြီးက လက်ညှိုးထိုး ဆုံးမနေသည်ဟု ထင်မြင်ရလောက်အောင်ပင် ပြောင်မြောက်လှပေသည်။ သံပေါက်မှာ အပိုဒ်ပေါင်း တစ်ရာကျော်ရှိပေသည်။

ဤသို့ဖြင့် တစ်ခေတ်တစ်ချိန်က ထင်ရှားကျော်ကြားခဲ့သော ထွင့်ခေါင် ဆရာတော်ဘုရားကြီးအကြောင်း လက်လှမ်းမီ ရှာဖွေတွေ့ရသမျှ ရေးသားတင်ပြပူဇော်ရပါသည်။

# ပခုက္ကူ သံပုံစေတီ တောရ ဆရာတော်ဦးကိတ္တိ

## (၁၂၀၄–၁၂၈၈)

သံပုံစေတီ တောရ ဆရာတော် ဦးကိတ္တိကို အဖ ဦးပေခွေး၊ အမိ ဒေါ်မင်းဘူးတို့မှ ၁၂၀၄–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅) ရက်နေ့ ညဥ့် နှစ်နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ကြည်ဖြစ်၏။ ဆရာတော်ကြီး ဖြစ်လာသည့်တိုင် ဦးကြည်ဟူ၍ပင် ခေါ်တွင်ကြလေသည်။ အသက်ဆယ့်နှစ်နှစ်တွင် ပခုက္ကူမြို့ ဆရာတော်ဦးသုမနထံ ရောက်ရှိပြီး ပညာသင်ကြားလေသည်။

တစ်ဆယ့်ငါးနှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်၏။ ဘွဲ့တော်မှာ ရှင်ကိတ္တိဖြစ်လေသည်။ ၁၂၂၃–ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်နေ့တွင် ထိုတိုက်ရှိ ခဏ္ဍာသိမ်၌ ဆရာတော်ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

သုံးဝါအရတွင် မန္တလေးမြို့ မြောက်ပြင်ရှိ စံကျောင်းတိုက်ကြီးသို့ ရောက်ရှိပြီး ပညာသင်ယူလေသည်။ လယ်တီလောင်းလျာ ဦးဉာဏဓဇသည်

လည်း စံကျောင်းမှာပင် ပညာသင်ကြားနေလေရာ ရင်းနှီးသော စာသင်ဘက်များ ဖြစ်ကြ၏။

ဦးကိတ္တိသည် မန္တလေးမြို့၌ စာပေပရိယတ္တိ သင်ယူပြီးနောက် ပခုက္ကူမြို့ ပုထိုးတိုက်သို့ ပြန်လည်ရောက်ရှိကာ ပိဋကတ်ကျမ်းစာများ ပို့ချလျက် နေတော်မူသည်။ ကိုးဝါရသည့်တိုင် ပုထိုးတိုက်တွင် စာပေပို့ချလျက် တစ်ဖက်က ဝိပဿနာတရားကို အားထုတ်တော်မူလေသည်။

ဆယ်ဝါရသောအခါ သဲပုံစေတီ တောရသို့ ဝင်တော်မူလေသည်။ ဆရာတော်သည် (၇၈) နှစ်ကိုယ်တိုင် တောရဆောက်တည်၍ အမြဲတမ်း ဆွမ်းခံကြွတော်မူသည်။ ဆရာတော်၏ အထူးခြားဆုံးမှာ နိသဇ္ဇဓုတင်ကို ရာသက်ပန် ဆောင်တော်မူခြင်းဖြစ်၏။ အတူတူနေသော တပည့်ကြီးများပင် ဆရာတော် လဲလျောင်းနေသည်ကို မမြင်ဖူးကြဟု ဆို၏။

ဓုတင်ဆယ့်သုံးမျိုးတွင် နိသဇ္ဇဓုတင်ဟူသည် ဝီရိယကို အစွမ်းကုန် စိုက်ထုတ်ခြင်းဖြစ်၏။ ကျန်ဆယ့်နှစ်မျိုးမှာ ကျောင်း၊ သင်္ကန်း၊ ဆွမ်းတို့နှင့်သာ ဆိုင်လေသည်။ ဓုတင်သည် မောဟ၊ ထိန၊ မိဒ္ဓကို ပြတ်ပြတ်သားသား နှင်ထုတ်ခြင်းပင် ဖြစ်လေသည်။

ထိုင်လျက် အိပ်ပျော်သွားလျှင်လည်း နိသဇ္ဇဓုတင်မပျက်ပေ။ တစ်တောင် ထက်မြင့်သော အမှီနှင့်လည်း ထိုင်ကောင်း၏။ လမ်းလျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း သုံးမျိုးကိုသာ လဲလှယ်၍ နေနေရ၏။ အိပ်မပျော်သော်လည်း မည်သည့်အခါမျှ မလဲလျောင်းရ။

တစ်ဖန် အိပ်ရာ၌ ကျောဆန့်၍ နေခြင်းသည် ကာမဂုဏ် အာရုံငါးဖြာတွင် ဖောဋ္ဌဗ္ဗအာရုံဖြစ်၍ သိမ်မွေ့သော (ဓိမ်ခံခြင်း) ခံစားခြင်းပင် ဖြစ်လေသည်။ ဆရာတော်ဦးကိတ္တိသည် နိသဇ္ဇဓုတင်ကို အမြဲဆောင်တော်မူသကဲ့သို့ သီလ အခြေခိုင်စေရန် ခန္တီမေတ္တာတရားကို အထူးဟောကြားတော်မူလေ့ ရှိ၏။ ဆရာတော်သည် တစ်ခါတစ်ရံ သဲပုံစေတီ တောရမှ ပုထိုးတိုက်သို့ ညအခါ ကြွလာတော်မူလေ့ရှိ၏။ ထိုဒေသသည် အပူပိုင်းဒေသဖြစ်ပေရာ အဆိပ်ပြင်းထန်

သော မြွေပွေး၊ မြွေဟောက်များ ပေါများသော ဒေသဖြစ်၏။ တစ်ခါတစ်ရံ မြွေများကို တက်နင်းမိသည့်အခါများနှင့်လည်း ကြုံရတတ်လေသည်။ တစ်ခါက ဘုံဘေဘားမား သစ်ကုမ္ပဏီမှ မုန်ယိုနေသော ဆင်ဆိုးကြီးသည် ဆရာတော်နှင့် ရင်ဆိုင်တိုးလေတော့၏။ ဆင်ဆိုးကြီးက ဆရာတော်ရှိရာသို့ ရင်ဆိုင်ပြေးလာသော်လည်း အနီးရောက်မှ ရှောင်ဖယ်၍ သွားလေသည်။

တစ်ခါက လူလေးငါးယောက် ကျောင်းထဲသို့ ဝင်လာကြ၏။ ဝေါယာဉ် (ထမ်းစင်) တစ်ခုကိုပါ တစ်ပါတည်း ယူဆောင်လာကြလေသည်။ ဆရာတော်သည် သစ်ပင်အောက်တွင် တရားထိုင်နေခိုက် ဖြစ်၏။ ဒကာတစ်ဦးက လာရောက်ပင့်ခိုင်းခြင်းဖြစ်ကြောင်း ပြောကာ ဝေါယာဉ်ဖြင့် ပင့်လာကြ၏။

အမှန်က သူတို့သည် လူဆိုးများ ဖြစ်ကြ၏။ ဆရာတော် ဝေါပေါ်ရောက်သည်နှင့် ထမ်းဆောင်လာကြ၏။ ချွေးဒီးဒီးကျအောင် ထမ်းသော်လည်း ကျောင်းဝင်းပြင်ဘက်သို့ မရောက်ဘဲ ကျောင်းထဲမှာသာ ပတ်ချာလည်၍ နေလေသည်။ ထိုအခါကျမှ လူဆိုးများသည် ဆရာတော်အား ကန်တော့ကာ ထွက်ပြေးသွားကြ၏။ ဆရာတော်ကို ပြန်ပေးဆွဲမည်၊ ဆရာတော်၏ ဒကာများမှာ သူဌေးများဖြစ်၍ ပြန်ပေးဆွဲရန် လာကြခြင်းဖြစ်၏။

ဆရာတော်ဦးကိတ္တိသည် ရဟန္တာဟု ကျော်ကြားသည်နှင့်အမျှ လှူဒါန်းသူများကလည်း များလှသည်။ ဆရာတော်သည် ရူတင်ထိုင်ခြင်းကို အပျက်မခံပေ။ မြို့အဝင်ဝ လမ်းမကြီးဘေးတွင် သုသာန်ကြီးတစ်ခုရှိခဲ့၏။ ပုထိုးတိုက်မှ သုသာန်သို့ ညစဉ်သွားကာ သုသာန်ရူတင်ကျင့်ဆောင်ခဲ့၏။ တစ်နေ့တွင် ဆရာတော် မြို့တွင်းသို့ ဆွမ်းခံကြွရာ အသစ်စက်စက် “ဖို့ဒ်”ကားတစ်စီးကိုပါ အလှူခံရရှိဖူးလေသည်။ အင်္ဂလိပ်ချုပ်လုပ်သော ကုမ္ပဏီမှ တရုတ်လူမျိုးတစ်ဦးက မိမိ၏ သမီးငယ်ကလေး မကျန်းမမာဖြစ်နေစဉ် အိပ်မက်ထဲ၌ ဘုန်းကြီးတစ်ပါးကို ဆွမ်းလောင်းလှူရသည်ဟု မြင်မက်သဖြင့် နံနက်တွင် အိမ်ရှေ့သို့ ဆွမ်းခံကြွလာသော ဦးကိတ္တိမှာ အိပ်မက်ထဲမှ ဘုန်းကြီးဖြစ်နေသဖြင့် ဝမ်းသာအားရ ဆွမ်းလောင်းလှူသည်။ ကျန်းမာရေး မကောင်းသော သမီးလေးလည်း

နေကောင်း၊ စီးပွားရေးလည်း တက်လာသဖြင့် "ဖို့ဒ်"ကားတစ်စီးကို ဆရာတော်အား လှူလေသည်။ ဆရာတော်ဦးကိတ္တိသည် ၁၂၅၅–ခုနှစ်တွင် အိန္ဒိယသို့ ဘုရားဖူးကြွတော်မူလေသည်။ တရားဦးဟောရာ မိဂဒါဝုန်၊ ဗောဓိပင်နှင့်ရွှေပလ္လင်စသောနေရာများကို စုံလင်အောင် ကြွရောက်ဖူးမြော်တော်မူလေသည်။ ဗုဒ္ဓဘာသာစတင်ပေါ်ထွန်းရာ ဒေသကြီးတွင် ဗုဒ္ဓဘာသာအငွေ့အသက်မျှသာ ကျန်ရှိသည်ကို တွေ့တော်မူလေရာ ဓမ္မသံဝေဂ ဖြစ်တော်မူလေသည်။

တစ်နေ့သောအခါတွင် ဆွမ်းခံပြီးပြန်လာရာ လမ်းတွင် အလှူတစ်ခုက ရေစက်ချရန် ပင့်လျှောက်သဖြင့် အလှူသို့ ကြွရ၏။ ရေစက်ချ အမျှဝေပြီးနောက် ဆရာတော် ပြန်ကြွရာ ဆရာတော် ထိုင်တော်မူသောနေရာမှ တရွရွပြေးနေသော ပိုးလောက်များကို အံ့သြစွာ တွေ့ကြရ၏။ ဤတွင်မှ ဆရာတော်မှာ တင်ပါးတွင် အနာရှိကြောင်း သိရှိသွားကြကာ ဆေးကုသရန် ပြောသော်လည်း လက်မခံချေ။

"ခန္ဓာကိုယ်ဟာ ပိုးလောက်တွေ နေတဲ့ အိမ်ကြီးပဲ" ဟုသာ မိန့်တော်မူလေသည်။ ဆေးကုသရန်ကိုကား ခွင့်မပြုချေ။ သက်တော် (၇၈) နှစ်သို့ ရောက်ရှိနေတော်မူသော်လည်း တောရဆောက်တည်ပြီး ဆွမ်းခံစားသော ကျင့်စဉ်ကို မပျက်ပေ။ နေပူမိုးရွာမရှောင် ဆွမ်းခံရသော ကျင့်စဉ်ကို ဂုဏ်ယူတော်မူလေသည်။

တပည့်များက သက်တော်ကြီးရင့်ပြီဖြစ်၍ တောထဲတွင် တစ်ပါးတည်း နေရန် မသင့်သဖြင့် ပုထိုးတိုက်သို့ ပင့်ဆောင်ထားကြရ၏။ နိသဇ္ဇတင်ကိုကား ဆောင်မြဲဆောင်တော်မူလေသည်။

သက်တော်ကြီးရင့်သဖြင့် တစ်နေ့ထက်တစ်နေ့ ဇရာဖိစီးလာရာမှ သက်တော် (၈၄) နှစ် အရောက်တွင် အရိုးပေါ် အရေတင်ရုံမျှသာ ရှိတော့၏။ အကြောများလည်း ပြိုင်းပြိုင်းထနေ၏။ ဆေးဝါးမျိုးစုံဖြင့် ကုသခဲ့ကြသော်လည်း ရောဂါမှာ မသက်သာခဲ့ပေ။ ရောဂါမည်မျှ ပြင်းထန်နေစေကာမူ မအိပ်မစက် ခုတင်ညောင်စောင်းတွင် ငုတ်တုတ်သာ နေတော်မူလေသည်။

တပည့်ကြီးများက လဲလျောင်းရန် လျှောက်ထားကြရာ ခေါင်းခါလျက်သာ ငြင်းပယ်တော်မူလေသည်။ လုံးဝ စကားမပြောတော့ဘဲ ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်လျက် ကမ္မဋ္ဌာန်းအာရုံဖြင့် နေတော်မူလေသည်။

ရောဂါမှာလည်း မသက်သာဘဲ တစ်နေ့တစ်ခြား တိုးပွား၍ လာလေရာ ထိုင်လျက်သာ ဝေဒနာရှုနေခဲ့၏။ ထိုသို့နေရာမှ ၁၂၈၈–ခု၊ ပထမဝါဆိုလဆုတ် ၆–ရက်နေ့၊ ညဦး နှစ်နာရီအချိန်တွင် ညောင်စောင်းပေါ်၌ ငုတ်တုတ်ထိုင်လျက်ပင် သက်တော် (၈၄) နှစ်တွင် ကမ္မဇရုပ် ချုပ်ငြိမ်းတော်မူလေသည်။

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# ဦးဝိစိတ္တသာရာဘိဝံသ
## (၁၂၇၃–၁၃၅၄)

မြန်မာပြည်တွင်သာမက ကမ္ဘာ့စံချိန် မှတ်တမ်းစာအုပ်ကြီးများတွင်ပါ ဖော်ပြခြင်းခံရသော မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးကို မန္တလေးတိုင်း မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် ကျည်းပင်ရွာတွင် ဦးဆုံ၊ ဒေါ်ဆင်တို့မှ ၁၂၇၃–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လယ် သုံးနာရီတွင် ဖွားမြင်တော်မူသည်။ မွေးချင်း သုံးယောက်ရှိသည့်အနက် ဒုတိယ သားရတနာဖြစ်၏။ ငယ်နာမည် မောင်ခင်ဟု အမည်တွင်လေသည်။

လေးနှစ်ကျော်၍ ငါးနှစ်တွင်းသို့ ရောက်သောအခါ ကျည်းပင်ရွာ ကျောင်းဆရာတော် ဦးသာသနထံတွင် ပညာသင်ကြားခဲ့၏။ ၁၂၇၈–ခုနှစ်၊ ခြောက်နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ ၁၂၈၂–ခုနှစ်တွင် ဒုတိယအကြိမ် ရှင်သာမဏေပြုရာ ဆရာတော်သည် ဉာဏ်ရည်

ဉာဏ်သွားထက်မြက်လှသော ကိုရင့်အား "ရှင်ဝိစိတ္တသာရ" ဟု ဘွဲ့ပေးတော်မူလေသည်။ ဉာဏ်ရည်ဉာဏ်သွား ထက်မြက်လှသော ရှင်ဝိစိတ္တသာရသည် (၁၃) နှစ်သားအရွယ်တွင် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲကြီး၌ သဒ္ဒါကြီး ရှစ်စောင်အား နှုတ်တက် အာဂုံပြန်ဆိုတော်မူလေသည်။

အသက် (၁၄) နှစ်သားအရွယ် ၁၂၈၆–ခုနှစ်တွင် စာပြန်ပွဲ၌ သဂြိုဟ် (၉) ပိုင်းကို အထောက်အမ မရှိ ချောမောလွတ်ကင်းစွာ ပြန်ဆိုနိုင်သဖြင့် စာထောက် စာမ ဆရာတော်များ၏ အထူးချီးကျူးအံ့သြတော်မူခြင်းကို ခံခဲ့ရ၏။

ရှင်ဝိစိတ္တသာရသည် (၁၄) နှစ်သားအရွယ်မှာပင် အဋ္ဌကထာဋီကာ၊ အနုမဓုယောဇနာ စာအုပ်များကို ကြည့်ရှုတော်မူနိုင်ခဲ့၏။ ကဗျာ၊ လင်္ကာတို့ဖြင့် တန်ဆာဆင် ဖွဲ့နွဲ့ထားသော "သုဝဏ္ဏသာမ" (ယပ်ထောင်) တရားကို ရေးသားတော်မူသည်။ အသက် (၁၅) နှစ်အရွယ် ၁၂၈၇–ခုနှစ်တွင် အစိုးရ ပထမငယ်တန်းကို အောင်မြင်တော်မူသည်။ ၁၂၈၈–ခုနှစ်၊ အသက် ၁၆–နှစ်သားအရွယ်တွင် အစိုးရ ပထမလတ်တန်းကို အောင်မြင်တော်မူသည်။

သက်တော် (၁၉) နှစ်အရွယ် ၁၂၉၁–ခုနှစ်၊ တန်ခူးလတွင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ရောက်ရှိတော်မူလေသည်။ ၁၂၉၂–ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရ ရွှေကျင်တိုက်ရှိ ခဏ္ဍသိမ်တွင် ဆရာတော် ဦးပညာစက္ကအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူလေသည်။ ရဟန်းဒါယကာ၊ ဒါယိကာမများမှာ သူဌေးကြီး ဆာဦးသွင်နှင့် ဇနီး ဒေါ်သိန်းသိန်းတို့ဖြစ်၏။

၁၂၉၃–ခုနှစ်တွင် အစိုးရ ပထမကြီးတန်း အောင်မြင်တော်မူသည်။ ၁၂၉၄–ခုနှစ်တွင် အမျိုးသား ပထမကြီးတန်း အောင်၍ ၁၂၉၅–ခုနှစ်တွင် ပထမကျော်တန်းနှင့် သကျသီဟစာသင်တန်း၊ ၁၂၉၆–ခုတွင် သကျသီဟ စာချတန်းတို့ကို ဆက်တိုက်အောင်မြင်တော်မူသဖြင့် "ဝင့်သကာ" ဘွဲ့များ ရရှိတော်မူသည်။ သကျသီဟ စာမေးပွဲတွင် ထူးထူးခြားခြား အောင်မြင်သဖြင့် ရန်ကုန်မြို့ရှိ ပါဠိဆရာ၊ မြန်မာပညာရှိအဖွဲ့မှ အဋ္ဌကထာပြန်အကျော် ဘွဲ့တံဆိပ်နှင့်

နိုင်ငံတော်အစိုးရမှ ပထမကျော် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူခဲ့ရ၏။

၁၂၉၉–ခုနှစ် ရဟန်း (၇) ဝါအရတွင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်တွင် ပဓာန နာယက ဖြစ်တော်မူသည်။ နာယက ဆရာတော်အနေဖြင့် အသက်အရွယ် အငယ်ဆုံး နာယကပင် ဖြစ်လေသည်။ ၁၃၀၂–ခုနှစ်တွင် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူလေသည်။

## တိပိဋက ပြန်ဆိုခြင်း

၁၃၁၂–ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇) ရက်နေ့တွင် "ဝိသိဋ္ဌ ဝိနယဓရ" ဘွဲ့နှင့် "မဟာဝိနယ ကောဝိဒ" ဘွဲ့ကို ရရှိတော်မူသည်။

၁၃၁၃–ခုနှစ်တွင် အဘိဓမ္မာပိဋကတ် ရှေ့ပိုင်းငါးကျမ်း အောင်မြင်တော်မူသည်။ ၁၃၁၄–ခုနှစ်တွင် အဘိဓမ္မာနောက်ပိုင်း (၂) ကျမ်း၊ အာဂုံ ရေးဖြေဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်တော်မူ၍ "ဝိသိဋ္ဌ အာဘိဓမ္မိက" ဘွဲ့၊ "မဟာ အာဘိဓမ္မိက ကောဝိဒ" ဘွဲ့တော်များကို ရရှိတော်မူသည်။

၁၃၁၅–ခုနှစ်၊ သက်တော် (၄၂)နှစ်အရွယ်တွင် "ဝိသိဋ္ဌ ဒီဃ ဘာဏက" ဘွဲ့၊ "မဟာဒီဃ နိကာယ ကောဝိဒ"ဘွဲ့၊ "ဝိသိဋ္ဌ တိပိဋကဓရ"ဘွဲ့၊ "မဟာ တိပိဋက ကောဝိဒ"ဘွဲ့၊ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည်။

၁၃၁၆–ခုနှစ်၊ ၁၃၁၈–ခုနှစ် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌ ပါဠိတော် အဖြေ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။ အမေး (ပုစ္ဆက) ဆရာတော်မှာ မဟာစည်ဆရာတော်ဘုရားကြီး ဖြစ်၏။ ၁၃၁၈–ခုနှစ်မှ ၁၃၂၀–ခုနှစ် အဋ္ဌကထာ သင်္ဂါယနာ အဖြေ၊ ၁၃၂၂–၁၃၂၃ ခုနှစ်များတွင် ဋီကာသင်္ဂါယနာ အဖြေ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူလေရာ သင်္ဂါယနာအဖြေ တာဝန်နှင့် တာဝန်ကြီး ကိုးရပ်ကို ဆောင်ရွက်တော်မူခဲ့၏။ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဦးဝိစိတ္တသာရာဘိဝံသတို့၏ ကျေးဇူးတော်ကား ကြီးမားများပြားလှပေသည်။

နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ ၁၃၁၇–ခုနှစ်မှ ၁၃၃၁–ခုနှစ်အတွင်း အုပ်တွဲ (၆) တွဲ၊ အုပ်ရေ (၈) အုပ်၊ စာမျက်နှာပေါင်း (၅၅၁၆) မျက်နှာရှိသော "နိုင်ငံတော်ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီး"ကို ပြုစုတော်မူခဲ့လေသည်။ ဤကျမ်းကြီးသည် ဗုဒ္ဓသာသနာထွန်းကားသော မြန်မာပြည်တွင် တန်ဖိုးကြီးမားလှသော ကျမ်းကြီးဖြစ်ပေသည်။

မင်းကွန်းဆရာတော်ဘုရားကြီးသည် ၁၃၄၀–ပြည့်နှစ်၊ ဝါဆိုလဆန်း (၅) ရက်နေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ "တိပိဋကနိကာယ" ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူလေသည်။ ၁၃၄၀–ပြည့်နှစ်၊ ပြာသိုလဆန်း (၇) ရက်နေ့တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရသည်။ ၁၃၄၂–ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်နေ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။

၁၃၄၄–ခုနှစ်မှစ၍ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများကို ဆောက်လုပ် လှူဒါန်းတော်မူသည်။

၁၃၄၅–ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်၊ (၄–၁–၈၄) နေ့တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရသည်။ ၁၃၅၃–ခုနှစ်တွင် "အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်တို့ အလှူခံတော်မူရသည်။

## တိပိဋက ရွေးချယ်ပွဲ

လွတ်လပ်ရေးရပြီးစ မြန်မာပြည်တွင် "တိပိဋကဓရ" ရွေးချယ်ပွဲကြီးကို ၁၃၁၂–ခုနှစ်တွင် ကျင်းပခဲ့၏။ တိပိဋကရွေးချယ်ရေး၊ စာမေးပွဲကြီး၌ ဝိနည်း (၅) ကျမ်း၊ အာဂုံပြန်ဆိုစဉ် ဓမ္မာသန ပလ္လင်ပေါ်မှ သာယာငြိမ့်ညောင်း နာပျော်ဖွယ်ကောင်းသော အသံတော်ဖြင့် ပိုင်ပိုင်နိုင်နိုင် ပြန်ဆိုတော်မူလေသည်။ မြန်မာ့ဇာတ်သဘင်လောကတွင် ထင်ရှားကျော်ကြားလှသော ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် ဆရာတော်၏ တိပိဋက ပြန်ဆိုတော်မူသော အသံတော်ကို

နာကြားရင်း "တယ်ကောင်းတဲ့ အသံပါလား" ဟု လက်ဖျားခါကာ ချီးကျူးခဲ့၏။ ဦးဝိစိတ္တသာရ၏ အသံတော်သည် လွန်စွာမှ သာယာနာပျော်ဘွယ် ကောင်းလှ၏။ ဦးဝိစိတ္တ တိပိဋက ပြန်ဆိုပြီး ခေတ္တနားနေတော်မူစဉ် ဇာတ်ဆရာ ဦးဖိုးစိန်ကြီးသည် ဆရာတော်ဘုရားကြီးအနီးသို့ ချဉ်းကပ်ကာ "အရှင်ဘုရား စည်းဝါးများ နားလည်ပါသလား ဘုရား" ဟု လျှောက်ထားရာ ဆရာတော်က "ဘာဖြစ်လို့လဲ ဒကာကြီး" ဟု မေးတော်မူလေသည်။ ထိုအခါ ဦးဖိုးစိန်ကြီးက "ဆရာတော်ဘုရား စာပြန်ပုံက စည်းဝါးကို မိနေတာပဲ ဘုရား" ဟု လျှောက်ထားဖူးလေ၏။ ဆရာတော်ဘုရားကြီး၏ ရွတ်သံ ဖတ်သံ လေယူလေသိမ်းများမှာ လွန်စွာမှ သာယာနာပျော် ကြည်ညိုဖွယ်ဖြစ်ပေသည်။ ဤသို့ ပြန်ဆိုတော်မူနိုင်ခြင်းမှာလည်း ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ပါရမီတစ်ခုပင် ဖြစ်ပေသည်။

သင်္ဂါယနာတင်ရာတွင် ဦးဝိစိတ္တဆရာတော်ဘုရားကြီး သင်္ဂါယနာ ဝိသဇ္ဇက (အဖြေ) တာဝန်ကို တာဝန်ယူခဲ့ရလေသည်။ ထိုစဉ်က ဆရာတော်ဘုရားကြီး၏ သက်တော်မှာ (၄၅) နှစ်မျှသာ ရှိသေး၏။ စာပေတာဝန်က ကြီးမားလွန်းလှပြီး သက်တော်မှာ ငယ်ရွယ်သေးသည်ဟု ဆိုနိုင်လေသည်။ သို့သော် သင်္ဂါယနာ အဖြေကို သာယာငြိမ့်ညောင်း နာပျော်ဖွယ်ကောင်းသော အသံတော်ဖြင့် မဟာစည်ဆရာတော်ဘုရားကြီး မေးသမျှ အံ့သြဖွယ်ကောင်းလောက်အောင် ဖြေဆိုတော်မူခဲ့လေသည်။

စင်စစ် တိပိဋက ပြန်ဆိုရသည်မှာ လွယ်ကူသော ကိစ္စ မဟုတ်ပေ။ စာမျက်နှာပေါင်း ခုနစ်ထောင်ကျော်ရှိသော စာများကို အလွတ် (အာဂုံ) ပြန်ဆိုရခြင်းဖြစ်ပေသည်။

ဤမျှရှည်လျား များပြားလှသော စာများကို အထောက်အမ ကင်းလွတ်စွာဖြင့် ပြန်ဆိုနိုင်ခြင်းသည်ပင် ဆရာတော်ဘုရားကြီး၏ ထူးခြားသောဂုဏ်ထူးဝိသေသဖြစ်ပေသည်။ သာမန်လူတို့အဖို့ ပြန်ဆိုရန် မစဉ်းစားရဲသော အရာဖြစ်ပေ၏။ ဆရာတော်ဘုရားကြီး၏ ဘဝသက်တမ်းတစ်လျှောက်တွင် ဗုဒ္ဓသာသနာတော်အတွက် မနားမနေ ကြိုးပမ်းအားထုတ်တော်မူခဲ့၏။ ရဟန်းတော်ပေါင်း တပည့်ပေါင်းများစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့လေသည်။

ဆရာတော်ဘုရားကြီး "တိပိဋက" ဘွဲ့တော်မရမီ တိပိဋက ရွေးချယ်ပွဲ ကျင်းပရန် စီစဉ်နေစဉ်က ဖြစ်၏။ ယခုခေတ်တွင် ပိဋကသုံးပုံ နှုတ်ငုံဆောင် နိုင်သော ပုဂ္ဂိုလ် မပေါ်ပေါက်နိုင်ဟူ၍ပင် ယူဆထားကြသည်။

အဘယ်ကြောင့်ဆိုသော် ပိဋကသုံးပုံ နှုတ်ငုံဖြေဆိုနိုင်ရန်မှာ ခက်ခဲလှ သောကြောင့် ဖြစ်ပေ၏။ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရမှာ ပိဋကသုံးပုံကို အထောက်အမ, မရှိ ရဲရဲတောက် ပြန်ဆိုတော်မူနိုင်သဖြင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ တအံ့တသြဖြစ်ကာ ပထမဦးစွာ ပွင့်ထွန်းပေါ်ပေါက်လာသော တိပိဋက ဆရာတော်ဘုရားအား ဝမ်းသာရွှင်မြူး ကြည်နူးသော စိတ်ဖြင့် ဖူးမြင်ဦးတင်ကာ ကြည်ညိုမဆုံး ပူဇော်၍ မဆုံးနိုင်အောင် ဖြစ်ကြရလေသည်။ ဆရာတော်ဘုရားကြီးကား သာသနာ့အာဇာနည်ကြီး ဖြစ်တော်မူပေ၏။ ပိဋက သုံးပုံကို အောင်မြင်သည်ဟု ဆိုရာဝယ် သာမန်အောင်မြင်ခြင်းမျိုး မဟုတ်ပေ။ အာဂုံမှာရော၊ ရေးဖြေမှာပါ နှစ်ထွေစလုံး အောင်မြင်တော်မူခြင်း ဖြစ်ပေ၏။

## သာသနာ့ပြု ခရီး

ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံအရပ်ရပ်သို့ လှည်း၊ လှေ၊ ဆိုက္ကား၊ ရထား၊ လယ်ထွန်စက်စသော ယာဉ်အမျိုးမျိုးဖြင့် တောရော မြို့ပါ ကြွရောက်တော်မူ၍ တရားပွဲပေါင်း ၁၅၀၀၀ (တစ်သောင်းငါးထောင်) ကျော်ခန့် ဟောကြားတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ဘွဲ့တံဆိပ်တော်ပေါင်း သုံးဆယ် အလှူခံတော် မူရသဖြင့် မြန်မာနိုင်ငံရှိ ရဟန်းပုဂ္ဂိုလ်များတွင် ဘွဲ့တံဆိပ်တော် အများဆုံး အလှူခံတော်မူရသော ဆရာတော်ဘုရားကြီး ဖြစ်ပေ၏။ ဆရာတော်ဘုရားကြီး လုပ်ကိုင်ဆောင်ရွက်နေပုံကို တွေ့မြင်ကြရသူများက ဆရာတော်ဘုရားကြီးသည် "သမ္မာသမ္ဗောဓိ" ဆုကြီးပန် အလောင်းတော်ကြီးဟု မှတ်ထင်ကြသော်လည်း ဆရာတော်ဘုရားကြီးကမူ ဒုတိယဘဝမှာ တာဝတိံသာနတ်ပြည်၌ 'ဓမ္မဓရ' အမည်ရသော သောတာပန်နတ်သားဖြစ်၍ ဤဘုရားသာသနာတော်တွင်းမှာပင်

ပကတိသာဝကအဖြစ်ဖြင့် နိဗ္ဗာန်ဝင်ရန် ဆုပန်ထားသည်ဟု မိန့်တော်မူကြောင်း သိရ၏။

ဆရာတော်ဘုရားကြီးသည် "တိပိဋကဓရ" စာမေးပွဲဖြေဆိုတော်မူစဉ် ဝိနယပိဋက ဝိနည်း (၅) ကျမ်း ပါဠိတော်၊ အာဂုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာသဘော ရေးဖြေတို့၌—

| | | |
|---|---|---|
| ပါဠိတော် | — | ၂၂၆၀ စာမျက်နှာ |
| အဘိဓမ္မာ ရှေ့ပိုင်း (၅) ကျမ်း | — | ၁၃၉၀ စာမျက်နှာ |
| အဘိဓမ္မာ နောက်ပိုင်း (၂) ကျမ်း | — | ၃၅၉၈ စာမျက်နှာ |
| ဒီဃ, နိကာယသုတ် (၃) ကျမ်း | — | ၇၇၉ စာမျက်နှာ |

ပိဋကတ်သုံးပုံ စာမျက်နှာပေါင်း (၈၀၂၇) မျက်နှာရှိသော ကျမ်းများကို အထောက်အမ ကင်းလွတ်စွာဖြင့် အမှားအယွင်းမရှိ၊ နှုတ်တိုက်အာဂုံဆောင်နိုင်သည့်အတွက် (ကမ္ဘာ့စံချိန်မှတ်တမ်း) စာအုပ်ကြီးတွင် ဆရာတော်ဘုရားကြီးအား ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ဟု မှတ်တမ်းတင်ထားခြင်း ခံရလေသည်။ ကမ္ဘာကျော်သည်အထိ စာတော်သော ပုဂ္ဂိုလ်ထူးကြီးဖြစ်တော်မူလေသည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ လေးလခန့်အလိုတွင် မိမိဇာတိ မြင်းခြံမြို့နယ်၊ ကျီးပင်ရွာသို့ ကြွတော်မူကာ မိမိ ဆောက်လုပ်လှူဒါန်းထားသော မူလတန်းကျောင်းကို ရေစက်ချတော်မူသည်။ မြင်းခြံစွန်းလွန်းဂူကျောင်းတွင်လည်း ကထိန်ခင်းတော်မူခဲ့၏။ ထို့နောက် ဆွေမျိုးသားချင်းများ၊ တပည့် ဒကာများ၊ ငယ်ပေါင်းများကို ခေါ်ကာ တရားဟောကြားပြီးနောက် "အေး— ငါ မင်းတို့နဲ့ တွေ့ချင်လို့ လာခဲ့တာ၊ ငါ မင်းတို့ မြင်းခြံကို နောက်တစ်ခေါက် မလာနိုင်တော့ဘူး၊ ငါ့ ရောဂါက သာမန်ရောဂါ မဟုတ်ဘူး၊ ဓာတ်လေးပါးပျက်ပြီး ပထဝီပျက်ပြီး ဖြစ်တဲ့ရောဂါ၊ နောက် သုံး လေးလထက် ပိုပြီး ငါမနေရတော့ဘူး" ဟု မိန့်ကြားတော်မူလေသည်။ သေမည့် (ပျံလွန်တော်မူမည့်) ရက်ကို ကြိုတင်ပြီး သိရှိတော်မူပုံရလေ၏။ သုံး လေးလထက်

မနေရတော့ဘူးဟု မိန့်ကြားပြီးနောက် လေးလပြည့်သောနေ့ ၁၃၅၄–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက်၊ ညနေ (၄) နာရီ၊ မိနစ် (၄၀) တွင် သက်တော် (၈၁) နှစ် အရွယ်၌ ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

ဆရာတော်ဘုရားကြီး ဈာပနကို တစ်လနှင့် လေးရက်တိုင်တိုင် နိုင်ငံတော်က ခမ်းနားကြီးကျယ်စွာ ကျင်းပပူဇော်လေသည်။ ကျယ်ဝန်းလှသော ဈာပနကွင်းကြီးတွင် ဗဟိုမဏ္ဍာပ်၊ စစ်ကိုင်းမဏ္ဍာပ်၊ တိ–နိမဏ္ဍာပ်၊ မြင်းခြံမဏ္ဍာပ် စသည့် မဏ္ဍာပ်ကြီးလေးခုနှင့် ခမ်းခမ်းနားနား ပူဇော်ကာ အဆိုအတီး၊ အရွတ်အဖတ် ပူဇော်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲပူဇော်ကြလေသည်။ နေ့စဉ် လူငါးသောင်းခန့်ကိုလည်း ထမင်းဟင်းများဖြင့် လိုလေသေးမရှိ ကျွေးမွေးခဲ့ကြ၏။

ဆရာတော်ဘုရားကြီး၏ အရိုးပြာကို ဧရာဝတီ ရေအလျဉ်ကျောတွင် မျှောချ ပူဇော်လိုက်ကြလေတော့သည်။

# ပြည်မြို့၊ ရတနာမာန်အောင် တောရ ဆရာတော်ဘုရားကြီး

ပြည်မြို့၊ ရတနာမာန်အောင်တောရ ဆရာတော်ဘုရားကြီးသည် ကိုရင်ဘဝမှ စ၍ နိသဇ်ရှုတင် ဆောင်တော်မူလေသည်။ နိသဇ်ရှုတင်ဆိုသည်မှာ လုံးဝ မအိပ်ရ၊ ကြမ်းနှင့် ကျော မထိရ၊ ထိုင်လျက် ရပ်လျက် နေရသည့် ကျင့်စဉ်ဖြစ်ပေ၏။ ဆရာတော်ဘုရားကြီး ရဟန်းတော်ဘဝတွင် ရှုတင်ကို အမြဲတမ်း ဆောင်တော်မူလေသည်။ ရဟန်းဖြစ်စက ဆရာတော်သည် ရွှေတိဂုံဘုရားကြီးပေါ်တွင် မတ်တပ်ရပ် လက်အုပ်ချီ၍ မလှုပ်မယှက် မပြောင်းမရွှေ့ ကျင်ကြီး၊ ကျင်ငယ်ကိစ္စမရှိ၊ စားသောက်မှု လုံးဝ မရှိဘဲ ဂုဏ်တော် ကိုးပါးအာရုံဖြင့် ခုနစ်ရက်၊ ခုနစ်ညပတ်လုံး ဘုရားကို ပူဇော်တော်မူသည်။

ပြည်မြို့၊ ရတနာမာန်အောင် တောရတွင်လည်း သီတင်းသုံးတော်မူစဉ်က ကိုးနှစ်တိတိ ဆွမ်းမစားဘဲ ဆေးလုံးကလေးတစ်လုံး မှီဝဲရုံဖြင့် နေတော်မူခဲ့လေ၏။

ဒကာ၊ ဒကာမများက အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းကြသော်လည်း ကြာရှည်မနေဘဲ ထိုနေရာကို သံဃာတော်များအား ပေးလှူပြီး နေရာသစ်တစ်ခုသို့ ပြောင်းကာ တစ်ပါးတည်း ကျင့်ကြံအားထုတ်တော်မူသည်။

စပယ်ဦးစာပေ

သာသနာပြုရန် ကိစ္စတာဝန်များရှိနေသဖြင့် တစ်နေ့လျှင် ငှက်ပျောသီး တစ်လုံးသာ အာဟာရမှီဝဲနေရာမှ ဆွမ်းပြန်၍ စားတော်မူရ၏။ သတ္တဝါများ နတ်ရွာ နိဗ္ဗာန်ရောက်စေရန် ဒါန၊ သီလ၊ ဘာဝနာ စခန်းများဖွင့်ကာ သာသနာ ပြုတော်မူလေသည်။ ပြည်မြို့ ဆရာတော်ဘုရားကြီး၏ အလင်းရောင် ကမ္မဋ္ဌာန်း တိုက်ကြီးသည် ကျော်ကြားလျက် ရှိပေ၏။ ဆရာတော်ဘုရားကြီးသည် သီလအား သမာဓိအား လွန်စွာကြီးမားတော်မူလေသည်။

တစ်ကြိမ်သောအခါက နွေဥတုသည် လွန်စွာပူပြင်းလှပေသည်။ ကျောင်း နောက်ဘက်ရှိ ရေကန်သည် ပူပြင်းသော နေအရှိန်ကြောင့် ရေများခန်းကာ ငါးများ အလူးအလဲ ခံနေကြသည်။ ထိုအကြောင်းကို ဆရာတော်ဘုရားကြီး သိတော်မူသည်နှင့် ထိုည ကန်ဘောင်တွင် ထိုင်ကာ ငရဲမင်းပရိတ်နှင့် အခြား သော ပရိတ်တော်များကို ရွတ်ဖတ်ပွားများရာ ထိုညမှာပင် မိုးကြီး သဲသဲမဲမဲ ရွာသွန်းခဲ့၏။ ရေကန်တွင် ရေများ ပြည့်လျှံ၍ သွားရာ ရေနည်းငါးများ ချမ်းသာရာ ရ၍ သွားကြလေသည်။

ဂျပန်ခေတ်ကလည်း ဆရာတော်ဘုရား၏ ကျောင်းတွင်း ဗုံးတစ်လုံးမျှ မကျခဲ့ချေ။ အခြားသော ကျောင်းအနီးနားတွင်သာ ဗုံးကျခဲ့သည်။ တစ်နေ့တွင် ဆရာတော် ကျောင်းအနီးသို့ ဗုံးများကျခဲ့ရာ ဗုံးမှာ တစ်လုံးမှ မပေါက်ကွဲခဲ့ချေ။ ဂျပန်စစ်တပ်မှ ဗိုလ်များ လာရောက်၍ ဗုံးများကို ကြည့်ရှုပြီး ဤသို့ မပေါက် ကွဲခြင်းမှာ ဆရာတော်ဘုရား၏ တန်ခိုးတော်ကြောင့်ဟု ယုံကြည်ကာ ဆရာတော် ကို ဦးတိုက်ကြသည်။

ရာသီဥတု မည်မျှပင် ပူအိုက်သော်လည်း ဆရာတော်ဘုရားမှာ အိုက် သည်၊ ပူသည်ဟု မည်သည့်အခါမျှ ညည်းညူခြင်းမရှိ၊ ပူအိုက်ခြင်းကိုလည်း သည်းခံတော်မူသည်။ တစ်ခါက လူငယ်တစ်ဦး ဆရာတော်ဘုရားကျောင်းတွင် သင်္ကန်းလာ၍ ဝတ်နေသည်။ သို့သော် ပျော်ရွှင်ပုံမရပေ။ ဒုလ္လဘ ရဟန်းဝတ်ရ သည်ကို စိတ်ညစ်နေပုံရလေသည်။ သက်သတ်လွတ် စားရသဖြင့် ငြီးငွေ့ပျင်းရိ နေကြောင်း ဆရာတော်ဘုရားကြီး သိတော်မူသည်။

"မနက်ဖြန်ကျရင် မင်း ပျော်ပါလိမ့်မယ်"

ဆရာတော်ဘုရားကြီးက ဤသို့ မိန့်တော်မူကာ စက္ကူစာရွက်တွင် 'ဝ'လုံးများ ရေးပြီးနောက် ပြတင်းပေါက်မှ အပြင်ဘက်သို့ ပစ်ချလိုက်လေသည်။ နောက်တစ်နေ့သို့ ရောက်သောအခါ အနီးအနားရှိ ရွာပေါင်းများစွာမှ လူများ အတီးအမှုတ် အကအခုန်များဖြင့် ကျောင်းသို့ ဆွမ်းပို့လာကြသည်။ ခြောက်နေသော ကျောင်းတွင် စည်ကားသွားကာ စားစရာမျိုးစုံ ဟင်းမျိုးစုံတို့ဖြင့် စုပုံလျက် ရှိတော့သည်။

ဆရာတော်ဘုရားကြီးသည် ဆွမ်းအာဟာရ မမှီဝဲဘဲ ငှက်ပျောသီးတစ်လုံးနှင့် ပျားရည်အနည်းငယ်ကိုသာ မှီဝဲလာခဲ့သည်မှာ ကြာပေပြီ။ သို့ရာတွင် အထက် ဆရာတော်ဘုရားကြီးမှ "သင့်မှာ သာသနာပြုရန် တာဝန်က ရှိနေသေးသည်" ဟု မိန့်တော်မူသဖြင့် ဆွမ်းမစားဘဲ နေခြင်းကို ရပ်စဲ၍ ဆွမ်းပြန်စားကာ သာသနာပြုရန် အမိန့်ရှိသဖြင့် ဆွမ်းအာဟာရကို ပြန်လည် မှီဝဲနေရလေသည်။

ဆရာတော်ဘုရားကြီးသည် ဆွမ်းခံကြွတော်မူလေ့ မရှိပေ။ တစ်ခါက ကြို့ပင်ကောက်မြို့မြောက်ဘက် ခုနစ်ရွာတွင် နေစဉ်က နောက်ပါသံဃာများဖြင့် ဆွမ်းခံကြွတော်မူသည်။ ထိုသို့ ဆရာတော်ဘုရားကြီး ဆွမ်းခံကြွနေစဉ် အိမ်တစ်အိမ်ထဲမှ ဝက်ကြီးတစ်ကောင်သည် ခြံထဲမှ ထွက်လာပြီး ဆရာတော်ဘုရား သင်္ကန်းစကို ကိုက်ကာ လိုက်ပါလာခဲ့၏။ ဝက်ကြီးမှာ သတ်မည့်သူများကို ရောင်းချထားပြီး ဖြစ်၏။ ညနေတွင် ဝက်သတ်သူများ လာရောက်ယူကြပေတော့မည်။ ထိုဝက်ကြီးကို သုခဟု အမည်ပေးကာ တရားနာရန် အမိန့်ပေးခေါ်ယူပါက ခေါင်းစိုက်ပြီး တရားနာသည်။ တရားနာပြီးသောအခါ ဤဝက်ကြီး သုခကို ဘေးမဲ့ပေးမည်။ အလှူငွေများ ထည့်ဝင်ကြပါဟု မိန့်တော်မူရာ ဒကာ ဒကာမများက စုပေါင်းထည့်ဝင်ကြရာ ငွေ (၁၆၀) ကျပ် ရရှိ၏။ ထိုငွေကို ဝက်ပိုင်ရှင်အား ပေးလိုက်၏။ ဤသို့ဖြင့် ဝက်ကြီးသည် ဆရာတော်ဘုရားကြီး ပြည်မြို့သို့ ပြန်လည်ကြွတော်မူသောအခါ ပါလာခဲ့လေသည်။ ဝက်ကြီးသည် ပြောသမျှ စကားများကို နားလည်နေပုံရလေသည်။

တစ်နေ့တွင် သီလရှင်ဆရာကြီးများက “ဟဲ့–သုခ၊ နင်ဟာ အစားပဲ စားဖော်ရတယ်၊ ဘာမှ ကူညီလုပ်ဖော်မရဘူး” ဟု ပြောလိုက်ကြလေသည်။ နောက်တစ်နေ့တွင် ဝက်ကြီးသုခသည် ကျောင်းပြင်ဘက် တောထဲသို့ သွားပြီး ထင်းများကို ကိုက်ချီလာကာ ဇရပ်အနီးတွင် စုပုံ၍ ထားလေသည်။ ထင်းပုံကြီးမှာ တစ်စတစ်စ ကြီးထွား၍ လာလေ၏။ ဤတွင် သီလရှင်ဆရာကြီးများမှာ သူတို့ပြောမိသည်ကို စိတ်မကောင်းဖြစ်ကြရတော့သည်။

ဆရာတော်ဘုရားကြီးသည် ဒကာ၊ ဒကာမများအား တရားဓမ္မ ဟောပြ ဆိုဆုံးမရုံမျှမက သံဝေဂ လင်္ကာများနှင့် ဆုံးမတော်မူလေသည်။

## ယောဂီပုဂ္ဂိုလ်များ သိရှိဆင်ခြင်ရန် သတိသံဝေဂ လင်္ကာ

၁။ နေဝင်ကာနီး ခရီးသည်တွေ
ဘာဆီဌာန နေကြမှာလေ
အချိန်ရှိခိုက် ရှာလိုက်ပါလေ
နေဝင်က ဒုက္ခပင်လယ်ဝေ။

၂။ သေမှာမုချ ဖြစ်ကြလေပြီ။
မသေခင်က သင် တွေးချိန်မှီ
သေမည့်ဆဲဆဲ မကွဲလိုအပ်ပြီ
မြတ်တရား၊ သင် ပွားချိန်တန်ပြီ။

၃။ နေ့စဉ်အားထုတ် ပြုလုပ်ရာတွင်
အားလပ်သည့်နေ့ တစ်နေ့မမြင်
စားဝတ်နေရေး ရှုပ်ထွေးစုံလင်
ဒီဒုက္ခ ကြီးလှ လူတို့တွင်။

၄။ သားသမီးအတွက် နေ့ရက်ချိန်ကုန်
မအားနိုင်ဘဲ ငါရဲ့ဖြစ်ပုံ

ရှေးရှေးဘဝ ပြုကြဖုံဖုံ
ခုတိုင်လည်း အားရက် ဘယ်မကြုံ။

၅။ ကမ္ဘာမီးထက် ပူချက်ပြင်းထန်
ဘယ်မီးတွေလည်း ဉာဏ်နဲ့ဝေဖန်
ကိလေသာမီး ထိန်ငြီးဝေလျှံ
ဘဝတိုင်း မဆိုင်းလောင်နေပြန်။

၆။ ဒုက္ခ ဒုက္ခ နှုတ်က ဆိုတာ
မျက်ရည်သုတ်ရ ရုပ်က လွန်နာ
ခွေယိုင်ပျော့လို့ အားလျော့နေတာ
ဘယ်သူလည်း မှတ်စွဲ ကိလေသာ။

၇။ ဆယ်ကွေ့ထပ်ထပ် တင်းကြပ်ချည်ပြန်
တုပ်လား၊ ချုပ်လား လှုပ်အားမသန်
သံယောဇဉ်တဲ့ သိကွယ့်အမှန်
ဘဝပေါင်း ကြာညောင်းလေအောင်ဖန်။

၈။ အဲဒီလိုနဲ့ သေခဲ့တာတွေ
တွက်လို့မရ ဘဝ အသချေ
ခု–ဘယ်လိုပ သေကြမယ်လေ
ဆုံးဖြတ်စမ်း သင် လမ်းဖြောင့်အောင်လေ။

၉။ ယီးတီးယားတား သေသွားရင်လေ
အထုပ်ငယ်လေး ပူရေးထွေထွေ
သွားရာစခန်း ပင်ပန်းမယ်လေ၊
ယခုက ပြုကြ ကုသိုလ်တွေ။

ဤကား ဆရာတော်ဘုရားကြီး ဆိုဆုံးမတော်မူသော သတိသံဝေဂ လင်္ကာထဲမှ တချို့တစ်ဝက်သာ ဖြစ်ပေ၏။

စပယ်ဦးစာပေ

ဆရာတော်ဘုရားကြီး ဆုံးမစာ လင်္ကာများသည် နှလုံးသားတွင်းသို့ ရိုက်သွင်းသည့်နှယ် ပီပြင်လှပေ၏။

လူတိုင်းလိုက်နာနိုင်ပါလျှင် အပယ်လွတ်ကြောင်း သံဝေဂ လင်္ကာပင် ဖြစ်ပေတော့သည်။

မှတ်ချက်။ ။ပြည်မြို့ ရတနာမာန်အောင် ဆရာတော်ဘုရားကြီးသည် 'ရွှေဗျိုင်းနား ဆရာတော်' ဟုလည်း နာမည်တော်ကျော်ကြား၏။

# အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက
# တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး
# ဦးဥတ္တမသာရ

တောင်တန်းသာသနာပြု ဦးဥတ္တမသာရ ဆရာတော်ဘုရားကြီးကို ရွှေဘို ခရိုင်၊ ဒီပဲရင်းမြို့နယ်၊ ငွေတွင်းကုန်းရွာတွင် ဦးဘိုးညို–ဒေါ်သေးတို့မှ ၁၂၇၂– ခုနှစ်၊ ပြာသိုလတွင် ဖွားမြင်တော်မူခဲ့သည်။ သားသမီး ခြောက်ယောက်တွင် အငယ်ဆုံးဖြစ်၏။

အသက် (၆) နှစ်သား အရွယ်တွင် ငွေတွင်းကုန်းရွာ ဆရာတော် ဦးဝါယမ၏ ကျောင်းတွင် ပညာသင်ကြားခဲ့၏။ အသက် (၁၂) နှစ်အရွယ်တွင် မိဘတို့က ကိုရင်ဝတ် (ရှင်ပြု) ပေးခဲ့၏။ အသက် (၁၉) နှစ် ကျော်၍ နှစ်ဆယ်တွင်းသို့ ရောက်လျှင် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော် မူလေသည်။

အသက် (၂၂) နှစ် အရွယ်တွင် မန္တလေးမြို့၌ စာသင်သားအဖြစ် နေတော်မူစဉ် စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့၏။

၁၂၉၇–ခုနှစ်မှစ၍ မန္တလေးမြို့မှ တောင်တန်းများသို့ ခရီးထွက်ခွာခဲ့ လေသည်။ ပထမဆုံး ရခိုင်ရိုးမကြီးကို ခြေလျင် ဖြတ်ကျော်ခဲ့ရာ အောင်မြင်

F-13

ခဲ့၏။ တောင်တန်းများကို ကျော်၍ အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ရာ ဘုရားရှင် ပွင့်တော်မူသော ဗုဒ္ဓဂါယာ၊ ရာဇဂြိုဟ်၊ နာလန္ဒတက္ကသိုလ်၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သာဝတ္ထိ၊ ဇေတဝန်ကျောင်းတော်ရာနှင့် လုမ္ဗဏီဥယျာဉ် စသော မြတ်စွာဘုရားရှင်နှင့် ဆက်စပ်သော နေရာဌာနများသို့ လေ့လာရန် ရောက်ရှိခဲ့လေသည်။

ထိုမှ မုံရွာမြို့ ရွှေသိမ်တော်ကျောင်းသို့ ရောက်ရှိပြီး စာပေပရိယတ္တိများကို လေးနှစ်ခန့် သင်ကြားခဲ့ကာ စစ်ကိုင်းတောင် မဟာသမယချောင်တွင်လည်း (၁၂) နှစ်ကျော်မျှ နေ့ဝါ ညဝါ စာများကို သင်ကြားခဲ့ရ၏။ မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက်၊ ရတနာပုံ ပရိယတ္တိကျောင်းကြီးတွင်လည်း လေးနှစ်ကျော်မျှ ပညာဆည်းပူးခဲ့၏။ ပခုက္ကူမြို့တွင် စာသင်သားဘဝနှင့် နေတော်မူစဉ်က ချင်းတောင်တန်းပေါ်သို့ ခရီးလှည့်လည်၍ တောင်တန်း သာသနာပြုလုပ်ငန်းများကို စတင်လုပ်ကိုင်တော်မူခဲ့လေသည်။

စစ်ကြိုခေတ်တွင် အမရပူရမြို့ တူမောင်းကျောင်းတိုက်တွင် ပြောင်းရွှေ့ နေထိုင်၍ တူမောင်းနှင့် မင်္ဂလာတိုက်ဟောင်းမှ တိုက်အုပ်ဆရာတော်များထံ၌ ပဋ္ဌာန်းညဝါကျမ်းကို တစ်နှစ်ကျော်မျှ သင်ယူခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီးစသည်နှင့် စာသင်ခြင်းကိစ္စများ ပြီးဆုံးကာ ဇာတိ ရပ်ရွာတွင် ခေတ္တနေထိုင်ခဲ့၏။ စစ်ပြီးကာလတွင်မူ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဥဩခြံ ဝါဆိုကျောင်းနှင့် လှိုင်မြစ်ကမ်း အောင်ချမ်းသာကျောင်းတွင် နေထိုင်ကာ ရဟန်းသာမဏေများအား စာချပေးခြင်းဖြင့် သာသနာ့အကျိုးကို ဆောင်ရွက်တော် မူလေသည်။ စာနယ်ဇင်းများတွင်လည်း ဆောင်းပါးများ ရေးသားခဲ့၏။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးချိန်မှစ၍ တောင်တန်းများသို့ သာသနာပြု ခရီးထွက်ခဲ့ရာ ချင်းတောင်၊ နာဂတောင်၊ ကချင်တောင်တန်းများသို့ ရောက်ရှိ သာသနာပြုခဲ့၏။

ဆရာတော်သည် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော အိန္ဒိယနိုင်ငံအတွင်းရှိ မဏိပူရနှင့် အာသံပြည်တို့ကိုလည်း မကြာခဏ ခရီးထွက်ခဲ့၏။ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်နီးပါးမှ စ၍ ချင်းတောင်၊ ဖလမ်းမြို့အနီး ခင်္ဂန် တောင်ကြီးပေါ်တွင် ဂေါ်ရခါးဒကာများ ဆောက်လုပ်လှူဒါန်းသော တောရ

ကျောင်းသခ်မ်းတွင် နေထိုင်တော်မူသည်။ ထိုသို့ နေထိုင်နေစဉ်အတွင်း နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကြာမှ မြေပြန့်သို့ တစ်ခေါက်သာ ဆင်းခဲ့၏။ ဆွစ်ဇာလန်နိုင်ငံမှ ဒကာ၊ ဒကာမများက ပင့်လျှောက်သဖြင့် ဆရာတော်သည် ဥရောပသို့ ကြွရောက်ရပြန်လေသည်။

ဆရာတော် အနောက်နိုင်ငံများသို့ ကြွရောက်ရာတွင် ရည်ရွယ်ချက်က ဘာလဲဟူသော မေးခွန်းများ ပေါ်ထွက်လာခဲ့၏။ ထိုအခါ ဆရာတော်က တတိယကမ္ဘာစစ်ကြီးကို တားဆီးရန်ဟူ၍ မိန့်ကြားတော်မူခဲ့၏။ ဆရာတော်သည် တတိယကမ္ဘာစစ်ကြီး မဖြစ်ပွားရန် မေတ္တာပြန့်ပွားပြီး တားဆီးနေသည်မှာ နှစ်ပေါင်းနှစ်ဆယ်ပင် ကျော်ပြီဟု သိရ၏။ အနောက်နိုင်ငံများတွင် နေထိုင်စဉ် အတွင်း တရားဟောကြားခြင်းနှင့် ဘေးကင်း ရန်ကင်းဖြစ်အောင် ပရိတ်ရွတ်ခြင်းလည်း ပါဝင်လေသည်။

ဆရာတော်သည် ချင်းတောင်ပေါ်တွင် တောရဆောက်တည်စဉ် သူတော်ကောင်းများ၏ ထုံးကို နှလုံးမူကာ မည်သူတစ်ဦးတစ်ယောက်ထံကမှ အလှူခံခြင်း မရှိဘဲ ရသမျှဖြင့်သာ တင်းတိမ်ရောင့်ရဲတော်မူသည်။ တောင်ပေါ်သားတို့ကို စာသင်ပေးခြင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးမကျန် ညွှန်ကြားပြသပေးတော်မူသည်။

မကြာလှသေးသော နှစ်များတွင်မူ ဆရာတော်သည် သီတင်းသုံးဖော် သီတင်းသုံးဖက်များက ပင့်ဖိတ်သဖြင့် မြေပြန့်သို့ ကြွတော်မူလေသည်။ မီးဘေး၊ လေမုန်တိုင်းဘေး၊ မိုးခေါင်ဘေး၊ ဝမ်းရောဂါစသော ကပ်ရောဂါဘေးများ အတွက် ကူညီရန် ပင့်လျှောက်ကြသောကြောင့် ကြွတော်မူခြင်းဖြစ်၏။

ဆရာတော်သည် ပင့်လျှောက်စာများအရ ချင်းတွင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများ၊ မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ် စသည့်မြို့ရွာများသို့ ကြွကာ ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူလေသည်။ ပရိတ်ရွတ်ပြီး ညတရားပွဲများလည်း ဟောကြားတော်မူလေသည်။ ပရိတ်ရွတ်ပြီးသောအခါတိုင်း တွင်လည်း ပရိတ်ရေအိုးများ ဆူပွက်သည်ကို နေရာတိုင်းမှာ တွေ့ကြရ၏။

ဆရာတော်သည် တောင်တန်းသာသနာပြုစဉ် တစ်တောဝင်၊ တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့် လှည့်လည်နေခဲ့ရာ ငှက်ဖျားရောဂါ စွဲကပ်လာသဖြင့် ခရီးသွားနေရင်းမှပင် သစ်ပင်ကြီးတစ်ပင်ကို မှီကာ ဆေးတစ်ပြားသောက်ပြီး သင်္ကန်းကို ခေါင်းမှ ခြုံကာ ခေတ္တနားနေလိုက်၏။ အဖျားကျသွားသည်နှင့် တောင်ဝှေးကို အားပြုကာ ခရီးဆက်ပြန်လေတော့သည်။ ဆွမ်းအာဟာရအတွက်မူ ကန်စွန်းဥတစ်လုံး၊ ပြောင်းဖူးတစ်ဖူးဖြင့် ပြီးခဲ့ရသည်သာ များပေသည်။ နှစ်ကြာကြာ မြေပြန့်သို့ မဆင်းနိုင်သောအခါ သင်္ကန်းများ စုတ်ပြတ်ဟောင်းနွမ်းကုန်သဖြင့် သင်္ကန်းဝတ်စရာပင် မရှိတော့ပေ။ ထိုအခါ ခြင်ထောင်များကို လှီးဖြတ်ချုပ်စပ်ကာ သစ်ခေါက်ဆိုးဝတ်ရုံခဲ့ရ၏။

တစ်ချိန်က ဆရာတော်ဘုရားကြီးသည် ဆွစ်ဇာလန်နိုင်ငံသို့ ကြွရန် ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိလာလေသည်။ ဗီဇာ ပတ်စပို့ကိစ္စများ မပြီးသေးမီ ရန်ကုန်မြို့ ရပ်ကွက်အသီးသီးတွင် ပရိတ်ရွတ်ခြင်း၊ တရားဟောခြင်းများ ပြုလုပ်ခဲ့ရ၏။ ပရိတ်ရွတ်ပြီးသည်နှင့် ပရိတ်ရေအိုးများ ဆူပွက်နေသည်မှာ နေရာတိုင်းတွင် ဖြစ်၏။ ပရိတ်တော်၏ တန်ခိုးကြောင့် မီးလောင်မှုများလည်း မရှိသလောက်ဖြစ်ကာ မီးသတ်ခေါင်းလောင်းသံပင် မကြားရသလောက် ဖြစ်တော့၏။

## သတ္တဝါတို့၏ သံသရာ

ချင်းတောင်ပေါ်ရှိ ဆရာတော်ဘုရားကြီး၏ ကျောင်းတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော ချင်းအဘိုးကြီး တွမ်မှုန်သည် ဆရာတော်ဘုရားကြီး ခရီးထွက်နေစဉ် ကွယ်လွန်သွားခဲ့လေသည်။ ဆရာတော်ကြီး ခရီးထွက်ခါနီး သူ့ရွာသို့ ကိုယ်တော်တိုင် လိုက်ပို့ခဲ့သေးသည်။

တွမ်မှုန် ကွယ်လွန်ပြီး နှစ်နှစ်ခန့်အကြာ ဘုန်းကြီးကျောင်းအနီးမှာ ငှက်ကလေးတစ်ကောင်ကို တွေ့ရတယ်။ ငှက်ကလေးက ဘုန်းကြီးကို ချစ်ခင်တဲ့ အမူအရာနဲ့ အနီးကို ရောက်လာတတ်တယ်။ ဘုန်းကြီးက "နင်

တွမ်မှုန် မဟုတ်လား"လို့ မေးလျှင် "ကျိကျော်–ကျိကျော်–" လို့ အသံပြုပြီး ခုန်ဆွ ခုန်ဆွနဲ့ ရင်းနှီးတဲ့ အမူအရာများကို ပြတယ်။

တစ်ခါတစ်ရံ "ဘိုးတွမ်မှုန်ရေ–လာတော့"လို့ ဘုန်းကြီးက အသံပြုလျှင် ငှက်ကလေးဟာ ချက်ချင်းပဲ ရောက်လာတတ်တယ်။ ဘုန်းကြီး စမ်းချောင်းတွင်းသို့ ရေဆင်းချိုးနေချိန်မှာလည်း မပြီးမချင်း စောင့်နေတတ်တယ်။

ဘုန်းကြီးကို မြင်လျှင်လည်း ဝမ်းသာအားရဖြစ်ကာ သစ်ကိုင်းပေါ်မှာ နားပြီး ငှက်ဘာသာနဲ့ စကားပြောနေတတ်တယ်။ ငှက်ဘဝမှာ အကြိမ်ကြိမ်တွေ့ရပြီး နောက်တစ်ဘဝမှာတော့ ကင်းခြေများ ဘဝနဲ့ ဘုန်းကြီးထံကို ရောက်လာပြန်တယ်။ တစ်ညတော့ စာရေးစားပွဲမှာ ဘုန်းကြီး စာရေးနေခိုက် လက်သန်းလုံးလောက်ရှိတဲ့ ကင်းခြေများတစ်ကောင်ကို တွေ့ရပြန်တယ်။

"ဟဲ့–နင် တွမ်မှုန် မဟုတ်လား၊ နင် ကင်းခြေများ ဖြစ်ရပြန်ပြီ၊ နင့်ဘဝကလဲ ဒုက္ခပါပဲ၊ ငါနဲ့ တွေ့ချင်လို့လာတာ မဟုတ်လား၊ ကဲ– ငါ့နောက်လိုက်ခဲ့" ဆိုပြီး တံခါးပေါက်ဆီ ခေါ်လာခဲ့တယ်။ တံခါးပေါက်မှ အပြင်ကို ထုတ်ပြီး–

"နောက်–မလာနဲ့တော့နော်၊ ကောင်းရာဘဝရောက်ပါစေ"လို့ အဲသလို ပြောပြီး အပြင်ကို ထုတ်လိုက်တယ်။ ကင်းခြေများဘဝနဲ့တော့ မလာတော့ပါဘူး၊ တစ်ဖြစ်လဲပြီး မြွေဘဝနဲ့ ရောက်လာပြန်တော့တယ်။

တစ်နေ့သော ဆောင်းရာသီမှာ ခြုံထားသည့် စောင်များကို ကျောင်းရဲ့ အရှေ့ဘက် ပျဉ်ပြားပေါ်မှာ တင်ပြီး လှမ်းထားခဲ့ရာ စောင်ရုပ်ဖို့ သွားတဲ့အခါ မြွေငယ်ကလေးတစ်ကောင် စောင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပုံကို တွေ့ရတော့– "ဧကန္တ တွမ်မှုန်တစ်ယောက် မြွေဘဝရောက်ပြန်ပြီနဲ့တူတယ်"

"ဟဲ့–တွမ်မှုန်၊ နင် မြွေဘဝ ဖြစ်လာပြန်ပြီ၊ စောင်ပေါ်မှာ မအိပ်နဲ့ ဆင်း" လို့ ပြောလိုက်တော့ ဆင်းသွားတယ်။ ဒါပေမယ့် ဝေးရာကို သွားလိုပုံမရဘူး၊ ပျဉ်ပြားအောက်ကနေ ခင်မင်မှုကြီးစွာနဲ့ ကြည့်နေပုံကို သတိပြုလိုက်မိတယ်"

ဘဝခြားတာတောင် သံယောဇဉ်က ကြီးမားနေဆဲမို့ နောက်တစ်ခါလည်း မြွေအဖြစ်နဲ့ ပုံသဏ္ဌာန်ပြောင်းကာ အနီရောင်၊ အဝါရောင်နဲ့ တစ်ခါလာပြန်တယ်။ တၢဘဝခြားတိုင်း တစ်ကြိမ်ကျ ဘုန်းကြီးထံလာပြီး နှုတ်ဆက်လေ့ရှိတယ်။ သူလာလျှင် ဘုန်းကြီးမြင်သာအောင် ဘုန်းကြီးကျောင်းရှေ့ တံခါးမရှေ့တည့်တည့်က စောင့်နေပုံကလည်း ထူးခြားတယ်။ တစ်ခါတစ်ရံ ကျောင်းထဲဝင်ချင်ဟန်ပြလို့ တောင်ဝှေးနဲ့ ဆီးတားတဲ့အခါ လွယ်လွယ်ပဲ တခြားနေရာကို ထွက်သွားတတ်ပါတယ်။ သံယောဇဉ်ကြီးသော်လည်း သူ့ရဲ့ ဘဝအကျိုးပေးညံ့ပုံကို သနားမိတယ်။ သူ့ကံနဲ့ သူ့အကျိုးပေးပုံကိုလဲ မတတ်နိုင်တော့ဘူးပေါ့။ ဒီလိုပဲ ကြည့်နေရတော့တယ်။ တစ်ကြိမ်မှာလည်း ဘုန်းကြီးကျောင်းရှေ့ ထွက်ပေါက်အနီးက ရေအိုးစဉ်အောက်မှာ မြွေငယ် သုံးကောင် ထူးခြားစွာ ရောက်လာပြီး ဘုန်းကြီးကို တွေ့ချင်လို့ စောင့်နေပုံလက္ခဏာကို တွေ့မြင်ရပြန်တယ်။

"ဟဲ့–တွမ်မှုန်၊ နင်တို့ လာကြပြန်ပြီလား၊ နင်ငို့က မြွေမျိုးတွေဖြစ်တော့ ငါနဲ့ သံယောဇဉ်တွယ်လို့ မဖြစ်တော့ဘူး၊ သွားကြတော့"

အဲသလို ပြောပေမယ့် သိပ်သွားချင်ကြပုံ မရဘူး။ ပေကပ်ကပ် လုပ်နေကြတယ်။ နောက်တော့ တုတ်ချောင်းကလေးနဲ့ တွန်းပြီး နှင်ရတယ်။ မြွေသုံးကောင်မှာ နှစ်ကောင်က မြွေငယ်များဖြစ်ပြီး သားသမီးများ ဖြစ်ပုံရတယ်။ တစ်ကောင်က အကြီး၊ မိခင် မြွေမဖြစ်လိမ့်မယ်လို့ ခန့်မှန်းရတယ်။ ညကျတော့ 'မြွေမ' လို့ ခန့်မှန်းရတဲ့ အကြီးကောင်က ဘုန်းကြီးနဲ့ တွေ့ချင် မြင်ချင်တဲ့ သဘောနဲ့ တံခါးပေါက်ရဲ့ ရှေ့တည့်တည့်မှာ စောင့်နေပုံ ထူးထူးခြားခြား တွေ့ရပြန်တယ်။ ဘုန်းကြီးနဲ့ နီးကပ်စွာ မတွေ့ရလို့ ပြန်လာတယ်လို့ တွေးမိတယ်။ တွမ်မှုန်ဟာ 'မြွေမ' ဖြစ်လာခဲ့ဟန် တူတယ်။ နောက်လည်း သူတို့ မလာကြတော့ဘူး။

အဲဒါတွေကို မျက်မြင်ကိုယ်တွေ့ တွေ့ရတော့ သူတို့လည်း ဘဝသံသရာထဲ မျောနေရှာကြတယ်။ ငါလည်း ဘဝသံသရာထဲ မျောနေရဆဲပါလားလို့ သတိသံဝေဂ ရမိတယ်။

## မေတ္တာအကျိုး

ဘုန်းကြီး မည်သည့်အရပ်ဒေသသို့ သွားသည်ဖြစ်စေ၊ သွားမည့်ခရီးစဉ်တစ်လျှောက် ဘေးရန်ကင်းရှင်းစေရန် မေတ္တာပို့လွှတ်ပြီးမှ ခရီးသွားလေ့ရှိတယ်။ မေတ္တာပြန့်ပွားတာကတော့ ဘုန်းကြီးရဲ့ ပုံမှန်လက်သုံး ကျင့်စဉ်ဖြစ်တယ်။ ဘုန်းကြီး နှစ်ပေါင်း ငါးဆယ်အတွင်း တောကြီး တောင်ကြီးအတွင်း ခရီးမျိုးစုံ သွားလာတိုင်း မည်သို့သော သားရဲတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ မုန်းတီးခြင်း၊ ရန်ရှာခြင်းကို မတွေ့ရဖူးပါ။ အဲဒါ မေတ္တာတရားရဲ့ အကျိုးဖြစ်ပါတယ်။ တစ်ခါတစ်ရံ ညဥ့်နက်သန်းခေါင်အချိန် တောအုပ်ကြီးအတွင်း မှောင်မိုက်ကြီးထဲမှာ ခရီးသွားခဲ့ရဖူးတယ်။ လက်နှိပ်မီးလည်း မပါ၊ တောင်ဝှေးကို အဖော်ပြုပြီး ကမ်းမမြင် လမ်းမမြင် ချောက်ကြို ချောက်ကြား မမြင်ရသော ကမ်းပါးစွန်းတွေကို စမ်းရမ်းသွားခဲ့ရဖူးတယ်၊ အဲဒါလည်း အကြိမ်ကြိမ်ပါပဲ။

တောကြီး တောင်ကြီးအတွင်း ကျားတွေ၊ ကျားသစ်တွေ၊ ဝံပုလွေတွေ၊ တောခွေးဆိုးတွေ အလွန်ပေါတယ်။ သေနတ်ထမ်းပြီး သွားလာနေကြတဲ့ ချင်းလူမျိုးတွေဟာ နေ့ခင်းကြောင်တောင်မှာပင် ကျားများ၊ ဝက်ဝံများနှင့် မကြာခဏ ရင်ဆိုင်ကြုံတွေ့ရလေ့ ရှိတယ်။ ဘုန်းကြီးတော့ တစ်ကြိမ်တစ်ခါမျှ မကြုံဘူးပါ။ တွေးဆကြည့်လျှင် ကျားသစ်တွေ၊ တောခွေးတွေ၊ ဝံပုလွေစတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ ဘုန်းကြီး သွားနေတာ တွေ့ကြ မြင်ကြမှာပါပဲ။ သနားချစ်ခင်စိတ်ဝင်ပြီး အလိုက်သိစွာ ရှောင်ရှားပေးကြတယ်လို့ ဘုန်းကြီး မြင်တယ်။ တောကြီး တောင်ကြီးအတွင်း ကျားကြီး၊ ကျားငယ်၊ ဝံပုလွေ၊ စပါးကြီးမြွေ စသည်တို့လည်း ရှိကြတယ်။ မြေခွေး၊ တောခွေးတွေကလည်း ပေါများတယ်။ ဘုန်းကြီးရဲ့ကျောင်းနဲ့ တစ်ဆက်တည်း အနောက်ဘက်က တောထဲမှာပဲ ကျားအကောင်နှစ်ဆယ်ကျော် ရှိနေတယ်။ ဘယ်သားရဲတိရစ္ဆာန်ကမှ အနှောင့်အယှက် မပေးတာဟာ ဘုန်းကြီးရွတ်ဆိုနေတဲ့ ပရိတ်တန်ခိုးတော်ကြောင့်ဖြစ်ရမယ်လို့ အမှန်ယုံကြည်တယ်။

စပယ်ဦးစာပေ

ထူးခြားချက်ကို ပြောရရင် တောရိုင်းတိရစ္ဆာန်တွေရဲ့ စိတ်နေသဘာဝဟာ သစ္စာစောင့်စည်းလေ့ ရှိကြတယ်။ သူတို့အပေါ်မှာ မေတ္တာထားရင် ရန်မူလေ့ မရှိကြပါ။ တောတောင်စောင့်နတ်၊ ဘီလူး၊ ယက္ခများကလည်း ဘုန်းကြီးရဲ့ မေတ္တာပို့ လွှတ်ထားမှုကြောင့် ပြန်လည်စောင့်ရှောက်မှု ပေးကြပါလိမ့်မယ်။ မေတ္တာအကျိုးကတော့ နတ်များက ချစ်ခင်ခြင်း၊ ဘီလူးများက စောင့်ရှောက်ခြင်းဆိုတာ သေချာပါတယ်။

ထူးခြားတာ တစ်ခုပြောရရင် ဘုန်းကြီးကို ပျားမတုပ်ပါ။ လွန်ခဲ့တဲ့ နှစ်တွေက အခု ဘုန်းကြီးနေတဲ့ တောရကျောင်းအနီးအပါး ချောက်ကမ်းပါးတွေမှာ လည်းဘီးလောက်ရှိတဲ့ ပျားအုံကြီးတွေ နှစ်စဉ်လိုလို စွဲကြ၊ အုံကြတယ်။ အကောင်ကြီးသော ပျားမျိုးဖြစ်ပြီး သူတို့တုပ်မိလျှင် မသက်သာပါ။ ဖျားတဲ့အထိ အဆိပ်ပျင်းတယ်၊ လူလည်း သေနိုင်တယ်။ အစိုးရ ခြံက ချင်းလူမျိုး အလုပ်သမားတွေဟာ တောင်ကမ်းပါးသို့ တက်ရောက်ကာ မြက်ခြောက်များကို မီးရှို့ပြီး ပျားအုံကြီးများကို ယူဖို့ကြိုးစားကြတယ်။ သူတို့ကိုယ်တိုင်ကတော့ တောင်ကမ်းပါးတစ်နေရာမှာ ခြင်ထောင်တွေ ထောင်ပြီး ခြင်ထောင်ထဲမှာ နေကြတယ်။ ပျားတွေက မီးခိုးမွှန်တော့ စိတ်ဆိုးပြီး အုံကြွကာ ပတ်ဝန်းကျင် ရှုပ်ယှက်ခတ် ပျံသန်းကြတယ်။ တွေ့ရာ၊ မြင်ရာကို အားလုံးကို တုပ်တယ်။ လူများ၊ နွားများ၊ ဆိတ်များက အစ ခွေးပါ မကျန် ဒေါသတကြီး လိုက်တုပ်တယ်။ အတုပ်ခံရသူတိုင်း ဟိုပြေး သည်ပြေး ဖြစ်ကြရတယ်။ နွားတွေဆိုရင် ယောက်ယက်ခတ် ပြေးလွှားနေကြရရှာတယ်။ နွားလည်း မခံနိုင်ဘူး၊ အတုပ်ခံရတဲ့ လူတွေဟာ ဆူညံနေတယ်။ တချို့လည်း ဆေးရုံပို့ရတယ်။

ဘုန်းကြီးကိုတော့ ဘယ်ပျားကောင်ကမှ မတုပ်ပါ။ ပျားမတုပ်ရုံသာမက ခွေးလည်း မကိုက်ပါ။ ဘုန်းကြီးရဲ့ ကျောင်းမှာ သစ်ပင်များ ရှိသော်လည်း မီးမလောင်ပါ။ ပျားကောင်တွေ ရှုပ်ယှက်ခတ် ပျံသန်းနေတဲ့ အောက်မှာ ဘုန်းကြီးနေပေမယ့် ဘုန်းကြီးကို ပျားမတုပ်ပါ။ ဘုန်းကြီးရဲ့ကျောင်းဟာ ပေခုနစ်ထောင်ကျော်မြင့်တဲ့ တောင်ပေါ်မှာဖြစ်လို့ နွေရာသီမှာဆိုရင် တောမီးတွေ အကြီးအကျယ် လောင်တတ်တယ်။ အရှိန်အဟုန်ပြင်းစွာနဲ့ လောင်နေတဲ့

တောမီးဟာ ဘုန်းကြီးရဲ့ ကျောင်းစည်းရိုးခြံအနီးရောက်လျှင် အလိုလို ငြိမ်းသွားရတယ်။ သဘာဝအတိုင်းဆိုလျှင် ကျောင်းဟာ တောကြီးနဲ့ တစ်ဆက်တည်း ရှိနေတဲ့အတွက် မီးအတွက် စိတ်မချရဘူး။ ဒါပေမယ့် ဘယ်လောက်ပဲ အရှိန်ပြင်းပြင်း လောင်သည်ဖြစ်စေ၊ ကျောင်းဝင်းအနီး ရောက်တာနဲ့ မီးဟာ သူ့အလိုလို ငြိမ်းသွားတော့သည်။

လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်လောက်က ယခုနေထိုင်ရာ ကျောင်းမှာ သုံးနှစ်မြောက်တဲ့အခါ တောင်ကြီးပေါ်မှာ နေတဲ့ တောင်စောင့်နတ်ကြီးဟာ ညချမ်းအခါမှာ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဘုန်းကြီးထံ (၆) ကြိမ် လာဖူးတယ်။ အခြားအရပ်ဒေသကို မကြွပါနဲ့လို့လည်း လျှောက်ထားတောင်းပန်တယ်။ သူ အမြဲ စောင့်ရှောက်နေပါတယ်လို့လည်း ဝန်ခံစကား ပြောသွားသေးတယ်"

ဤကား တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ မိန့်ကြားချက် ဖြစ်ပေ၏။

ဆရာ ဦးကျော်ထင်

ဘာသာရေးစာမူကြိုတင်ခွင့်ပြုချက်အမှတ် (၄၆၂/၂၀၀၃) (၇)

ရဟန္တာဆရာတော်ဘုရားကြီးများဟုပင်
ခေါ်ဝေါ်သမုတ်ခဲ့ကြသည့်...
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးညှင်းဆရာတော်ဘုရားကြီး
တောင်ပုလုဆရာတော်ဘုရားကြီး
မဟာစည်ဆရာတော်ဘုရားကြီး
ဝေဘူဆရာတော်ဘုရားကြီး
ရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး
ညောင်လွန့်တောရဆရာတော်ဘုရားကြီး
စွန်းလွန်းဆရာတော်ဘုရားကြီး
တော်ကူးဆရာတော်ဘုရားကြီး

# သာသနာတော်၌ ထင်ရှားသော
# ဆရာတော်ဘုရားကြီး (၉)ပါး

ဆေရှုပ္ပဘိုနှင့် ဒိပ သာသနာရှည်း

## ဆရာဦးကျော်ထင် ပြုစုသည်။

ဆရာတော်ဘုရားကြီး (၉)ပါး၊ ရုပ်ပုံတော်များနှင့်အတူ
ထွက်ပါပြီ။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊
ရန်ကုန်မြို့။ (ဖုန်း-၂၈၀၂၁၄)

တစ်အုပ် ၇၀၀ိ

စာမူခွင့်ပြုချက် အမှတ် (၇၅/၂၀၀၂) (၂)

မြန်မာ ဆရာဝန်မကလေးတစ်ဦး၏ ရင်နင့်ကြေကွဲဖွယ် တကယ့်အဖြစ်အပျက်

* လူ့ဘောင်လောက လူသားတို့တွင် အဆိုးဝါးဆုံးကား...
  ဣဿာမစ္ဆရိယစိတ် ဖြစ်သည်။
* ဣဿာမစ္ဆရိယ စိတ်ထားရှိသည့် သူသည် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းဖြင့် ယခုမျက်မှောက်ဘဝတွင်လည်း ဆင်းရဲခြင်းကြီးစွာ ဖြစ်ရ၏။
  နောင် တမလွန် ဘဝတွင်ကား ပြောဖွယ်ရာ မရှိတော့ပြီ။
* မျက်စိနှစ်ကွင်း အလင်းမရ ဖြစ်ခဲ့ရပြီး ဒုက္ခိတ ဘဝဆိုးသို့ ရောက်ခဲ့ရသော ချစ်သမီးအား ဖခင်ဖြစ်သူက မျက်မှောက်ဘဝတွင် ခံစားနေရသော ဝေဒနာများအတွက် ဖြေသိမ့်ပေးသော ဓမ္မစာပဒေသာ။

ဆရာ ဝဏ္ဏသီရိ စီစဉ်တင်ဆက်သည့် ဓမ္မစာပဒေသာ

မောင်စန်းသော် (အထူးကု ဆရာဝန်ကြီး ဦးခင်မောင်ရီ)

ရေးသားသည့်

# ချစ်သမီးသို့

## ထွက်ပါပြီ။

တစ်အုပ် - ၂၅၀/-

စပယ်ဦးစာပေဖြန့်ချီရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

စာမူခွင့်ပြုချက်အမှတ် (၂၂၆/၂၀၀၄) (၃)

◆ အရက်သည် သောက်တတ်လျှင် ဆေး၊
မသောက်တတ်လျှင် ဘေးဖြစ်သည်ဟု ဆိုကြ၏။

◆ အရက်ကြောင့် လူကျန်းမာ၍ စိတ်ချမ်းသာသူများ ရှိသလို...

◆ အရက်ကြောင့် ဘဝပျက်သွားကြရသူများလည်း ရှိကြ၏။
ထို့ကြောင့်...

◆ အရက်၏ ကောင်းကျိုး ဆိုးကျိုးကို သိရှိစေမည့်...

# လူနဲ့ အရက်

စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး
ပြုစုသည်။

**စာအုပ်အမှတ် (၁) (၂) တစ်ပြိုင်တည်း**

**ထွက်ပါပြီ။**

**တစ်အုပ် - လေးရာကျပ်။**

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

စာမူခွင့်ပြုချက်အမှတ် (၁၁၁၇/၂၀၀၃) (၁၁)

- လောကမှာ ငွေရှိရင် ဘာမဆိုဖြစ်နိုင်သည်ဟုလည်း ဆိုကြ၏။
- ငွေသည် အရာရာကို အောင်မြင်ပြီးမြောက်စေ၏ဟုလည်း ဆိုကြ၏။
- ငွေကို လမ်းခင်းသွားလျှင် လိုရာခရီးကို ချောမောစွာ ရောက်စေနိုင်သည်ဟုလည်း ဆိုကြ၏။
- သို့သော်...
  ငွေကြောင့် ကောင်းကျိုး၊ ဆိုးကျိုးအမျိုးမျိုး ခံစားရပြီး ဘဝပျက်သွားခဲ့ရသူများအကြောင်းကို သိရှိရမည့်...

# လူနဲ့ ငွေ

စပယ်ဦး စာတည်းအဖွဲ့ဝင်တစ်ဦး

ပြုစုသည်။

**စာအုပ်အမှတ် (၁) (၂) တစ်ပြိုင်တည်း**

**ထွက်ပါပြီ။**

**တစ်အုပ် – ငါးရာကျပ်။**

**စပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။

(ဖုန်း – ၃၈၃၃၆၃)

စာမူခွင့်ပြုချက် အမှတ် (၃၉/၂၀၀၂) (၉)

"ရယ်သောသူသည် အသက်ရှည်၏"
အသက်ရှည်လိုသော် ဤစာအုပ်ကို ဖတ်ပါ။

* မီးရထားပေါ်မှာပဲ ဖြစ်ဖြစ်...
* ကားပေါ်မှာပဲ ဖြစ်ဖြစ်...
* သင်္ဘောစီးသွားရင်းပဲ ဖြစ်ဖြစ်...
* ရုံးမှာ အလုပ်ကိစ္စအတွက် စောင့်ဆိုင်းနေရင်း ဖြစ်ဖြစ်...
  အပျင်းပြေလည်း ပြေ၊ ဗဟုသုတလည်း ဖြစ်၊
  အချိန်ကို တန်ဖိုးရှိရှိနဲ့ အသုံးချပြီး ဖတ်ဖို့ စာအုပ်။

ကလေး၊ လူငယ်၊ လူကြီး အရွယ်မရွေး ဖတ်ရှုနိုင်သည့်

# မြန်မာ့ရိုးရာ ရယ်စရာပုံပြင်များ

**စပယ်ဦး စာတည်းအဖွဲ့ဝင်တစ်ဦး**
**ပြုစုသည်။**

**စာအုပ်အမှတ် (၁) (၂) (၃)**

**တစ်အုပ် – သုံးရာကျပ်။**

## ထွက်နေပါပြီ။

**စပယ်ဦးစာပေဖြန့်ချိရေး**
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း – ၃၈၃၃၆၃)

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၆၁၈/၂၀၀၂) (၁၁)

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူသည်မှ စ၍
ပရိနိဗ္ဗာန်ပြုသည့်တိုင်အောင် (၄၅) ဝါ ကာလပတ်လုံး
အမျိုးမျိုးသော မေးခွန်း၊ ပဋ္ဌာ၊ ပြဿနာများကို
ပြေလည်အောင် ဖြေကြားတော်မူခဲ့သည့် ...

# ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ

ဆရာကြီး ဒဂုန်ဦးစန်းငွေ
ပြုစုသည်။

ပထမတွဲ (၁၊ ၂၊ ၃) ပေါင်းချုပ် ၁၂၀၀/-
ဒုတိယတွဲ (၄၊ ၅) ပေါင်းချုပ် ၁၀၀၀/-

ထွက်ပါပြီ။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

စာမူခွင့်ပြုချက်အမှတ် (၂၅/၂၀၀၄) (၃)

ဤဒွန္နယာမှာ– သင်က သူများကို နိုင်လျှင်
သင့်ကိုလည်း အလ္လာဟ်အရှင်မြတ်က နိုင်တတ်ပါသည်။

※ အလ္လာဟ်အရှင်မြတ်
အရှင်မြတ်၏ မဟာကရုဏာ တံခါးတော်ကို
ကျွန်တော်မျိုးအား ဖွင့်ပေး သနားတော်မူပါ။

※ ဆရာကြီး သခင်ဘသောင်း ဘာသာမပြန်ရသေးသော ပုံဝတ္ထုများကို မြန်မာစာပေစင်မြင့်တွင် **"တစ်ထောင့်တစ်ည"** ပုံပြင်များ (အစ–အဆုံး) ရှိစေရန် စပယ်ဦးစာပေမှ စီစဉ်ထုတ်ဝေသွားပါမည်။

## ကျော်လှိုင်ဦး

မြ န် မာ ပြ န်

# တစ်ထောင့်တစ်ည

## ပုံပြင်များ

**အတွင်းသရုပ်ဖော်ပေါင်း များစွာဖြင့်**
**မြိုင်မြိုင်ဆိုင်ဆိုင် ထူးထူးခြားခြားနှင့် ထွက်နေပါပြီ။**

**နိုင်ငံခြား စက္ကူချောဖြင့် ရိုက်နှိပ်ထားသည်။**

**စာအုပ်အမှတ် (၁) တစ်အုပ် ( ၁၅၀၀ိ )**
**စာအုပ်အမှတ် (၂) တစ်အုပ် ( ၁၀၀၀ိ )**
**စာအုပ်အမှတ် (၃) တစ်အုပ် ( ၁၀၀၀ိ )**
**စာအုပ်အမှတ် (၄) တစ်အုပ် ( ၁၀၀၀ိ )**
**စာအုပ်အမှတ် (၅) တစ်အုပ် ( ၁၀၀၀ိ )**

**စပယ်ဦးစာပေဖြန့်ချိရေး**
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း [illegible])

922,6-28
A1MMGB026226

# စပယ်ဦးစာပေဖြန့်ချိရေးတွင် မှာယူရရှိနိုင်သေးသော စာအုပ်များ

| စဉ် | စာရေးဆရာ | စာအုပ်အမည် | စာအုပ်တန်ဖိုး |
|---|---|---|---|
| ၁။ | လင်းယုန်သစ်လွင် | ထိုင်း-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်း | ၁၂၀ဝိ |
| ၂။ | ပါမောက္ခ ဦးဖေမောင်တင် | မြန်မာစာပေသမိုင်း | ၁၀၀ဝိ |
| ၃။ | ဒဂုန်ဦးစန်းငွေ | ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော မေးခွန်းနှင့်ပြဿနာများ(၁၊၂၊၃) | ၁၂၀ဝိ |
| ၄။ | ဒဂုန်ဦးစန်းငွေ | ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော မေးခွန်းနှင့်ပြဿနာများ (၄၊၅) | ၁၀၀ဝိ |
| ၅။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ပိဋကတ် အနှစ်ချုပ် သုတ္တန်ပါတ် | ၁၀၀ဝိ |
| ၆။ | ဆရာကြီးဦးရန်အောင် | ချမ်းသာကြည်အေးအိမ်ထောင်ရေးနှင့်အိမ်ထောင်ရေးလမ်းညွှန် | ၃၀ဝိ |
| ၇။ | ချောင်းဦး မောင်စန္ဒာ | စွယ်စုံနီတိကထာ | ၅၀ဝိ |
| ၈။ | နိုင်ပြည်သူ | ကောင်းကျိုးချမ်းသာအဖြာဖြာ မင်္ဂလာအဘိဓာန် | ၆၀ဝိ |
| ၉။ | ဆရာကြီး ရွှေဥဒေါင်း | တစ်ချိန်က ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများ | ၆၀ဝိ |
| ၁၀။ | ဆရာဦးကျော်ထင် | သာသနာတော်၌ ထင်ရှားသော ဆရာတော်ဘုရားကြီး (၉)ပါး | ၇၀ဝိ |
| ၁၁။ | ဆရာဦးကျော်ထင် | သာသနာတော်၌ ထင်ရှားသော ဆရာတော်ဘုရားကြီး (၁၉)ပါး | ၇၀ဝိ |
| ၁၂။ | ဆရာဦးကျော်ထင် | ရတနသုတ် တန်ခိုးတော် | ၄၀ဝိ |
| ၁၃။ | အရှင်ဓမ္မရက္ခိတ | နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ် | ၂၅ဝိ |
| ၁၄။ | ညိုမြ | ခေတ်စမ်းစာများ | ၃၀ဝိ |
| ၁၅။ | ဝဏ္ဏသိရိ | သားတော်မြတ်စွာ ရာဟုလာ | ၂၅ဝိ |
| ၁၆။ | ဝဏ္ဏသိရိ | ညီတော်နန္ဒနှင့် နမတော်နန္ဒာ | ၅၀ဝိ |
| ၁၇။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည (၁) | ၁၅၀ဝိ |
| ၁၈။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည (၂) | ၁၀၀ဝိ |
| ၁၉။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည (၃) | ၁၀၀ဝိ |
| ၂၀။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည (၄) | ၁၀၀ဝိ |
| ၂၁။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည (၅) | ၁၀၀ဝိ |
| ၂၂။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | လှူနဲ့ ငွေ | ၅၀ဝိ |
| ၂၃။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | လှူနဲ့ ငွေ (၂) | ၅၀ဝိ |
| ၂၄။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | လှူနဲ့ အရက် | ၄၀ဝိ |
| ၂၅။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | လှူနဲ့ အရက် (၂) | ၄၀ဝိ |
| ၂၆။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | မြန်မာ့ရိုးရာရယ်စရာ ပုံပြင်များ (၁) | ၃၀ဝိ |
| ၂၇။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | မြန်မာ့ရိုးရာရယ်စရာ ပုံပြင်များ (၂) | ၃၀ဝိ |
| ၂၈။ | စပယ်ဦးစာတည်းအဖွဲ့ဝင်တစ်ဦး | မြန်မာ့ရိုးရာရယ်စရာ ပုံပြင်များ (၃) | ၃၀ဝိ |

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။ (ဖုန်း - ၃၈၁၁၆၃)



သာသနာတော်၌ ထင်ရှားသော

# ဆရာတော်ဘုရားကြီး (၁၉) ပါး

## ဆရာဦးကျော်ထင်

ရေးသားပြုစုသည်